
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**မရဏာကြေး**

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၉၀၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၃၉၄၀၄၁၀

ဓါတ်ပုံ
ကိုဖြိုး

ပထမအကြိမ်
၂၀၁၀-ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၁၀၀၊ တန်ဖိုး - ၁၀၀

ထုတ်ဝေသူ
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ်(၁၀)၊ ရတနာပြိုင်လမ်း၊ ၁၂ရပ်ကွက်၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့

အဖုံးအတွင်း
ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ်(၁၇၁)၊ ၃၃-လမ်း အထက်၊ ရန်ကုန်မြို့

မင်းပုည ၈၉၅- ၈၃
မရဏာကြေး / မင်းပုည။ -ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၀ ။
၁၃၀ - စာ ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ။
(၁) မရဏာကြေး

# မင်းပုည

# မရဏာကြေး

(သရဲလုံးချင်းဝတ္ထုစစ်စစ်)

**စိန်ပိုးဃံစာပေ**

အမှတ်(၃၀)၊ လမ်း-၉၀၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ စိတ်ချောက်ချားဖွယ်ရာည

၂။ မမေ့နိုင်စရာအတိတ်ဟောင်း

၃။ ပုန်းအောင်းနေသောဒေါင်းပျံ

၄။ ပုန်းနေသောလူသတ်ကောင်ပြန်ပေါ်လာခြင်း

၅။ လူသတ်ကောင်ကိုတွေ့အောင်ရှာမည်

၆။ သွေးပျက်စေသောည

၇။ အခဲအကြေရန်ငြိုး

၈။ ဟိုတောင်တန်းသို့လှမ်းလာခဲ့ပြီ

၉။ တောင်၏မာယာဝက်ဘာ

၁၀။ သူတော်စင်အဘိုးအိုနှင့်တွေ့ကြုံခြင်း

၁၁။ ရွှေဖူးစာက်အကြောင်းရယ်

၁၂။ ဒေါင်းပျံကြောက်ရွံ့နေပြီ

၁၃။ အတိတ်ကကျူးလွန်ခဲ့သောမကောင်းမှု

၁၄။ ဒေါင်းပျံ၏ဘဝနိဂုံး

၁၅။ သေသူနှစ်ယောက်၏ဂိုအမျှပေးဝေခြင်း

၁၆။ မရဏကြွေးပေးဆပ်ရခြင်း

## အခန်း (၁)
## စိတ်ချောက်ချားဖွယ်ရာည

BURMESE CLASSIC .com

မဟူရာည။

ပတ်ဝန်းကျင်တစ်ခုလုံးမှာမည်းမှောင်ပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေချိန်တွင် ဆွဲဆွဲငင်ငင်အူလိုက်သော ချောက်ချားဖွယ်ရာ ခွေးအူသံ ပျံ့လွင့်လာခဲ့သည်။ ခွေးအူသံကြောင့် ဦးအောင်ချမ်းသည် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့ရသည်။

"အူး. . . ဝူး. . . ဝူး. . . "

"ဟင်း. . . ခွေးတွေကလည်း အူလိုက်တာ"

ဦးအောင်ချမ်း တီးတိုးရေရွတ်လိုက်မိသည်။ ပတ်ဝန်းကျင်သည် ခွေးအူသံများဖြင့် ဆူညံနေသည်။

"ဒီလောက်ခွေးတွေအူနေတာကို ခြောက်လှန့်မောင်းထုတ်တာ အုံ့ဩပါရဲ့ကွာ"

ဦးအောင်ချမ်းသည် ပတ်ဝန်းကျင်မှလူများကို အပြစ်တင် လိုက်သည်။ အချိန်က အတော်ညဉ့်နက်နေပြီ။ ဦးအောင်ချမ်းက တစ်အိမ်လုံးတွင် တစ်ယောက်တည်းအိပ်စက်နေခြင်းဖြစ်သည်။ သည်လိုဆူညံသော ခွေးအောင်သံတွေကို ကြားရတော့ စိတ်ထဲမှာ ချောက်ချားသလိုလို ဘာလိုလို ဖြစ်ရသည်။ အိမ်ခေါင်းရင်းအိမ်တွင် အိပ်စက်သော သာအောင်ထံမှ အိပ်ဟောသံကို သဲ့သဲ့ကြားနေရသည်။ ခြေရင်းအိမ်က ဦးအောင်ချမ်းအိမ်နှင့် အလှမ်းဝေးသဖြင့် ဘာသံမျှမကြားရ။ ဦးအောင်ချမ်းသည် မျက်စိကို ပြန်မှိတ်ပြီး အိပ်ပျော်သွားအောင်ကြိုးစားသည်။

www.burmeseclassic.com

"ခေါက်. . . ခေါက်. . . ခေါက်. . . ခေါက်"

ထိုအချိန်တွင် အိမ်ရှေ့မှ တံခါးခေါက်သံကို ဦးအောင်ချမ်း ကြားလိုက်ရသည်။ ဦးအောင်ချမ်းနားစွင့်နေလိုက်သည်။

"ခေါက်. . . ခေါက်. . . ခေါက်"

"အိမ်ရှေ့က ဘယ်သူလဲ၊ ညကြီးအချိန်မတော်. . ."

ဦးအောင်ချမ်းအိပ်ရာပေါ်တွင် ထထိုင်ပြီး အိမ်ရှေ့သို့ လှမ်းမေးလိုက်သည်။

"တံခါးဖွင့်ပါရှင်. . . တံခါးကိုသာ မြန်မြန်ဖွင့်ပေးပါ"

အိမ်အပြင်မှ ကြားလိုက်ရသောအသံကြောင့် ဦးအောင်ချမ်း တွေဝေသွားသည်။

"ဒီအသံကို ငါကြားဖူးသလိုလိုပဲ"

ဦးအောင်ချမ်း၏စိတ်ထဲမှ တွေးလိုက်မိသည်။ ရုတ်တရက် မည်သူ့အသံမှန်းစဉ်းစားမရအောင် ဖြစ်နေသည်။

"အပြင်မှာအေးလွန်းလို့ တံခါးမြန်မြန်ဖွင့်ပေးစမ်းပါရှင်၊ ကျွန်မ. . . ကျွန်မဒုက္ခရောက်လာလို့ပါ"

"ဖွင့်ပေးလို့ဖြစ်ပါ့မလား။ ညဥ့်လည်းအတော်နက်နေပြီ၊ ဒီအချိန် မိန်းကလေးတစ်ယောက်တည်း ငါ့အိမ်ကို ရောက်လာတာ မရိုးသားဘူး"

ထိုသို့သာပြောလိုက်ရပေမယ့် စိုးရိမ်ထိတ်လန့်စိတ်တွေက လွှမ်းမိုးနေသည်။ ကြက်သီးများထလာသည်။

"အူး. . . ဝူး. . . ဝူး"

ထိုအချိန်တွင် ခွေးအူသံများ ဆူညံစွာပေါ်ထွက်လာသည်၊ ဦးအောင်ချမ်းသည် ကြက်သီးဖြန်းဖြန်းထလာသည်။ မျက်နှာတွင် ချွေးသီး ချွေးပေါက်များ ထွက်ကျလာသည်။

"ခေါက်. . . ခေါက်. . . ခေါက်"

အိမ်ရှေ့မှ တံခါးခေါက်သံကို ထပ်မံကြားရပြန်သည်။ ဦးအောင်ချမ်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။ အိမ်အပြင်သို့သာ နားစွင့်နေမိသည်။

"ဖွင့်ပေးရင်လည်း ကျွန်မဘာသာကျွန်မ ဝင်လာခဲ့တော့မယ်"

"ဟင်"

"ဝုန်း"





မိန်းကလေးအသံနှင့်အတူ အိမ်ရှေ့ကျွန်းတံခါးကြီး အရှိန်ပြင်းစွာ ပွင့်ထွက်သွားသည်။

"ဒုန်း"

တံခါးမကြီးက ကြမ်းပြင်ပေါ်သို့ ဖရိုဖရဲ ပြုတ်ကျသွားသည်။ တံခါးမင်းတုန်းသည် ကျိုးပဲ့လွင့်စင်သွားပြီးနောက် စူးဝါးတဲ့အနံ့များ အခန်းတွင်းသို့ ဝင်ရောက်လာသည်။

"ဟင်း. . . ပုပ်. . . ပုပ်စော်နံလိုက်တာ၊ ဟုတ်ပါရဲ့. . . ပုပ်စော်နံလိုက်တာ. . ."

ဦးအောင်ချမ်း၏အိမ်ထဲတွင် ရေနံဆီမီးအိမ်ကို ထွန်းညှိထား သည်။ အလင်းရောင်ကမှိန်ပျပျ ဖြာကျနေသည်။ ဦးအောင်ချမ်းသည် အိမ်ရှေ့တံခါးပေါက်သို့ စူးစူးစိုက်စိုက် ကြည့်နေမိသည်၊ အနံ့ကြောင့် အော့အန်ချင်သလိုဖြစ်လာသည်။ လာမယ့်ဘေးပြေးတွေ့လိုက်တာ ကောင်းမယ်ဆိုသည့် စိတ်တူးကြောင့် ဦးအောင်ချမ်းသည် ခြင်ထောင်ထဲမှ ထွက်လိုက်၏။

အလွန်တုန်လှုပ်အံ့သြနေသည်။ ကျိုးပဲ့ပျက်စီးသွားတဲ့ တံခါးပေါက်မှ မိန်းကလေးတစ်ဦး ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရသည်၊ ထိုမိန်းကလေးကိုကြည့်ပြီး ဦးအောင်ချမ်း အံ့သြသွားရသည်။

"ဟင်. . . မင်း. . . မင်း. . ."

မိန်းကလေး၏မျက်နှာက ဖူးယောင်နေပြီး မျက်ခွံမှာ္ဘးက မို့အစ်နေသည်။ အသားအရေများက ပွယောင်းပြီး အက်ကွဲကာ အရည်များ ထွက်နေသည်။ ထိုအရည်များက ကြမ်းပြင်ပေါ်သို့ တစ်စက်တခ်စက် ထွက်ကျနေသည်။

မိန်းကလေးကရှေ့တိုးလာပြီး သူ့၏လက်ကို လှမ်းဆွဲသည်၊ မိန်းကလေး၏လက်များက ရေခဲတုံးပမာ အေးစက်နေသည်။ မိန်းကလေးက ဦးအောင်ချမ်းကို လှမ်းဖက်ရန် ကြိုးစားနေသည်၊ ဦးအောင်ချမ်းက အထိတ်တလန့် အော်လိုက်မိသည်။

"အောင်မလေး. . . ကယ်ကြပါဦး"

ဦးအောင်ချမ်းအိပ်ပျော်နေရာမှ လန့်နိုးသွားသလိုလို ဖြစ်နေသည်၊ တစ်ကိုယ်လုံးတုန်ရီနေသည်။ သူ့ရင်ခုန်နှုန်းက အဆမတန်မြန်နေသည်၊ မျက်နှာတွင် ချွေးများစိုရွှဲနေသည်။ ထိုစဉ်မှာပင် အိမ်ရှေ့တံခါးကို ဒုန်းရိုက်သံ အဆက်မပြတ် ထွက်ပေါ်လာ၏။

"ဒုန်း. . . ဒုန်း. . . ဒုန်း"

www.burmeseclassic.com

"ဦးလေးအောင်ချမ်း. . . တံခါးဖွင့်လေ၊ တံခါးဖွင့်. . ."

တံခါးကို ထုရိုက်သံကြောင့် ဦးအောင်ချမ်း စိတ်သက်သာရာ ရသွားသည်။ သွေးပျက်ဖွယ်အိပ်မက်ဆိုးကြောင့် ဦးအောင်ချမ်း တစ်ကိုယ်လုံးတွင် ချွေးများစိုရွှဲနေပြီး ကြောင်အမ်းအမ်းဖြစ်နေသည်။

"ဒုန်း. . . ဒုန်း"

"ဦးလေး တံခါးဖွင့်လေ၊ တံခါးဖွင့်ပေးဦး"

အိမ်အပြင်ဘက်မှ တံခါးဖွင့်ခိုင်းနေသော သာအောင်၏ အသံကြောင့် ဦးအောင်ချမ်း အိပ်ရာထဲမှ ထွက်လာခဲ့သည်။

"သာအောင်ရေ. . . ငါလာပြီဟေ့"

တုန်လှုပ်ချောက်ချားနေသော ဦးအောင်ချမ်းမှာ တုန်ရီနေသည့် လက်များဖြင့် အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

"ဘာဖြစ်တာလဲ ဦးလေး၊ ဦးလေးအော်နေသံကြားလို့ အိပ်ရာထဲက ကျွန်တော်လန့်နိုးလာတာ"

"ဒီ. . . ဒီည. . . ခွေးအူသံတွေကြောင့် ငါအိပ်ပျော်သွားလိုက် နိုးလာလိုက်နဲ့ အိပ်မက်မက်တာ အိပ်မက်က တကယ့်ကြောက်စရာကြီး ကွာ. . . ဟင်း. . ."

သာအောင်က ဦးအောင်ချမ်း၏လက်မောင်းကို ဆုပ်ကိုင်ထားရင်းမှ ဦးအောင်ချမ်း၏မျက်နှာကို အကဲခတ်နေသည်။

"ဦးလေးကိုကြည့်ရတာ တော်တော်လန့်နေပုံပဲ။ ဘယ်လို အိပ်မက်တွေများ မက်လို့လဲ"

"ဟို. . . ဟို. . . ရွာမြောက်ပိုင်းမှာနေတဲ့ ဟိုမိန်းကလေး စိမ်းနွယ်လေ. . . မင်းသိတယ် မဟုတ်လား"

"သိသားပဲ၊ ဒီကောင်မလေး သေသွားတာ ဘာမှမကြာသေး ဘဲ။ တလောကပဲ သူ့အမေဒေါ်စိန်မြက ထပ်ဆုံးသွားသေးတယ်။ သမီးနဲ့ အမေက ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားတော့ စိမ်းနွယ်အဖေ ဦးအေးမောင်ကြီး စိတ်ဝေဒနာခံစားရပြီး ဟိုလျှောက်သွား ဒီလျှောက်သွား ဖြစ်နေတယ်။ သနားပါတယ်ဗျာ၊ ဟိုးတစ်နေ့ကလည်း သချိုင်းဇရပ်ပေါ်မှာ သွားထိုင်နေတာ နွားကျောင်းသားလေးက မြင်လို့ ရွာကလူတွေကို လာပြောပြတယ်။ သူ့အိမ်ဘေးက ဘကြီးဦးထွန်းဇံနဲ့ ရွာသားတွေက ဦးအေးမောင်ကို အတင်းခေါ်လာရတယ်"

"အဲ့ဒီသေသွားတဲ့ စိမ်းနွယ်က ငါ့ဆီကို ရောက်လာလို့"





ဦးအောင်ချမ်းက ထိတ်ထိတ်ပျာပျာဖြင့် ပြောနေသည်။

"သူ့မျက်နှာတစ်ခုလုံးက ဖူးယောင်ပြီး တစ်ကိုယ်လုံး ပုပ်ပွ နေတာပဲ၊ ငါ. . . ငါ. . . ကြောက်လိုက်တာကွာ"

"အိပ်မက်ဆိုတာ သွေးလေချောက်ချားရင်လည်း မက်တတ် တယ် ဦးလေးရဲ့၊ အရင်က ဦးအေးမောင်က ဦးလေးဆီမှာ သူ့ရင်ငှား ထပ်သွားသေးတယ် မဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ပြီးတော့. . . အဲ့ဒီသေသွားတဲ့ စိမ်းနွယ်နဲ့ ဦးလေးရဲ့သား အောင်တို့ ချစ်ကြိုက်နေကြလို့ ဦးလေးက သဘောမတူခဲ့ဘူး မဟုတ်လား၊ အဲဒါကြောင့် စိမ်းနွယ်ကို ဦးလေးစိတ်စွဲလန်းပြီး မက်တာဖြစ်မှာပါဗျာ"

"အင်း. . . ဟုတ်မလား မသိပါဘူး"

ဦးအောင်ချမ်း၏မျက်နှာမှာ သွေးဆုတ်သည့်ပမာ ဖြူရော်ရော် ဖြစ်နေသည်။ သာအောင်က ဦးအောင်ချမ်းကို ရေခပ်တိုက်သည်၊ ဦးအောင်ချမ်း၏မျက်နှာက ကြောက်ရွံ့နေသည့် အသွင်ကို ဆောင်နေသည်၊

"သာအောင်. . . ဒီည မင်း ငါ့အိမ်မှာ လာအိပ်ပေးကွာ၊ ငါစိတ်တွေချောက်ချားနေလို့ မနက်ဖြန်တော့ ငါ့သားလေးတိုးကျော် အန်ရောင်းသွားရာက ပြန်ရောက်လာတော့မယ် ထင်တယ်"

"ကျွန်တော် အပေါ်ထပ်က တိုးကျော်အခန်းထဲမှာ ခေါင်းအုံးနဲ့ စောင် သွားယူလိုက်ဦးမယ်ဦးလေး"

"နေပါစေ. . . မယူနဲ့တော့၊ ငါ့အခန်းထဲမှ အပိုရှိနေတာပဲ။ သွား. . . တံခါးပိတ်လိုက်ပါဦး"

သာအောင်က အိမ်ရှေ့တံခါးကို သွားပိတ်လိုက်သည်။ ဦးအောင် ချမ်းက အဖော်ရှိနေသဖြင့် အကြောက်ပြေသွားဟန်ဖြင့် သူ့ အိပ်ယာဆီသို့ လျှောက်သွားသည်။ သာအောင်က. . .

"ဦးလေးအိပ်ပျော်အောင် အိပ်လိုက်လေ၊ ဦးလေးအိပ်ပျော် သွားတော့မှ ကျွန်တော်အိပ်ပါ့မယ်"

သာအောင်က ရေနွေးကြမ်းထိုင်သောက်နေသည်။ ဦးအောင် ချမ်းက ခေါင်းကိုလျှော့ချပြီး အိပ်စက်သွားသည်။ သာအောင်က ဦးအောင်ချမ်း အိပ်ရေးနိုးလာလျှင် ကြောက်ရွံ့နေမည်စိုး၍ ရေနံဆီမီးအိမ်ကို မီးစာမြှင့်၍ ထွန်းထားလိုက်သည်။ ပြီးမှ ဦးအောင်ချမ်း၏ ဘေးနားတွင် မှေးခနဲအိပ် ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်အာရုံတက်ချိန်တွင် ဦးအောင်ချမ်းအိပ်ရာမှ နိုးလာသည်။ သာအောင်တ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲဖြစ်သည်။ ဦးအောင်ချမ်းတ ညက အိပ်မက်ကို ပြန်လည်စဉ်းစားပြီး ကြောက်နေမိသည်။ သူ့ သားကြီး မိုးကျော်ကိုလည်း သတိရသွားမိသည်။ ကုန်လွန်ခဲ့ပြီးသောအတိတ်ကို မစဉ်းစားဘဲ ပြန်လည်သတိရသွားသည်။

◆◆◆



## အခန်း (၂)
## မမေ့နိုင်စရာ အတိတ်ဟောင်း

ထောင့်ကြီးရွာမှာ ပုသိမ်ခရိုင်အတွင်း တည်ရှိပြီး လူနေစည်ကားသော ရွာကြီးတစ်ရွာ ဖြစ်လေ၏။ ထိုထောင့်ကြီးရွာမှာ သာပေါင်းမြို့နယ်အပိုင်ဖြစ်ပြီး တစ်ဖက်ကမ်းတွင် ငါးသိုင်းချောင်းမြို့ ရှိလေသည်။

ထောင့်ကြီးရွာနှင့် ငါးသိုင်းချောင်းကို ဝေန်မြစ်က အလယ်မှ စည်းခြားထားသလို ဖြတ်သန်းစီးဆင်းနေသည်။ ထောင့်ကြီးရွာမှ ခြေလျင်ဖြစ်စေ၊ လှည်းဖြင့်ဖြစ်စေသွားလျှင် ပန်းပုတ်ကွင်း၊ ခင်တန်းဆတ်ခုပ်၊ ဖျဉ်းကိုးပင်အစရှိသော ရွာများသို့ ရောက်နိုင်လေသည်၊ ထိုရွာများသည် ရိုးမနှင့် နီးသောရွာများဖြစ်ကြလေ၏။

သို့ဖြင့်သည်အလျောက် သစ်ခုတ် ဝါးခုတ်သူများက ရိုးမတောင်ဘက်မှ သစ်၊ ဝါးများကို ခုတ်ပြီး ထောင့်ကြီးရွာသို့ လှည်းဖြင့် ချကြသည်၊ ထိုရွာမှတဆင့် ရိုးမကိုကျော်သွားလျှင် ရခိုင်ပြည်နယ် ဂွမြို့သို့ ရောက်လေသည်၊ ထို့ကြောင့် ထောင့်ကြီးရွာတွင် သစ်ကုန်သည် ဝါးကုန်သည်စသဖြင့် ကုန်သွယ်သူပေါများသည်။ ယက္ကန်း၊ လယ်ယာ ဥယျာဉ်လုပ်ငန်းများကြောင့် လူနေစည်ကားသည်။ သာယာဝပြောသော ရွာကြီးတစ်ရွာဖြစ်သည်။

မြစ်ကမ်း၊ ချောင်းမြောင်း၊ လယ်ယာ၊ ဥယျာဉ်လုပ်ငန်းများ ကြောင့်လည်း လက်လုပ်လက်စားသမားများက လာရောက်အခြေချ နေထိုင်ကြလေသည်။

ဦးအောင်ချမ်းက ထောင့်ကြီးရွာတွင် မသိသူမရှိသောတ် အောင်ဝင်

www.burmeseclassic.com

ထင်ရှားသည်။ လယ်ယာ၊ ဥယျာဉ်ခြံများစွာကို ပိုင်ဆိုင်သည့်အပြင် သစ်ကုန်သည်တစ်ဦးလည်း ဖြစ်သည်။ ရိုးမကိုကျော်ဖြတ်၍လည်း ကုန်သန်း ရောင်းဝယ်လေသည်။ ဦးအောင်ချမ်းမှာ ထောင့်ကြီးရွာ၏ ကြေးရတတ် လူချမ်းသာစာရင်းဝင် ရွာမျက်နှာဖုံး တစ်ဦးဖြစ်သည်။ သူ့တွင် သား နှစ်ယောက်ရှိ၏။ မိုးကျော်နှင့် တိုးကျော်တို့ဖြစ်သည်။ သူ့သားကြီးမိုးကျော်က သားငယ်တိုးကျော် ထက် အသက် (၈)နှစ်ခန့် ကြီးသည်။

ဦးအောင်ချမ်းက သူ့သားမိုးကျော်အရွယ်ရောက်ချိန်တွင် သူ့သားနှင့်အတူ ရိုးမတောင်သို့သွားကာ နေ့စားအလုပ်သမားများနှင့် သစ်ခုတ်သည်။ ရိုးမတောကိုကျော်၍ ကုန်သန်းရောင်းဝယ်သည်။ မိုးကျော်က ဦးအောင်ချမ်းအတွက် အစစအရာရာ အားကိုးရသည်။ မိုးကျော်သည် အသက်အရွယ်နှင့်မမျှအောင်ပင် သန်မာထွားကြိုင်းသည်။

ထောင့်ကြီးရွာ၏ အရှေ့ဘက်ထိပ်တွင်နေထိုင်သော ဦးအောင်ချမ်း၏ အိမ်ရှေ့တွင် ရွာမှ နွားလှည်း (၁၀)စီးစာ ရိုးမတောထဲတွင် သစ်ခုတ် သွားရန် စုဝေးရောက်ရှိနေကြလေ၏။ ဦးအောင်ချမ်းက ရှေ့ဆုံးမှလှည်းတွင် ထိုင်နေသည်။

လှည်းများကထွက်ရန် အဆင်သင့်ဖြစ်နေပြီမို့ ယခုအချိန်အထိ အိမ်ထဲမှ ထွက်မလာသေးသော မိုးကျော်ကို ဦးအောင်ချမ်းက စိတ်မရှည်ချင်တော့။

"သားကြီး အမြန်လာကွာ. . . ဒီမှာ လှည်းတွေ ထွက်တော့မယ်"

"လာပါပြီ အဖေရ. . . လာပါပြီ"

မိုးကျော်က ကွမ်းယာကို ပလုတ်ပလောင်းဝါးရင်း ထွက်လာသည်။ လက်ထဲတွင် သွားလေရာအမြဲပါသည့် ရိုင်ဖယ်သေနတ်ကြီးကို ကိုင်ဆွဲ လာသည်။ သူ့အဖေဦးအောင်ချမ်းက သူ့သားကြီးမိုးကျော် ပူဆာလွန်းသဖြင့် လိုင်စင်ဖြင့် ကိုင်ခွင့်ရရန် ဆောင်ရွက်ပေးထားရသည်။ မိုးကျော်က အမဲပစ်လည်း ဝါသနာပါသည်။

"ကဲ. . . ထွက်ကြမယ်ဟေ့. . . နေမမြင့်ခင်သွားနိုင်မှ ကျောပူတာ သက်သာမယ်။ ငါ့သားကြီးမိုးကျော်က တောထဲသွားမယ်ဆိုကာမှ အိမ်ထဲမှာ အလှပြင်နေရသလား မသိပါဘူး"

ဦးအောင်ချမ်းက စိတ်မရှည်စွာဖြင့် ပြောသည်။

"အိမ်ထဲမှာ ကွမ်းယာနေတာပါ အဖေရ"





လှည်းတန်းကြီးက ရွာထဲမှ မောင်းထွက်လာခဲ့သည်။

"ဟဲ့. . . နွားပြာကောင်ကြီး၊ တယ်လေ. . . သွားစမ်း"

ဦးအောင်ချမ်းက ရိုးမတောတစ်ခွင် နယ်မြေကျွမ်းကျင်လွန်းသော ဦးတာပေါ်ဆိုသော အသက်ငါးဆယ်အရွယ်ခန့်ရှိ လူကြီးကို သစ်ခုတ် သမားခေါင်းဆောင်အဖြစ် ဆရာတင်ထားလေသည်။ လှည်းတန်းကြီး မောင်းထွက်လာကြစဉ်. . .

"ရိုးမတောမှာ သစ်ခုတ်သွားမယ့်သူတွေ ခဏနေကြဦးဟေ့"

လှည်းတန်းကြီး၏ အနောက်ဘက်မှ အောင်မြင်ခန့်ညားသော အသံဖြင့် ဟန့်တားသောအသံကို ကြားလိုက်ရသဖြင့် လှည်းများမှာ တုံ့ခနဲ ရပ်တန့်သွားကြလေ၏။ ထိုရွာမှ သူကြီးဦးသာထွန်း၏ အသံမှန်းအားလုံး သိလိုက်ကြသည်။

"ဘာများလဲ. . . သူကြီးရဲ့"

ဦးအောင်ချမ်းက လှည်းပေါ်တွင်ရပ်ကာ လှမ်းမေးသည်။

"မင်းတို့ကို သတိပေးစရာရှိလို့ပေါ့ကွ"

သူကြီးဦးသာထွန်းက ဦးအောင်ချမ်း၏ လှည်းအနီးသို့ ရောက် လာသည်။

"တခြားတော့ မဟုတ်ဘူး။ မင်းတို့သစ်သွားခုတ်မယ့် သစ်ကြ ခင်သန်းရဲ့ မနီးမဝေးမှာ ဆင်ဆိုးတစ်ကောင် သောင်းကျန်းနေလို့ပဲကွ"

သူကြီးဦးသာထွန်း၏စကားကြောင့် လှည်းသမားအားလုံးတ ငြိမ်သက်စွာ နားထောင်နေမိကြလေ၏။

"ကျုပ်လည်း ဒီသတင်းကို ခပ်သဲ့သဲ့တော့ ကြားမိပါတယ် သူကြီး"

"သဲ့သဲ့မကြားနဲ့ ကိုအောင်ချမ်း၊ ဒီသတင်းက အနံ့အသက် ကျွတ်ကျွတ်ဖြစ်နေတာဗျ။ ဆင်ဆိုးကြီးနာမည်က ကြာရှမောင်တဲ့၊ အဲဒီ ဆင်ရဲ့ဦးကင်းနေရာမှာ ကြာအဖြူကွက်ကလေးပါတယ်ဆိုပဲ၊ သစ်ထုတ် လုပ်ရေးစခန်းက စွယ်စုံဆင်ကြီးပဲ"

"ဘာလို့ ဆင်ဆိုးဖြစ်သွားရတာလဲ"

"ပြီးခဲ့တဲ့ရက်ပိုင်းလောက်ကမှ အရိုင်းစိတ်ဝင်ပြီး လူနှင်ဆောင်ကို သတ်ပြီး ထွက်ပြေးသွားတာတဲ့"

"ဟာ. . . အဲသလိုဆိုရင် တကယ့်ဆင်ရိုင်းကြီး ဖြစ်သွားပြီပေါ့"

"အင်း. . . ဖြစ်သွားပြီ၊ အခုရက်ပိုင်းအတွင်းမှာ သူသတ်ဖြစ်

www.burmeseclassic.com

တာ လူလေးယောက်ရှိသွားပြီ"

"ကြောက်စရာကြီးပါလား သူကြီးရဲ့"

"ပထမ သူ့ကိုစီးနေတဲ့ ဆင်ဦးစီးကို နှာမောင်းနဲ့ဆွဲချပြီး နင်းသတ်ပစ်တယ်။ နောက်သူ့ကို သေနတ်နဲ့ပစ်တဲ့တောခေါင်းကို အစွယ်နဲ့ ထိုးသတ်ပစ်တယ်"

"သူ့ကို သေနတ်နဲ့ပစ်တယ်ဆိုတော့ ဒဏ်ရာရသွားမှာပေါ့"

ရွာသားတစ်ဦးက ဝင်မေးသည်။

"ဒဏ်ရာတော့ ရသွားတာပေါ့။ ဆင်ဆိုတာ သေအောင်ဝစ်နိုင်မှ၊ ဒဏ်ရာရသွားရုံဆိုရင် ဆင်က ပိုဆိုးသွားတာပေါ့"

"ကြာမောင်က ဒီသဘောမျိုးဖြစ်သွားတာပေါ့ ဟုတ်လား သူကြီး"

"ဟုတ်တာပေါ့၊ ကြာမောင်တ ဒဏ်ရာရသွားတော့ လူတွေ့ရင် သူ့ရန်သူထင်ပြီး လိုက်သတ်နေတာ ဖြစ်မှာပေါ့။ အဲဒီနားက ရွာတွေထဲဝင်ပြီး မွှေတာ တလေးနှစ်ယောက်ထပ်သေသွားတယ်လို့ကြားတယ်"

"ဒီလောက်သောင်းကျန်းနေတာကို သက်ဆိုင်ရာက ရှင်းမပစ်ကြဘူးလား"

"ရှင်းပစ်မှာပေါ့၊ ဒါပေမဲ့ အခုအချိန်အထိတော့ သက်ဆိုင်ရာ အာဏာပိုင်တွေကို အမိန့်တောင်းထားတုန်းလို့ သိရတယ်"

"သက်ဆိုင်ရာအာဏာပိုင်တွေကလည်း ဒီလောက်ဆိုးနေတဲ့ ဆင်ကြီးကို သတ်မိန့်ပေးမှာ သေချာပါတယ်"

"သူ့ကိုရှင်းမပစ်နိုင်သေးခင် တောင်ခြေက သစ်ခုတ်၊ ဝါးခုတ် သမားတွေကို သတိထားဖို့ ပြောတယ်"

တောတက်ပြီး သစ်ခုတ်မည့်ရွာသားများ ငိုင်တွေသွားကြသည်။

"ကဲ. . . သူကြီးပြောတာ အားလုံးကြားတယ်နော်။ လိုက်ရဲတဲ့ သူလိုက်ခဲ့ကြ၊ မလိုက်ရဲတဲ့သူ နေခဲ့ကြ"

ဦးအောင်ချမ်းက ရွာသားများကို အော်ပြောသည်။

"ကျွန်တော်နဲ့တွေ့လို့ကတော့ ဆင်ဆိုးကြီးကြာမောင် ဆက်ပြီး သက်ဆိုးမရှည်စေရဘူး။ စိတ်ချ. . . သူကြီး"

မိုးကျော်က ပြောသည်။

"ဟာ. . . ဟေ့. . . ကိုအောင်ချမ်းသားမိုးကျော်၊ တော့တော့ ဆိုင်ဆိုင်တွေ့လို့ သူကရန်မူမယ်ထင်မှ ပစ်ရမယ်နော်။ မင်းတလည်း မုဆိုး





သူတဆင်ဆိုးဆိုပြီး တကူးတကလိုက်ရှာပြီး မပစ်ရဘူး။ မင်းမှာ အသက်တ အခါန့်မရဘဲ ပစ်ခွင့်မရှိဘူး"

"ဟုတ်ကဲ့. . . ဒါတွေ ကျွန်တော်သိပါတယ်"

"ကဲ. . . ဟေ့. . . သွားကြမယ်"

"ကဲ. . . သွားကြ၊ သတိဝီရိယတော့ ရှိကြပစေ"

လှည်းတန်းကြီးက ဆက်လက်ထွက်ခွာလာသည်။

"မျက်စိရှင်ရှင်၊ နားရှင်ရှင် ထားပေါ့ဟုတ်လား"

သူကြီးဦးသာထွန်း၏ လှမ်းအော်ပြီးသတိပေးနေသည့် အသံတ လှည်းတန်းကြီး၏နောက်တွင် ဝေး၍ကျန်ခဲ့လေပြီ။ ဦးအောင်ချမ်းတို့ သစ်ခုတ်သမားအဖွဲ့က ရိုးမတောထဲသို့ ရောက်လာကြသည်။

ထိုအချိန်တွင် ကြာမောင်က နှာမောင်းမိုးပေါ်သို့ထောင်ပြီး လူနံ့တို ခံသည်၊ ကြီးမားသောနားရွက်အစုံက လူသံကိုနားစွင့်၏။ သူ၏ ထုထည် ကြီးမားသော ကိုယ်လုံးကြီးကို ဝါးရုံတောများ၊ သစ်ပင်ကြီးများကို အတား အဆွယ်ပြု၍ တရွေ့ရွေ့လျှောက်လှမ်းလာသည်။

ကြာမောင်သည် လွန်ခဲ့သော (၁၀)ရက်ခန့်မှစ၍ လူအများနှင့် ဝေးရာသို့ ခြေဦးလှည့်လာခဲ့လေသည်။ လူအများနေထိုင်ရာ သစ်ထုတ် လုပ်ရေးစခန်းများ၊ ရွာများ၊ စိုက်ကွင်းများကို ရှောင်ကွင်းကာ တောနက် ထဲသို့ ဦးတည်လာခဲ့သည်။

လူအများက သူ့ကို လူသတ်သမား၊ အန္တရာယ်ကောင်ဟု သတ်မှတ် ထိုက်သည်ကို သူသဘောပေါက်သွားသည်။

ဤရာသီတွင် ရိုးမတောသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ ဝေဆာနေလေပြီ။ သူ့ရှေ့ကိုက်တစ်ရာခန့် တောအုပ်အတွင်းမှ ရွက်နုတို့၏ နံ့က သူ့ကိုဖိတ်ခေါ်နေသယောင်ယောင်၊ သူကလှမ်း လာခဲ့ရင်း အမြင့်မှ သစ်တိုင်းတို့ကို နှာမောင်းဖြင့်လိမ်ဆွဲချိုးပစ်လိုက်သည်။

ဖျောင်းကနဲ သစ်ကိုင်းကျိုးကျသံများက ပတ်ဝန်းကျင်တစ်ခွင်လုံးသို့ ပဲ့တင်ထပ်သွားသည်။ နောက်ထပ်သစ်တိုင်းတစ်ခုကို ချိုးမည်ပြုစဉ် သူ၏ နှာမောင်းကလေထဲတွင် ရပ်တန့်သွားရသည်။ အန္တရာယ် အနံ့၊ လူအနံ့တို့ ကိုခံစားသိရှိလိုက်ရသည်။ သူကလှည့်ပတ်ပြီး အန္တရာယ်ကို ရှာဖွေသည်။

တွေ့ပါပြီ၊ သူ၏ဝဲဘက်ကိုက်တစ်ရာခန့်အကွာတွင် သစ်ဝင် ထားနေသော လူသားနှစ်ဦး။ သူ၏စွင့်ကားနေသော နားနှစ်ဖက်ဆီသို့ လူသံ တွေသဲ့သဲ့တိုးဝင်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

"သစ်ကိုင်းကျိုးသံကြားရသလိုပဲ အဖေ"

မိုးကျော်က တောအုပ်အတွင်းသို့ ရှာဖွေကြည့်ရှုနေမိသည်။

"ဟုတ်တယ်. . . သား၊ အဖေလည်း ကြားမိသလိုပဲ"

မိုးကျော်က သစ်ပင်ခုတ်နေသည့်ပုဆိန်ကို ခါးတွင်ထိုးလိုက်ပြီး သစ်ပင်တွင်ထောင်ထားသော သေနတ်ကို ကောက်ကိုင်လိုက်သည်။ မိုးကျော်က မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်ပေါ်သို့ တက်သွားပြီး ဟိုးအဝေးသို့ လှမ်းကြည့်သည်။

"အဖေ. . . ဟိုမှာ ကြာမောင်ကြီးနဲ့တူတယ်"

"ဟင်. . . ဟုတ်လား၊ ဘယ်မှာလဲ"

ဦးအောင်ချမ်းကလည်း သစ်ပင်ပေါ်သို့ ဖက်တက်လာပြီး သူ့သား မိုးကျော် ညွှန်ပြရာသို့ ကြည့်သည်။

"ဟုတ်တယ်. . . အဲဒါ ကြာမောင်ဆိုတဲ့ ဆင်ကြီးပဲ ဖြစ်ရမယ်"

"ကျီ"

ကြာမောင်ကလည်း အန္တရာယ်လူသားနှစ်ဦးကိုတွေ့သွားပြီးမို့ နှာမောင်းကို မိုးပေါ်သို့ထောင်ကာ စိန်ခေါ်သံပေးလိုက်သည်။ မိုးကျော်က သစ်ပင်ပေါ်မှ ခုန်ချသည်။

"အဖေ. . . ကျွန်တော်တို့ပြေးကြရအောင်"

"အေး. . . ပြေးကြတာပေါ့"

"အဖေပြေးနှင့်၊ ကျွန်တော်ဆင်ရိုင်းကြီးရဲ့အခြေအနေကို စောင့်ကြည့်လိုက်ဦးမယ်။ ကျွန်တော့်ကို အန္တရာယ်ပြုဖို့ပြေးလာရင်တော့ သေနတ်နဲ့ အသေဆော်ထည့်လိုက်မယ်"

"မင်းမနေပါနဲ့ သားရယ်၊ အဖေတို့ ပြေးကြရအောင်ပါ"

မိုးကျော်က သူ့အဖေဦးအောင်ချမ်း၏စကားကို နားမထောင် ကြာမောင်ရှိရာသို့ ရိုင်ဖယ်သေနတ်ကို ထိုးချိန်လိုက်သည်။

"သားရယ်. . . မပစ်ပါနဲ့၊ မပစ်ပါနဲ့ကွယ်"

ဦးအောင်ချမ်းက သားဖြစ်သူကို တားသည်။ သို့သော် မိုးကျော်က သေနတ်ခလုတ်ကို ဖြုတ်ချလိုက်သည်။

"ဒိုင်း"

"ဒိုင်း"

မိုးကျော်က ကြာမောင်၏ဦးခေါင်းကို နှစ်ချက်ဆင့်၍ ပစ်ခ လိုက်သည်။





"ဝူး"

သေနတ်ကျည်သံက ကြာမောင်၏ဦးခေါင်းကို ရှပ်ထိသွားသဖြင့် သွေးများစီးကျလာကာ ဆူညံစွာအော်ဟစ်လိုက်သည်။

"ဝူး. . . ဝူး"

ကြာမောင်သည် ဒေါသပိုကြီးသွားကာ မိုးကျော်ထံသို့ အစွယ် နှစ်ချောင်းကို တန်းကာပြေးလာသည်။

"သား. . . လာ. . . ပြေးမယ်"

မိုးကျော်က ပေတေတေနှင့်ရပ်ကာ ကြာမောင်ကို သေနတ်နှင့် ဆပ်ပစ်ရန် ပြင်ဆင်နေသည်။ ဦးအောင်ချမ်းက သားဖြစ်သူမိုးကျော်ကို ခေါ်မရသဖြင့် အနီးရှိသစ်ပင်တစ်ပင်ပေါ်သို့ ကမန်းကတမ်း တွယ် တက်လိုက်သည်။ ဦးအောင်ချမ်းတွင် ကြောက်စိတ်က အတိုင်းအဆမရှိ ဖြစ်သွားရသည်။

"ဝူး"

ကျည်ဆံနှစ်တောင့်စလုံးက ကြာမောင့်ကို မစိုးမပို့သာ ထိသွားသည်မို့ မိုးကျော်မှာလည်း သေနတ်ကိုကိုင်ဆွဲလျက် သစ်ပင်များကြားသို့ ပြေးပုန်း နေရတော့သည်။

"ဟဲ့. . . သားကြီး. . . ပြေး. . . ပြေး. . . နောက်ကလိုက် လာနေပြီ"

ဦးအောင်ချမ်းက သစ်ပင်ပေါ်မှ သားဖြစ်သူကို အော်ပြောနေသည်။ ကြာမောင်သည် မိုးကျော်ကို ရန်ငြိုးကြီးမားစွာဖြင့် လိုက်လံတိုက်ခိုက် နေလေပြီ။

သစ်ပင်များကြားတွင် ကွေ့ပတ်ပြေးနေသော မိုးကျော်ကို ကြာမောင်က နှာမောင်းဖြင့် လှမ်းရိုက်သည်။

"ဖြန်း"

"အား"

"သား. . . မိုးကျော်. . . ပြေး. . . ပြေး. . . လွတ်အောင် ပြေး"

ဦးအောင်ချမ်းအသံက ငိုသံရောစွက်နေသည်။ သားဖြစ်သူအတွက် စိုးရိမ်မှု လွှမ်းကဲနေသည်။

"လာကြပါဦးဟေ့. . . ငါ့သားမိုးကျော်ကို ဆင်ရိုင်းကြီး လိုက်သတ်နေလို့"

မိုးကျော်မှာ သိပ်မပြေးနိုင်တော့၊ ပြေးရင်းမောဟိုက်နေ


www.burmeseclassic.com

 www.burmeseclassic.com

ဦးအောင်ချမ်းမြင်တွေ့နေရသည်။ မိုးကျော်က သူ့၏လက်ထဲတွင် ကိုင်ထားသော သေနတ်ဖြင့်ပြန်၍ ရိုက်ခတ်ရန်လည်း အခွင့်မသာတော့။ ဆင်ဆိုးကြီးကြာမောင်က သူ့နောက်ဝါးတစ်ရိုက်ခန့် အကွာမှ ထပ်ချပ်မတွာအောင် လိုက်နေသည်။

"ဟေး. . . ဟေး. . . . ဟေး. . . ဟေး"

ဦးအောင်ချမ်း၏အော်သံကြောင့် သစ်ခုတ်နေသောရွာသားများက အပြေးကလေးရောက်လာပြီး အော်ဟစ်ချောက်လှန့်ပေးမယ့် ဆင်ဆိုးကြီးကြာမောင်က ဂရုမစိုက်တော့။ မိုးကျော်ကို ရန်ညိုးဖြင့် သတ်ရန် နောက်မှ တရကြမ်းလိုက်နေပြီး နင်းချေပစ်ရန် ကြိုးစားလျက်ရှိလေသည်။

ထိုစဉ် မိုးကျော်က သစ်ငုတ်တစ်ခုကို ခလုတ်တိုက်မိပြီး လဲကျသွားသည်။

"သားရေ. . . အမြန်ထပြေး"

"မိုးကျော်ရ. . . ထပြေး. . . ဆင်ဆိုးကြီးလာနေပြီ"

ဦးအောင်ချမ်းနှင့် ရွာသားများက မိုးကျော်ကို ထပြေးရန် အော်ဟစ်သတိပေးပေမယ့် မိုးကျော်က မထနိုင်တော့။ ဆင်ဆိုးကြီး ကြာမောင်က မိုးကျော်၏အနားသို့ ရောက်လာသည်။ ကြာမောင်၏ ကြီးမားသော လက်တစ်ဖက်က မိုးကျော်၏ကိုယ်ပေါ်သို့ ကျရောက် သွားသည်။

"ဝူး"

"အ. . . အား"

မိုးကျော်ကို ကြာမောင်က လက်ဖြင့်နင်းသတ်နေရာ မိုးကျော် ၏ အော်သံကျယ်လောင်စွာပေါ်ထွက်လာသည်။

"သား. . . မိုးကျော်"

"ဟာ. . . မိုးကျော်တော့ သွားပြီ"

"တောက်"

ဦးအောင်ချမ်း၏ အော်သံက တစ်တောလုံးဆူညံအောင် ပဲ့တင်ထပ်သွားသည်။ ရွာသားများက မြေခဲများဖြင့် ကြာမောင့်ကို ဝိုင်းဝန်းပစ်ပေါက်ရာ ကြာမောင်က တောထဲသို့ ပြေးဝင်ပျောက်ကွယ်သွားတော့သည်။ ဦးအောင်ချမ်းနှင့် ရွာသားများက မိုးကျော်ရှိရာသို့ ပြေးသွားသည်။ မိုးကျော်မှာ မျက်လုံးပြူးမျက်ဆံပြူး၍ လျှာထွက်လျက် မရှုမလှသေဆုံးနေသည်။ ဦးအောင်ချမ်းက သားဖြစ်သူ၏ အလောင်းကို ဖက်ပြီးငိုသည်။





"သားကြီးရယ်. . . မင်းက အင်းအားချင်းမမျှတဲ့ သတ္တဝါတိုခံတုပြီး အဖေ့စကားနားမထောင်တော့ အသေဆိုးနဲ့ သေရတာပေါ့။ ဘဲ. . . ဟော့. . . သစ်ခုတ်လို့လဲ မဖြစ်တော့ဘူး၊ ငါ့သား အလောင်းကို ယူပြီး ငါတို့ရွာပြန်ကြမယ်။ မင်းတို့ကို သစ်ခုတ်ခတွေ ငါရှင်းပေးမယ်။ မင်းတို့မနစ်နာစေရပါဘူး။ ဒီတစ်ခေါက် ရိုးမထဲသစ်ခုတ်လာမိတာ ငါတ ငွေရှုံးသားရှုံးရတဲ့ဘဝ ဖြစ်သွားပြီ"

မိုးကျော်၏ အလောင်းကို လှည်းပေါ်တွင်တင်ကာ သယ်လာကြသည်။ ဦးအောင်ချမ်း၏ ပါးပြင်တွင်မျက်ရည်တွေရွှဲစိုနေသည်။ မိုးကျော်၏ အလောင်းကို ရွာပြင်ဇရပ်ပေါ်တွင် တင်ထားခဲ့ပြီး ရွာသို့ပြန်လာကြသည်။ ညနေတွင်ရွာသို့ ပြန်ရောက်ကြသည်။

"ဟင်. . . ကိုအောင်ချမ်း ရှင်တို့ရိုးမထဲသစ်သွားခုတ်တာ ဘာလို့ပြန်လာတာလဲ၊ ဆင်ဆိုးကြီးတစ်ကောင် သောင်းကျန်းနေတယ် ကြားတယ်၊ အဲဒါကြောင့် ပြန်လာတာလား"

နွားလှည်းကို အိမ်ရှေ့တွင်ရပ်ထားခဲ့ပြီး အိမ်ပေါ်သို့တက် လာပြီး ခေါင်းငိုက်စိုက်ချကာထိုင်နေသော ဦးအောင်ချမ်းကို ဇနီးဖြစ်သူ ဒေါ်သန်းလှက မေးနေသည်။ ဦးအောင်ချမ်းက ဘာမှမပြောဘဲ ငြိမ်နေသည်။

"သားကြီးမိုးကျော်ကော ကိုအောင်ချမ်း"

ဦးအောင်ချမ်းက ခေါင်းကိုဘယ်ညာ ခါရမ်းပြနေသည်။ ဦးအောင်ချမ်း၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်တစ်စက်က ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျသွားသည်။ ဒေါ်သန်းလှမြင်လိုက်မိပေမယ့် နဖူးမှ ချွေးစက်များ ရှသာ ထင်နေသည်။ မလှမ်းမကမ်းတွင်ရှိနေသော ရေနွေးကြမ်းအိုးနှင့် ကြွေပန်းကန်များထည့်ထားသော ကြွေလင်ပန်းကိုသွားယူပြီး ဦးအောင်ချမ်း ၏ဘေးတွင်ချပေးသည်။

"ကိုအောင်ချမ်း. . . ရှင်ဘာဖြစ်လာတာလဲ"

ဦးအောင်ချမ်း၏ မျက်နှာက မော့လာသည်။ ဦးအောင်ချမ်း၏ မျက်ဝန်းအိမ်ထဲနှင့် ပါးပြင်ပေါ်မှ မျက်ရည်များကို ဒေါ်သန်းလှ မြင်တွေ့သွားသည်။

"ဟင်. . . ကိုအောင်ချမ်း၊ ရှင်ငိုနေတယ်၊ ဘာဖြစ်လို့လဲ"

ဒေါ်သန်းလှက စိုးရိမ်တကြီး မေးလာသည်။

"သားကြီးမိုးကျော် ရိုးမတောထဲမှာ ဆင်နင်းအသတ်ခံရလို့ သေသွားရှာပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်"

ဦးအောင်ချမ်းစကားကြောင့် ဒေါ်သန်းလှပါးစပ်အဟောင်းသားနှင့် ငိုင်တွေသွားပြီးမှ အော်ဟစ်ကာငိုသည်။ မိုးကျော်သတင်းကြောင့် ရွာသူကြီး ဦးသာထွန်းနှင့် ရွာသူရွာသားများက ဦးအောင်ချမ်း၏အိမ်သို့ ရောက်လာက မေးမြန်းကြသည်။ ဦးအောင်ချမ်းက သူ့မျက်စိရှေ့မှာပင် အသေဆိုးနှင့် သေဆုံးသွားရသော သားဖြစ်သူ မိုးကျော်၏အကြောင်းကို ပြန်မပြော ချင်ပေမယ့် မျက်ရည်အရွှဲသားနှင့် ပြောပြနေရရှာသည်။ တစ်ရွာလုံးက လူအားလုံး စိတ်မကောင်း ဖြစ်သွားရရှာပြီ။

သားကြီးမိုးကျော်၏အလောင်းကို ရွာပြင်သုသာန်တွင် ဂူသွင်း သင်္ဂြိုလ်သည်။ မိခင်ဖြစ်သူဒေါ်သန်းလှက သားကြီးသေဆုံးသွားရသည်ကို သည်းကြုံးမရဖြစ်ကာ အချိန်တိုင်း ငိုယိုနေသည်။ ညဘက်တွင်လည်း ကောင်းကောင်းမအိပ်၊ အစားအစာလည်း ဟုတ်တိပတ်တိ မစား။ ကြာလာတော့ မတွန်းမမာဖြစ်ကာ အိပ်ရာထဲတွင် ဘုံးဘုံးလဲလေတော့သည်။ စိတ်ကြောင့်ဖြစ်သောရောဂါဖြစ်၍ တစ်နေ့တခြား အခြေအနေက ဆိုးဝါးလာပြီး ဘဝ တစ်ပါးသို့ ကူးပြောင်းသွားရသည်။

ဦးအောင်ချမ်းက အသက် (၁၂)နှစ်အရွယ် သားငယ်တိုးကျော်နှင့် အထီးကျန်ဆန်စွာနေလာခဲ့ရသည်။ သားကြီးမိုးကျော်အားသတ် ဖြတ်ခဲ့သော ဆင်ဆိုးကြီးကြာမောင်အား ဦးအောင်ချမ်းက လုံးဝအခဲမကြေ။ ဒီဆင် ဆိုးကြီးကို သေအောင်သတ်ပစ်ချင်နေသည်။ အရွယ်မရောက်သေးသည့် တိုးကျော်ကလည်း သူ့အစ်ကိုအတွက် ဆင်ဆိုးကြီးကြာမောင်အပေါ်တွင် မကျေနပ်။ သို့သော် သူက အရွယ်ငယ်သေးသည်မို့ ဘာမှမတတ်နိုင်။

ဦးအောင်ချမ်းက ဆင်ဆိုးကြီးကြာမောင်ကိုသတ်ရန် ကြံစည်နေသည်။ ထိုအကြံအစည်ကို ဦးအောင်ချမ်း၏ဘကြီးဦးပြုံးချိုက သိနေသည်။

"လူဆိုတာ သတ္တဝါတစ်ခု၊ ကံတစ်ခုပါ အောင်ချမ်း၊ ကံစီမံ ရာကို ခံကြရတာပဲ။ မင်းရဲ့သားအတွက် မင်းက ဆင်ဆိုးကြီးကြာမောင်တို့ တလဲ့စားချေဖို့တောထဲသွားရန် စီစဉ်နေတာကို ဘကြီးက မင်းတို့ တားချင်တယ်။ မင်းအတွက်အန္တရာယ်ကြီးမားလွန်းလှပါတယ်ကွာ"

ဘကြီးဦးပြုံးချို၏စကားကို ဦးအောင်ချမ်းက နားမဝင်၊ အံကို ထင်းတင်းကြိတ်ထားရင်း အနောက်ရိုးမဆီသို့သာ ငေးကြည့်နေမိသည်။

"မင်းသားလေးတိုးကျော်က မင်းတိုအားကိုးနေရတာ မဟုတ် လား"





ဦးအောင်ချမ်းက သေနတ်ကိုမောင်းတင်လိုက်သည်။ သားကြီး မိုးကျော်က သင်ပေးထားသဖြင့် ဦးအောင်ချမ်းက သေနတ်ကို ကျွမ်းကျင်စွာ ကိုင်တတ်သည်။

"ဖျောင်း"

သေနတ်မောင်းရိုက်သံကြောင့် ဘကြီးဦးပြုံးချိုလန့်သွားသည်။

"မခံချင်စိတ်နဲ့ မင်းတောထဲကိုသွားပြီး ဆင်ဆိုးကြီးကြာမောင်တို့ ရှာဖွေသတ်မယ်ဆိုရင် မင်းရဲ့စီးပွားရေးလုပ်ငန်းတွေအားလုံးလည်း တစ်ဟင်းတုန်လိမ့်မယ် အောင်ချမ်း"

"ကျွန်တော့်သား ကျွန်တော့်မျက်စိရှေ့မှာ သေပွဲဝင်ခဲ့ရတာကို မြင်မိတိုင်း ဒေါသဖြစ်နေမိတယ်"

ဦးအောင်ချမ်းကဖြေရင်း မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ စီးကျ လာသည်။

"ဒီအဖြစ်အပျက်ကို ကျွန်တော်ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်ဘူး"

"ဘကြီးတို့လည်း တွေးကြည့်တာနဲ့သဘောပေါက်ပါတယ် အောင်ချမ်း၊ မင်းခံစားနေရတာကို ကိုယ်ချင်းမစာလို့ ပြောနေတာ မဟုတ် ဘူး၊ မင်းမှာ သားလည်းဆုံး၊ မယားလည်းဆုံးရတဲ့ဘဝ ရောက်သွားတာ အားလုံးက သိနေတာပဲ။ အခုလိုဖြစ်ရတာလဲ အတုံ့အလှည့်ရှိလို့ ခံရတာပဲ ဆိုပြီး တရားသဘောနဲ့ ဖြေပါကွယ်"

"ဘကြီးက တရားသဘောနဲ့ဖြေနိုင်ပေမယ့် ကျွန်တော်က တရားသဘောနဲ့ မဖြေနိုင်ဘူး"

ဦးအောင်ချမ်းကို သူကြီးဦးသာထွန်းနှင့် ရွာသူရွာသားများက တောထဲသို့မသွားရန် တားကြသည်။ ရွာဦးကျောင်းဆရာတော် ဦးကုသလက ဦးအောင်ချမ်းကို သူ့ကျောင်းသို့လာရန် ဆင့်ခေါ်သည်။ ဦးအောင်ချမ်းက ရွာဦးကျောင်းဆရာတော်ဦးကုသလအား ဦးချရှိခိုးသည်။

"ဟဲ့... ဒကာအောင်ချမ်း၊ မင်းရိုးမတောထဲသွားပြီး ဆင်ဆိုး ကြီးတိုလိုက်ရှာပြီး သတ်မလို့ဆို၊ ရွာသားတွေပြောနေသံကြားလို့ မင်းကို ဆရာတော်ခေါ်ခိုင်းလိုက်တာ"

"ဟို... ဟို..."

"ကလဲ့စားချေတယ်ဆိုတာ ဘုရားလည်းမကြိုက်၊ နင်လည်း ကြိုက်ဘူး ဒကာအောင်ချမ်း၊ မင်း သားက ဒီလိုဖြစ်ရမယ် ဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com

တဲအကြောင်းတရားက ပါလာပြီးသားမို့ပါ။ ဖြစ်ချင်တိုင်းလည်း ဖြစ်တာမဟုတ်သလို ပျက်ချင်တိုင်းလည်း ပျက်တာမဟုတ်ဘူး။ ပြုသူ အသစ်ဖြစ်သူအဟောင်းတဲ့။ မင်းက ဆင်ဆိုးကြီးကို ကလဲ့စားချေရင် နောင်တစ်ချိန်မှာ ဆင်ဆိုးကြီးကလည်း မင်းကိုပြန်ပြီး ကလဲ့စားချေမှာပဲ။ ဒီလိုနဲ့ သံသရာမဆုံးကြဘဲ တစ်ဦးနဲ့တစ်ဦး ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်နဲ့ အဆုံးသတ်တော့မှာ မဟုတ်တော့ဘူး"

ဦးအောင်ချမ်းက ရိုးမတောထဲသို့မသွားတော့ပါဟု ရွာဦးကျောင်းဆရာတော်အား ကတိပေးပြီး ဦးသုံးကြိမ်ချကာ ခေါင်းငိုက်စိုက်နှင့် ကျောင်းဝန်းထဲမှ ထွက်လာခဲ့သည်။

ဦးအောင်ချမ်းတ ဒေါသစိတ်ကို ဖြေဖျောက်ပစ်သည်။ သူ့ဇနီးဆုံးပါးသွားစဉ်က ဦးအောင်ချမ်းမှာ အသက်လေးဆယ်ဝန်းကျင်သာရှိသေးသည်ဖြစ်ရာ တစ်ပင်လဲ၍ တစ်ပင်ထူမည်ဆိုက ထူနိုင်သော်လည်း သားငယ်တိုးကျော်ကို သနားသည့်စိတ်ကြောင့် နောက်အိမ်ထောင်မပြုခဲ့ပေ။

ဦးအောင်ချမ်းသည် ချမ်းသာကြွယ်ဝသူဖြစ်သော်လည်း အရက်သေစာကို တစ်ခါတရံသောက်တတ်သည်မှလွဲ၍ စွဲမြဲစွာ မူးယစ်ခြင်းမရှိခဲ့ချေ။ တိုးကျော်အရွယ်ရောက်လာသောအခါ ဖခင်၏ စီးပွားရေးလုပ်ငန်းများတိုဝင်ရောက်လုပ်ကိုင်လာသည်။

ဦးအောင်ချမ်းသည် ရပ်ရေးရွာရေး၊ လူမှုရေးသာမက လူမှုရေးတန်းရေးတွင်လည်း လက်မနှေးသာဖြစ်လေရာ ရွာရှိလူကြီး လူငယ်မိန်းကလေးမကျန် ချစ်ခင်လေးစားခြင်းကို ခံရသူဖြစ်လေ၏။ အနီးအနားရွာများမှလည်း ဦးအောင်ချမ်းကို ကြည်ညိုလေးစား ကြလေသည်။

ထို့အပြင် သူကြီး၊ ဆယ်အိမ်ခေါင်းမှစ၍ မြို့ပိုင်၊ နယ်ပိုင်၊ ရာဇဝတ်ဝန်ထောက်ရဲ့တပ်သားအထိ ခင်မင်စွာဖြင့် ပြောဆိုဆက်ဆံတတ်သူဖြစ်၍ လူဝင်ဆန့်သည်။

ထိုစဉ်အချိန်က မြန်မာပြည်ကို နယ်ချဲ့ဗျက်နှာဖြူများက အုပ်စိုးနေဆဲကာလ ဖြစ်သည်။

ချမ်းသာကြွယ်ဝသူဖြစ်၍ ဦးတပ်ခေါ်ခြင်းခံရသော်လည်း ဦးအောင်ချမ်းမှာ လူလတ်ပိုင်းသာသာမျှသာဖြစ်သဖြင့် အခြွေအရံ ပေါ်များလှသည်။

အပေးအကမ်းရက်ရောသူဖြစ်၍လည်း ဦးအောင်ချမ်း၏ ကိစ္စဆိုလျှင်ရအောင်ဆောင်ရွက်ပေးမည့် တပည့်တပန်းများကလည်း မရှားပါချေ။

ဦးအောင်ချမ်း၏အိမ်မှာ ရွာ၏အရှေ့ဖျားတွင်ရှိပြီး ခမ်းခမ်းနားနားနှင့် ထယ်ဝါသော ကျွန်းနှစ်ထပ်အိမ်ကြီး ဖြစ်လေသည်။ ထိုခမ်းနားထည်ဝါသောအိမ်ကြီးတွင် နေထိုင်သူမှာ သုံးဦးသာ ရှိလေသည်။ အိမ်ခေါင်းအပေါ်ထပ်တွင် ဦးအောင်ချမ်း၏သားတိုးကျော်တို့ သားအဖအိပ်ပြီးအောက်ထပ်တွင် သူရင်းငှားလည်းဟုတ်၊ တူလည်းဖြစ်သော သန်းလွင်တာနေထိုင်လေသည်။

ဦးအောင်ချမ်းမှာ အတိတ်ကိုပြန်တွေးရင်း မိုးစင်စင်လင်း လာသည်။ သာအောင်က အိပ်ရာမှနိုးလာသည်။ ဦးအောင်ချမ်းအိပ် ပျော်နေသေးသည်ထင်ပြီး အိမ်ရှေ့တံခါးကို ဖြည်းဖြည်းချင်းဖွင့်ပြီး သူ့အိမ်သို့ ပြန်သွားသည်။ ဦးအောင်ချမ်းက အိပ်ရာမှထကာ အိမ်တံခါးများကို ဖွင့်လိုက်သည်။

"ဦးလေး အိပ်ရာက နိုးပြီလား"

သာအောင်က လှမ်းမေးသည်။

"မနက်အစောကြီးကတည်းက ငါနိုးနေတာကွ။ ငါ့သားကြီးမိုးကျော်ကို သတိရသွားလို့ ပြန်အိပ်လို့ မရတော့ဘူး။ မင်းအိပ်ရာထသွားတာ ငါသိနေတာပဲ"

"ဦးလေး ခိုင်းစရာရှိရင် ပြောနော်"

"အေးပါကွာ၊ အခုတော့ ခိုင်းစရာမရှိသေးပါဘူး"

♦♦♦




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### ပုန်းအောင်းနေသော ဒေါင်းပျံ

နံနက်ခင်း၏နေရောင်က ဦးအောင်ချမ်း၏ကျယ်ဝန်းသော ခြံအတွင်းသို့ ဟိုတစ်ကွက် သည်တစ်ကွက် ကျရောက်နေကြသည်။

ဦးအောင်ချမ်းက အိမ်အပေါ်ထပ် ဝရံတာမှနေ၍ ရွာလယ်လမ်းသို့ ထိုသည်ကြည့်ရှုနေလေ၏။ ဦးအောင်ချမ်း၏အိမ်မှာ တစ်ရွာလုံးတွင် အကြီးမား ဆုံးဖြစ်ပြီး မြင့်မားသည်ဖြစ်ရာ ရွာလယ်လမ်းမ တလျှောက်ကို အပေါ်စီးမှ ကြည့်နေရသလို လှမ်းမြင်နေရသည်။

“ကျွတ်. . . သားငယ်တိုးကျော်နဲ့ ငါတပည့်သံချောင်းတို့ ဒီတစ်ခေါက် ဝွကိုသွားတာ ကြာလိုက်တာ။ လုံချည်တွေ သူတို့ကြိုက်တဲ့ အဆင်ရအောင် စောင့်ယူနေရတယ် ထင်တယ်”

ဦးအောင်ချမ်းက ဝရံတာတွင်ရပ်ရင်း ညည်းညူနေမိသည်။ အဖေတစ်ခု သားတစ်ခုဘဝဖြစ်၍ သားလေးတိုးကျော်အပေါ်မှာပင် ဦးအောင်ချမ်းအချစ်တွေ ပိုနေရသည်။ တိုးကျော်ကလည်း လိမ္မာရေးခြား ရှိလှသည်။ နာမည်နှင့်လိုက်အောင်ပင် တိုးကျော်ကြောင့် ဦးအောင်ချမ်း၏ စီးပွားရေးလုပ်ငန်းတွေက တိုးတက်အောင်မြင် ကျော်ကြားနေသည်ကတော့ အမှန်။ တိုးကျော်ကို သည်ရွာမှသမီးရှင် မိဘများကသာမက အခြားရွာမှ သမီးရှင်မိဘများကလည်း သဘောကျကြသည်။ တိုးကျော်ကလည်း သူ့အဖေကိုချစ်သည်။ သူ့အဖေကို မပင်ပန်းစေလို၍ အိမ်မှာသာ အေးအေး ဆေးဆေးနေခိုင်းတာသာ ကြည့်တော့။ ဦးအောင်ချမ်းက အရွယ်ရောက်နေပြီ ဖြစ်သောတိုးကျော်ကို အိမ်ထောင်ချပေးချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ချမ်းအတွေးမဆုံးခင်မှာပင် နွားခလောက်သံများနှင့် ရှာလယ်လမ်းအတိုင်းလှည်းတစ်စီးအပြေးကလေး မောင်းနှင်လာသည်ကို ဦးအောင်ချမ်းမြင်တွေ့လိုက်ရသည်။

"သား"

ဦးအောင်ချမ်းက သူ့သားတိုးကျော်ကို မြင်လိုက်သည်နှင့် အားရွှင်လန်းသွားသည်။ တိုးကျော်နှင့်တပည့်ဖြစ်သူသံချောင်းတို့ မောင်းနှင်လာသောနွားလှည်းက ခြံထဲသို့ဝင်လာသည်။ အိမ်အပေါ် ထပ်မှရပ်ကြည့်နေသော ဦးအောင်ချမ်းကိုတိုးကျော်ကမြင်သွားသည်။

"အဖေ"

တိုးကျော်က လှမ်းခေါ်သည်။

"အေး"

"အဖေနေကောင်းတယ်နော်"

"ကောင်းပါတယ် သားရယ်"

သံချောင်းက သစ်ပင်ရိပ်အောက်တွင် လှည်းကိုရပ်လိုက်သည်။ လှည်းပေါ်မှပြေးဆင်းပြီး လှည်းကိုထောက်ကာ တံပိုးမှနွားနှစ်ကောင်ကို သစ်ပင်ရိပ်တွင် ချည်ထားလိုက်သည်။ တိုးကျော်က လှည်းပေါ်မှ ဆင်းလာသည်။ ထို့နောက် တိုးကျော်နှင့်သံချောင်းက သူတို့နှင့် ပါလာသော လုံချည်ထုပ်များကိုထမ်းပြီး အိမ်ကြီးထဲသို့ ဝင်လာကြသည်။ ဦးအောင်ချမ်းက အိမ်ကြီးအပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာသည်။

"သားလေးအရောင်းအဝယ်ကိစ္စတွေ အဆင်ပြေတယ် မဟုတ်လား"

ဦးအောင်ချမ်းကမေးသည်။

"အဆင်ပြေပါတယ် အဖေ"

တိုးကျော်က လုံချည်ထုပ်များကို သူ့အခန်းထဲသို့ ယူသွားသည်။ ဦးအောင်ချမ်းက နောက်မှလိုက်လာသည်။

"ဒီတစ်ခေါက် သားတို့ကိစ္စစီစဉ်ဖို့အတွက် သားကိုစောင့်နေတာ။ ဒီတစ်ခါမှ သားကကြာလိုက်တာကွယ်"

ဦးအောင်ချမ်းက သူ့သားတိုးကျော်၏ ကုတင်ပေါ်တွင် ထိုင်နေရင်းမှ ပြောသည်။

"လုံချည်တွေက အဆင်မတောင်းတော့ အဆင်ကောင်းအောင် စောင့်နေရလို့ ရက်ကြာသွားတာပါအဖေ။ ကျွန်တော်တို့ သယ်သွားတဲ့ပစ္စည်းတွေကလည်း ဒီတစ်ခေါက် သိပ်အရောင်းမသွက်ဘူး။"





တိုးကျော်ကဖြေသည်။

"ဟုတ်တယ် ဆရာ၊ ဒီကသယ်သွားတဲ့ပစ္စည်းတွေ သိပ်အရောင်းထွက်လို့ ဦးအတွမ်ဆိုင်မှာပဲ ဈေးဖြတ်ရောင်းခဲ့ရတယ်။ အမြတ်တော့ နည်းသွားတာပေါ့"

သံချောင်းက ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ရင်းဖြေသည်။

"အေးလေ၊ ဘာတတ်နိုင်မှာလဲ။ အရောင်းအဝယ်ဆိုတာ သွက်တဲ့အချိန်ရှိသလို ထိုင်းတဲ့အချိန်လည်း ရှိတာပဲပေါ့။ ကိစ္စမရှိပါဘူးလေ။ ဆုန်ရောင်းတုန်ဝယ်တယ်ဆိုတာ ဒီလိုပဲပေါ့"

ဦးအောင်ချမ်းက သူ့သားတိုးကျော်စိတ်သက်သာရာရအောင် ဖြေသိမ့်စကားပြောလိုက်သည်။ တိုးကျော်က သူ့အဖေ၏ဘေးနားတွင် ဝင်ထိုင်သည်။

"ဦးနီတာတို့ဘက်က လာမေးနေပြီကွဲ့"

တိုးကျော်က သူ့အဖေ၏မျက်နှာကို ကြည့်သည်။

"အဲဒါ သားဆန္ဒကို သိချင်လို့စောင့်နေတာ။ သူတို့ဘက်က ထိုလိုချင်ချင်လာမေးနေတာ၊ သားကမပြတ်မသား ဟိုတွေးဒီတွေး ဆိုတော့ အားနာစရာဖြစ်ပြီကွယ်"

"အဖေကြိုက်သလိုသာ စီစဉ်ပါတော့ အဖေရယ်"

"အေးလေ. . . အဲဒါဆိုရင်တော့ ဦးနီတာတို့အိမ်ကို လူလွှတ်ပြီး အကြောင်းကြားခိုင်းလိုက်မယ်"

တိုးကျော်က ခေါင်းညိတ်ပြီး အဖြေပေးသည်။

"မြသက်က ရုပ်ရည်လည်းချောမောလှပပြီး သဘောကောင်းသော မိန်းကလေးပါပဲ"

"အဖေက ကျွန်တော့်ကို မိန်းမပေးစားချင်တိုင်း ပြောနေဖြစ်တာ"

"အဖေအကဲခတ်ရသလောက် သားကိုပြောနေတာပါကွ။ သားနဲ့ညားရင် အဖေ့ချွေးမဖြစ်လာရမယ့်သူ မဟုတ်လား။ အဟင်း . . . ဟင်း. . . ဩော် . . . သား. . . ရွာမြောက်ဖျားပိုင်းက ရွှေသော့ အိမ်ကို ချည်သွားပို့လိုက်ပါဦး။ သူ့ခမျာ သားပြန်ရောက်လာပြီလားလို့ မကြာခဏ လာမေးရတာ ခြေတိုတော့မယ်"

ထောင့်ကြီးရွာမြောက်ဖျားပိုင်းမှ ဦးရွှေသော့ဆိုသူမှာ တိုးကျော်ထံမှ ရခိုင်လုံချည်များကို ဝယ်ယူပြီး မြို့ပေါ်သို့တက်၍ ရောင်းချနေသူ ကလေး၏။

www.burmeseclassic.com


"အင်း. . . အဲဒါဆိုလည်း သားသွားပို့လိုက်ဦးမယ်"

တိုးကျော်က လုံချည်ထုပ်ကိုထမ်းပြီး အိမ်မှထွက်လာခဲ့သည်။

သားဖြစ်သူတိုးကျော်ထွက်သွားလျှင် ဦးအောင်ချမ်းက

"သံချောင်း. . . မင်းဒေါင်းပျံဆီကို ပိုက်ဆံသွားပို့ပေးစမ်းကွာ။ မြန်မြန်လေးရောက်အောင် လှည်းနဲ့သွားနော်"

ဟု တပည့်ဖြစ်သူကို ခိုင်းသည်။

"ညနေမစောင်းခင်အရောက်ပြန်လာခဲ့နော်။ ဟိုမှာ သောက်စားမနေနဲ့။ ဒီကို ပြန်ရောက်မှသောက်၊ ငါစောင့်နေမယ်"

"ဟုတ်ကဲ့ပါဆရာ"

ဦးအောင်ချမ်းက ဂျော့ဘုရင်တံဆိပ်ပါ ငါးဆယ်တန်ငွေ စက္ကူ တစ်ရွက်ကို သံချောင်းအားပေးလိုက်သည်။

"တခြားဘာမှာစရာရှိသေးသလဲဆရာ"

သံချောင်းကသွားရန်ဟန်ပြင်ပြီးမှ နောက်သို့ပြန်လှည့်လာပြီး မေးသည်။

"ဒေါင်းပျံကိုပြောလိုက်ကွာ၊ အရက်ကိုကြိုက်လို့သောက်တာ တော့သောက်ပေါ့။ ဒါပေမယ့် အရက်မူးလို့ ကွဲခိုးပေါ်တာမျိုး မဖြစ်ပါ စေနဲ့လို့ ငါမှာလိုက်တဲ့အကြောင်းပြော. . . ကြားလား"

"စိတ်ချပါဆရာ၊ ပြောလိုက်ပါ့မယ်"

"ရွာကိုလည်း ခဏခဏမလာပါနဲ့လို့၊ အခုလိုပဲ ငါမကြာခဏ ပိုက်ဆံပို့ပေးမယ်လို့ပြောလိုက်ဦး၊ ဒေါင်းပျံက တတ်နိုင်သမျှ ဒီရွာနဲ့ ဝေးဝေးနေမှကောင်းမယ်"

"ဟုတ်ကဲ့"

"အကြောင်းထူးတစ်စုံတစ်ရာရှိမှ ရွာကိုလာခဲ့လို့ပြောလိုက်"

"ဟုတ်ကဲ့ဆရာ"

ဦးအောင်ချမ်း၏ရှေ့မှ သံချောင်း ထွက်ခွာလာခဲ့သည်။ ဖွင့်ထားသောပြတင်းတံခါးမှနေရောင်က အခန်းတွင်းသို့ ကျရောက်နေလေသည်။ နေက တစ်စထက်တစ်စ ရင့်လာသည်။

သံချောင်းက နွားနှစ်ကောင်ကို ဆွဲခေါ်လာပြီး လှည်းတွင် တပ်ဆင်လိုက်သည်။ ထို့နောက်သံချောင်းက လှည်းပေါ်သို့တက်၍ ခြံထဲမှ မောင်းထွက်လာခဲ့သည်။ သံချောင်း၏နွားငေါက်သံနှင့် နွားခလောက်သံများက ရွာလယ်လမ်းမတွင် ဆူညံသွားသည်။



"ဟဲ့. . . နွား. . ."

ပျဉ်းကိုးပင်ရွာမှာ ရွာငယ်လေးတစ်ရွာဖြစ်ပြီး အများအားဖြင့် ထင်းခုတ်၊ လှေဆွဲသည့်မိသားစုများသာ နေထိုင်ကြလေသည်။ မြို့မနှင့် ကပ်လျက်ရှိသည့် ရွာငယ်လေးဖြစ်သည့်အပြင် မိုးလင်းသည့် အချိန်မှစ၍ သူကြီးလူငယ်တို့မှာ တောတွင်းထဲသို့သွားကာ အလုပ်လုပ်ကိုင်ကြရသည်မို့ ရွာအတွင်း၌ အမြဲလိုပင် တိတ်ဆိတ်ခြောက်သွေ့နေတတ်သည်။

ဒေါင်းပျံက ပုလင်းထဲမှအရက်ကို တစ်ကျိုက်ငုံ၍ သောက် လိုက်ပြီး ခံတွေးကို အသံမြည်အောင် ထွေးထုတ်လိုက်သည်။

"ထွီး. . . ကောင်းလိုက်တဲ့အရက်၊ လည်ချောင်းထဲကို ပူဆင်း သွားတာပဲ။ အခုနေ သောက်ဖော်သောက်ဖက် တစ်ယောက်လောက် ရောက်လာရင် သိပ်ကောင်းမှာပဲ"

ဒေါင်းပျံမှာ အရက်ကိုနှစ်ခြိုက်သူဖြစ်၍ တစ်နေကုန် တစိမ့်စိမ့် သောက်နေတတ်သူဖြစ်ပြီး အပေါင်းအသင်းကိုလည်း အလွန် ခင်တတ်သူဖြစ်လေသည်။

"ဟင်း. . . တစ်ယောက်တည်းသောက်နေရတာ ပျင်းစရာ ကြီးကွာ"

ဒေါင်းပျံကရေရွှတ်ရင်း တဲအတွင်းမှ အဝေးသို့ငေးကြည့် နေမိလေသည်။

"ဂလောင်. . . ဂလောင်"

"ဒုန်း"

ဒေါင်းပျံကကြားရသောအသံကြောင့် နားစွင့်နေသည်။

"ဒါ. . . ဒါ. . . နွားခလောက်သံနဲ့ လှည်းဝင်ရိုးကြိတ်သံတွေ ပါလား၊ ငါ့ဆီကို တစ်ယောက်ယောက်လာနေပြီထင်တယ်"

လေသင့်နေ၍ ဟိုးအဝေးဆီမှ နွားခလောက်သံနှင့် လှည်းဝင်ရိုး ကြိတ်သံက လေတွင်ပျံ့လွင့်နေခဲ့သည်။

ဒေါင်းပျံတွက်ဆထားသည့်အတိုင်းပါပေ။ မကြာမီပင် နွားလှည်း တစ်စီးက သူ့ခြံအတွင်းသို့ မောင်းဝင်လာသည်။

"ဟာ. . . သံချောင်းပါလား"

ဒေါင်းပျံအတိုင်းမသိ ဝမ်းသာသွားရသည်၊ သံချောင်းက လှည်းတိုင် ချပြီး အောက်သို့ဆင်းကာ ဒေါင်းပျံရှိရာသို့ လျှောက်လာသည်။

"လာဟေ့. . . သံချောင်း အတော်ပဲ။ ငါလည်းတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

တည်း အရက်ထိုင်သောက်နေရာတာ ပျင်းနေလို့ အဖော်မျှော်နေတာ"

ဒေါင်းပျံက တဲအပြင်သို့ထွက်လာပြီး သံချောင်းကို လှိုက်လှိုက်လှဲလှဲခေါ်နေသည်။

"ထိုင်ကွာ. . . သံချောင်း၊ ဆရာကြီးက ဘာမှာလိုက်သေးလဲ"

ဒေါင်းပျံက သံချောင်းကို ပခုံးဖက်ကာ တဲပေါ်သို့ခေါ်လာသည်။

"ဆရာက မင်းကို ပိုက်ဆံပေးခိုင်းလိုက်တာကွ၊ ရော့"

သံချောင်းလှမ်းပေးသောပိုက်ဆံကို ဒေါင်းပျံက ခါးကြားတွင် လိပ်၍ထားလိုက်သည်။

"အရက်ကိုကြိုက်လို့သောက်တာသောက်၊ အရက်မူးပြီး ကျွဲခိုးပေါ်တာမျိုး မဖြစ်စေနဲ့လို့ ဆရာက မှာလိုက်တယ်၊ ငါနဲ့တိုးကျော်တို့ ဒီမနက်မှ ရွာကိုပြန်ရောက်လာကြတာကွ၊ ငါတို့ ကုန်ရောင်းသွားကြတာ၊ အရောင်းအဝယ်ကထိုင်းတော့ ရက်တွေမကြာသင့်ဘဲ ကြာသွားတယ်၊ ရွာကိုပြန်ချင်တာ ကြာလှပြီ၊ တောအရက်မသောက်ရတာကြာပြီဆိုတော့ နေမထိထိုင်မသာ ဖြစ်လာတယ်"

"နေရာတိုင်းမှာ အရက်ရှိတာပဲကွ၊ သောက်ပေါ့၊ ဘယ်နယ်တ အရက်သောက်သောက် မူးဖို့က အဓိက မဟုတ်လား"

"မတူဘူးကွ၊ ကိုယ်နယ်ထဲက အရက်ပဲအရသာရှိတယ်လို့ ထင်နေတာ"

"မင်းကပြောရောမယ်"

ဒေါင်းပျံက ရယ်မောနေသည်။

"နောက်ပြီးရွာကိုလည်း ခဏခဏမလာနဲ့၊ ပိုက်ဆံပို့ပေးမယ်တဲ့၊ အကြောင်းကိစ္စရှိမှာ ရွာကိုလာပါလို့ ဆရာက မှာလိုက်တယ်"

"ဆရာကြီးကို ပြောလိုက်ပါသံချောင်း၊ စိမ်းနွယ်ကိစ္စနဲ့ ပတ်သက်လို့ ငါ့ဆီက ဘာမှမပေါက်ကြားစေရပါဘူး၊ ဆရာကြီးအတွက်ဆိုရင် ငါကဘာမဆိုလုပ်ပေးနိုင်ပါတယ်၊ ယုတ်စွအဆုံး အသက်ကိုတောင်ရင်းရဲပါတယ် သံချောင်း၊ ဆရာကြီးက ငါ့ကျေးဇူးရှင်ပဲကွာ၊ ဆရာကြီးကျေးဇူးတွေက ငါ့အပေါ်မှာ အများကြီး၊ ဒီတစ်သက်ဆပ်လို့ကုန်နိုင်မှာမဟုတ်ပါဘူး"

သံချောင်းက ဒေါင်းပျံပြောသောစကားကို ငြိမ်၍နားထောင်နေသည်။

"ငါအခုလို မင်းကိုပြောပြနေတာ ငါ့တဲကလုံခြုံလို့ပါ၊ တခြား





နေရာမှာသာဆိုရင် မင်းကိုအခုလို ရှည်ရှည်ဝေးဝေးရှင်းပြနေမှာ မဟုတ်ဘူး"

ဒေါင်းပျံပြောသည့်အတိုင်းဝင် သူ့နေရာက စိတ်ချရသည်။ ဒေါင်းပျံ၏ခြံမှာ ရွာအစွန်တွင်ရှိပြီး ရိုးမတောကြီးနှင့်တပ်လျက်ရှိသောကြောင့် လူသူမနီးချေ။ ထို့အပြင် ဒေါင်းပျံ၏မိုက်ဂုဏ်ကြောင့် ရွာရှိသူများမှာ ဒေါင်းပျံ၏ခြံထဲသို့ ဝင်ရဲထွက်ရဲခြင်းမရှိအောင် ကြောက်၍နေကြသည်။

ဒေါင်းပျံမှာ ပျဉ်းကိုးပင်ရွာသားဖြစ်ပြီး မိုက်ဇရှိသူဖြစ်လေသည်။ လူသတ်မှုနှင့်ထောင်တစ်ခါကျဖူးပြီး ခိုးဆိုးလုယက်မှုများကိုလည်း ကျူးလွန်၍ထောင်အကြိမ်ကြိမ်ကျဖူးသူလည်း ဖြစ်လေသည်။

ဦးအောင်ချမ်းက ဒေါင်းပျံနှင့်တွေ့ဆုံမိ၍ ဒေါင်းပျံအားခေါ်ယူ မွေးမွေးစောင့်ရှောက်ကာ သူ၏လုပ်ငန်းများတွင် အလုပ်ပေးပြီး လုပ်ကိုင်စေခဲ့သည်။

"တခြားကိစ္စမရှိဘူးမဟုတ်လား သံချောင်း၊ ငါလည်း စိမ်းနွယ်ကိစ္စနဲ့ပတ်သက်ပြီး တခြားလူတွေမရိပ်မိအောင် ဆရာကြီးဆီကို မလာတာရယ်"

ဒေါင်းပျံက စကားကိုခဏရပ်ပြီး အရက်ပုလင်းကိုမော့သောက်လိုက်သည်။ ပြီးမှ. . .

"နေ့တိုင်းဘာအလုပ်မှမလုပ်ရဘဲ ဒီလိုအရက်သောက်စားနေရတော့ ပျင်းလာတယ်၊ သံချောင်း. . . မင်း ဒီည ဒီမှာပဲ အိပ်ကွာ၊ ငါတို့ သောက်ကြ စားကြရအောင် ဖြစ်တယ်မဟုတ်လား"

ဒေါင်းပျံက သူ့လက်ထဲမှ အရက်ပုလင်းကို သံချောင်းထံသို့ လှမ်းပေးရင်း ပြောလိုက်သည်။

"ငါမသောက်တော့ဘူး ဒေါင်းပျံ"

"ဟင်. . . ဘယ်လိုဖြစ်တာလဲကွ"

"ဘာကိစ္စရှိသေးလို့လဲမသိဘူး၊ ညနေပြန်လာခဲ့ဖို့ ဆရာက မှာလိုက်တယ်၊ ငါအခု ပြန်တော့မယ်ဒေါင်းပျံ"

"ဆရာကြီးက မှာလိုက်တယ်ဆိုရင်တော့ ပြန်ပေါ့သံချောင်းရယ်"

သံချောင်းက လှည်းပေါ်သို့ပြန်တက်ကာ ဒေါင်းပျံ၏ခြံထဲမှ ထွက်ခွာလာခဲ့သည်။

ညအမှောင်သို့ တဖြည်းဖြည်းရောက်လာသည်၊ ဦးအောင်ချမ်းက



www.burmeseclassic.com

ပေါ်တွင်ရှိသော အိမ်တံခါးပေါက်မှ အပြင်သို့လှမ်းကြည့်ရင်း. . .

"ဟော့. . . သန်းလွင်၊ တံခါးပေါက်တွေကို လိုက်ပိတ်စမ်းကွာ အောက်ထပ်က တံခါးပေါက်တွေကိုပါ သေသေချာချာပိတ်ခဲ့ကြားလား"

ဟုပြောနေသည်။

"ဟုတ်ကဲ့. . . ဦးလေး"

သန်းလွင်က အပေါ်ထပ်မှတံခါးများကို ပိတ်ပြီးသည်နှင့် အောက်ထပ်သို့ဆင်းရန် လှေကားရှိရာသို့ လျှောက်သွားသည်။

"ဪ. . . သန်းလွင်၊ သံချောင်းကို အရက်နဲ့အမြည်းအမြန်လုပ်ခဲ့လို့ ပြောစမ်း။ ဆိတ်သားခြောက်မီးဖုတ်တာ ဒီလောက်တောင်ကြာရသလား၊ အသေအချာပြောစမ်း. . . သွား"

သန်းလွင်က အောက်ထပ်သို့ ဆင်းသွားသည်။ ဦးအောင်ချမ်းက ရေနံဆီမီးအိမ်ကို မီးထွန်းညှိလိုက်သည်။ ရေနံဆီမီးအိမ်၏ အလင်းရောင်ကြောင့် အပေါ်ထပ်တစ်ခုလုံးလင်းထိန်သွားသည်။ ဦးအောင်ချမ်းက ညအမှောင်သို့ရောက်မည်ကို တွေးတွေးပြီး ကြောက်နေသည်။ သန်းလွင်ပိတ်သွားသောတံခါးပေါက်များကို သေချာမှုရှိမရှိသိလို၍ လိုက်လံ စစ်ဆေးနေသည်။

မကြာမီ သန်းလွင်နှင့်သံချောင်းတို့ အပေါ်ထပ်သို့တက်လာကြသည်။ သံချောင်းက အရက်ပုလင်းနှင့်ဆိတ်သားခြောက်ဆီဆမ်း ပန်းကန်ကို စားပွဲပေါ်သို့ ချထားပေးလိုက်သည်။

စားပွဲပေါ်တွင် အသင့်ရှိနေသော ဖန်ခွက်နှစ်ခုထဲသို့ သန်းလွင်က အရက်ငှဲ့ထားပေးသည်။

"သန်းလွင်. . . မင်းမသောက်ဖူးလား"

"မသောက်တော့ဘူး ဦးလေး"

အရက်ဖန်ခွက်ထဲမှ အရက်ကို ဦးအောင်ချမ်းက တစ်ကျိုက် ချလိုက်သည်။ ဆီရွှဲရွှဲဆမ်းထားသော ဆိတ်သားခြောက်ကို အရသာခံကာ ဝါးနေလိုက်သည်။ သံချောင်းက ဦးအောင်ချမ်း၏ဘေးမှ ထိုင်ခုံတွင် လာထိုင်သည်။

"သောက်ဟေ့. . . သံချောင်း"

သံချောင်းက အရက်ခွက်ကို ယူ၍မော့သောက်လိုက်သည်။ သန်းလွင်က လိုအပ်သည်များကို ဆောင်ရွက်ပေးရန် အနားတွင် အသင့်ရှိနေခဲ့သည်။

အရက်ပုလင်းမှာ အချိန်အနည်းငယ်အတွင်း သောက်သင့်သည်ထက် လျော့ပါးသွားခဲ့သည်။ လိုအပ်သည်ထက် သောက်စားခဲ့သော ဦးအောင်ချမ်းမှာ မူးယစ်ရီဝေနေ၏။

"အေ့. . . ဦးနီတာတို့အိမ်ကို မင်းသွားပြီး အကြောင်းကြားပြီးပြီလား သန်းလွင်၊ သူတို့က ဘာပြောလိုက်သလဲ"

ဦးအောင်ချမ်းကမေးသည်။

"ဦးလေးမှာတဲ့အတိုင်း ကျွန်တော်ပြောလိုက်ပါတယ်၊ သူတို့လာခဲ့မယ်လို့ မှာလိုက်ပါတယ်"

"အင်း. . . ဒါဆိုရင် အိမ်ကိုရှင်းရှင်းလင်းလင်းထားကြ၊ ဦးနီတာ တို့လာမယ်ဆိုရင် ပေါက်ချလာတတ်ကြတာ"

"ဟုတ်ကဲ့ပါ ဦးလေး"

"သံချောင်းကလည်း ဒီရက်ပိုင်းအတွင်း ဘယ်မှမသွားနဲ့တွာ"

ဦးအောင်ချမ်းက စကားဆုံးသည်နှင့် ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို မော့သောက်လိုက်သည်။

"ငါအိပ်တော့မယ်၊ မင်းတို့နှစ်ယောက်လည်း အပေါ်ထပ်မှာအိပ်ကြ၊ ငါသားတိုးကျော်ပြန်လာရင် တံခါးကိုဖွင့်ပေးပြီး တံခါးကို သေသေချာချာပြန်ပိတ်နော်"

"စိတ်ချပါ ဦးလေး၊ ကျွန်တော်မအိပ်ဘဲစောင့်ပြီး တံခါးဖွင့်ပေးလိုက်ပါ့မယ်"

သန်းလွင်ကပြောသည်။

"ဟေ့. . . သံချောင်း၊ ငါ့ကိုအိပ်ခန်းထဲ လိုက်ပို့ပေးစမ်းကွာ ခေါင်း. . . မူးလိုက်တာ"

"ဟုတ်ကဲ့ ဆရာ"

သံချောင်းက အရက်မူးလွန်နေပြီဖြစ်သော ဦးအောင်ချမ်းကို သန်းလွင်နှင့်အတူ အခန်းထဲသို့ ခေါ်လာခဲ့သည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## ပုန်းနေသောလူသတ်ကောင်ပြန်ပေါ်လာခြင်း

ရွာသားတစ်ဦးက ရွာလယ်လမ်းအတိုင်း ဆောင့်ကြီးရွာထဲသို့ အဟုန်ထိုးပြေးဝင်လာသည်။

"အောင်မယ်လေး. . . လုပ်ကြပါဦး"

ရွာသားက ပြေးရင်းလွှားရင်း အော်ဟစ်အကူအညီတောင်းသံတ ဆူညံသွားသည်။

"ဟော့ကောင် လှဆောင်. . . ဘာဖြစ်တာလဲ"

ရွာသားကြီးတစ်ဦးက ပြေးလာသူကို ရှေ့မှပိတ်ပြီး လက်တ တားရင်းက မေးသည်။ ပြေးလာသူက အလွန်မောဟိုက်နေသည်၊ ချက်ချင်းစကားမပြောနိုင်သေး၊ နောက်သို့သာ လက်ညှိုးထိုးပြနေသည်၊ ခေါင်းကိုငုံ့ရင်း အသက်မှန်မှန်ရှူနေရသည်။ ချက်ချင်းစကား မပြန်နိုင်သေး ရွာသားကြီးက လှဆောင်လက်ညှိုးထိုးပြသည်ကို လှမ်းကြည့်ရင်း ဘာ နားမလည်သလို ဖြစ်နေသည်။

"လှဆောင် ဘာဖြစ်တာလဲ။ ငါမေးနေတယ်လေ၊ မင်းနဲ့ ဖိုးသူဝတို့ ရိုးမတောထဲကို ထင်းသွားခုတ်ကြတာ မဟုတ်လား။ အခု ဖိုးသူဝ ဘယ်မှာကျန်နေခဲ့သလဲ"

လှဆောင်က ခေါင်းတဆတ်ဆတ်ညိတ်ပြနေသည်၊ အသက်ကို မှန်မှန်ရှူရင်း. . .

"အင်း. . . ဟင်း. . . ဟူး. . . ဟုတ်တယ်။ တောထဲကို ထင် သွားခုတ်တာ အဲဒါ ဖိုးသူဝကို ဟို. . . ဦးအောင်ချမ်းရဲ့သားမိုးထွေ



www.burmeseclassic.com

တိုသတ်တဲ့ဆင်ဆိုးကြီးကြာမောင်ပဲ ထင်တာပဲ။ ကျွန်တော်တို့ကို လိုက်သတ်တာ ပြေးရင်းလွှားရင်း ဖိုးသူဝကို နင်းသတ်လိုက်ပြီ"

"ဟင်"

အခြားရွာသားများကလည်း လှဆောင်အနီးသို့ရောက်လာကြရာ အားလုံးအံ့ဩကုန်ကြသည်။

"ဟင်း. . . ဒီဆင်ဆိုးကြီးက တော်တော်အညှိုးကြီးတာပဲ။ ပျောက်နေတာနှစ်မနည်းတော့ဘူး။ ဒီကိစ္စကို သူကြီးဦးသာထွန်းကို သွားပြောပြရအောင်"

ရွာသားများက လှဆောင်ကို သူကြီးဦးသာထွန်း၏အိမ်သို့ ခေါ်လာကြသည်။ ခြံထဲသို့ဝင်လာသောရွာသားများကိုမြင်တော့ သူကြီးဦးသာထွန်း ဇဝေဇဝါဖြစ်သွားသည်။

"ဟဲ့ကောင်တွေ ဘာဖြစ်လာကြတာလဲ"

သူကြီးဦးသာထွန်းက လှမ်းမေးသည်။ ရွာသားတစ်ဦးက အကျိုးအကြောင်းပြောပြလိုက်တော့

"ဟာ. . . ဒါဆို ဖိုးသူဝက ဆင်နင်းအသတ်ခံရလို့ သေပြီပေါ့ တုတ်လား"

"ဟုတ်တယ် သူကြီး"

"အဲဒီဆင်မရှိတော့ဘူးလို့ အောက်မေ့နေတာ။ ပြန်ပေါ်လာပြန်ပြီပေါ့။ အဲဒါဆိုရင် တောထဲသစ်ဝါးခုတ်ဖို့သွားတဲ့ ရွာသားတွေ သတိထားကြတော့။ တောထဲမှာကျန်ခဲ့တဲ့ဖိုးသူဝအလောင်းကို သင်္ဂြိုလ်ဖို့ သွားသယ်ရဦးမှာပေါ့။ ဟဲ့ကောင်လှဆောင်. . . ဖိုးသူဝ ဆင်နင်းအသတ်ခံရတဲ့နေရာကိုတော့ မင်းသိမှာပေါ့"

သူကြီးဦးသာထွန်းကမေးသည်။

"ကျွန်တော် တောထဲမလိုက်ရဲတော့ဘူး"

လှဆောင်ကကြောက်ကြောက်ရွံ့ရွံ့နှင့် ပြောနေသည်။

"ဟာ. . . အဲဒါဆိုရင် ငါတို့က ဖိုးသူဝရဲ့အလောင်းကို ဘယ်လိုရှာမလဲ။ ခက်လိုက်တာ၊ ရွာသားအများကြီးနဲ့သွားရှာမှာပဲ"

"ဆင်. . . ဆင်ကြီးက ကြောက်စရာကြီးဗျ။ ကျွန်တော့်တို့ သူ့အစွယ်နဲ့ထိုးသတ်ဖို့လိုက်တာ"

"လူအင်အားများရင် ကြောက်စရာမလိုပါဘူး"

ရိုးမတောထဲတွင် ဖိုးသူဝမှာ ဆင်ဆိုးကြီးတစ်ကောင်ကြောင့် အသတ်





ဆုံးပါးသွားရသည်ဆိုသည့်သတင်းက ဦးအောင်ချမ်းဆီသို့ ရောက်သွားသည်။

"ငါ့သားကြီးမိုးကျော်လို ဖိုးသူဝသေသွားရတာပဲ။ အဖြစ်ဆိုးလိုက်တာ၊ ဒီဆင်ဆိုးကြီးကို သေအောင်မသတ်နိုင်ကြသေးပဲကိုး. . . တောက်"

ဦးအောင်ချမ်းက မကျေမနပ်နှင့်ပြောနေသည်။ တိုးကျော်တခေတ်ထန်နေသောသူ့အဖေဦးအောင်ချမ်း၏မျက်နှာကိုကြည့်ပြီး သူ့အစ်ကိုမိုးကျော်ကို သတိရသွားသည်။ မိုးကျော်ဆင်ဆိုးကြီးကြာမောင်အသတ်ခံရတုန်းက တိုးကျော်က အသက်ခပ်ငယ်ငယ်သာရှိသေးသည်။ အစ်ကိုဖြစ်သူသေဆုံးသွားရမှုအတွက် မခံချင်စိတ်ဖြစ်မိသော်လည်း မိမိတအရွယ်ငယ်သေးသည့်အတွက် ဘာမှမတတ်နိုင်ခဲ့၊ သည်အချိန်တုန်းက သူ့အဖေဦးအောင်ချမ်းသာမက တစ်ရွာလုံးကလူတွေက ဆင်ဆိုးကြီးကြာမောင်ကို မုန်းတီးနေမိကြသည်။

ဟော. . . ရိုးမတောထဲတွင် ဆင်ဆိုးကြီးတစ်ကောင်က ရွာသားတစ်ယောက်ကို နင်းသတ်လိုက်ပြန်ပြီ။ ဆင်ဆိုးကြီးကြာမောင်ကို သတ်ရန်မြို့မှအာဏာပိုင်ရာအာဏာပိုင်များက တောထဲတွင်ရှာဖွေကြသည်။ သို့သော် ဆင်ဆိုးကြီးကြာမောင်ကို လုံးဝရှာမတွေ့ဆိုသည့် သတင်းကိုသာကြားရသည်။ ဆင်ဆိုးကြီးကြာမောင်၏လှုပ်ရှားမှုက တစ်ခန်းရပ်သွားသည်မှာ ကြာခဲ့ပြီ။

ရွာသားလှဆောင်၏ပြောစကားအရ ဖိုးသူဝကိုနင်းသတ်သော ဆင်ဆိုးကြီး၏ဦးကင်းတွင် ကြာခွက်မြင်ရသည်ဆိုသောကြောင့် ကြာမောင်ဖြစ်ကြောင်းသိလိုက်ရသည်။ နှစ်ပေါင်းများစွာပျောက်ဆုံးနေသော ဆင်ဆိုးကြီးကြာမောင်က ယခုပြန်ပေါ်လာပြီ။

သူကြီးဦးသာထွန်းနှင့်ရွာသားများက ရိုးမတောထဲတွင် ဖိုးသူဝအလောင်းကို သွားသယ်ကြသည်။ လှဆောင်က ဆင်ဆိုးကြီးကို ကြောက်သည့်စိတ်ကြောင့် သွေးကြောင်နေပြီ။ ဖိုးသူဝဆင်နင်း အသတ်ခံရသည့်နေရာကလည်း သူသာသိသည်ဆိုတော့ လှဆောင်ကို ရွာသားများတချော့ချော့နှောင်ဖြီးခေါ်သွားရသည်။

တောတွင်းတစ်နေရာတွင် ခန္ဓာကိုယ်ပြားချပ်ပြီး သေဆုံးနေသော ဖိုးသူဝ၏အလောင်းကို တွေ့ရသည်။ တိုးကျော်က သူ့အဖေ ဦးအောင်ချမ်းကိုအသိမပေးဘဲ သူကြီးဦးသာထွန်းတို့နှင့်အတူ ရိုးမတောထဲသို့ လိုက်လာခဲ့သည်၊ ဖိုးသူဝ၏အလောင်းကို မြင်တွေ့လိုက်ရတော့ သူ့အစ်ကိုမိုးကျော်၏



www.burmeseclassic.com

www.burmeseclassic.com

အလောင်းခြင်တွေ့ရပုံကို အမှတ်ရလာသည်။

ယခု ခိမိတ အရွယ်ရောက်နေပြီ။ ဆင်ဆိုးကြီးကြာမောင့် အပေါ် တင်ခဲ့သော ရာဇဝင်ကြွေးကို ဆပ်ချင်လာမိသည်။

တိုးကျော်က သေနတ်ကိုင်နိုင်သည့်အရွယ်ကတည်းက သေနတ်ဝစ်တတ်အောင် သင်ကြားထားခဲ့သည်။ ဟော. . . အခုတော့ ဟန်ကျလေပြီ။ သူ့အစ်ကိုမိုးကျော်နှင့်ဖိုးသူဝတို့ကိုသတ်ခဲ့သော ဆင်ဆိုးကြီးကြာမောင်ကို သတ်ရန် တိုးကျော်ဆုံးဖြတ်လိုက်သည်။ သည်ကိစ္စကို သူ့အဖေဦးအောင်ချမ်းက ဘယ်နည်းနှင့်မျှ သဘောတူမည်မဟုတ်မှန်း တိုးကျော်က သိနေသည်။ သူ့အဖေဦးအောင်ချမ်း က အသက်အရွယ်ရလာသည်နှင့်အမျှ ဆင်ဆိုးကြီးကြာမောင်အပေါ် နာကျည်းစိတ်တွေက လျော့ပါးသွားမှာ သေချာသည်။ တိုးကျော်က လူငယ်ဆိုတော့ နာကျည်းစိတ်ကို ဘယ်လိုမှ မမေ့ပျောက်နိုင်။ သည်ဖြစ်ရပ်ကို သတိရတိုင်း အံကြိတ်မိသည်။ သို့သော် ကြာမောင်သတင်းက ကြက်ပျောက်ငှက်ပျောက်သည့်ပမာ ဖြစ်သွားသဖြင့် ဖြစ်တည်နေသော ဒေါသက ကာလကြာလာသည်နှင့်အမျှ မှေးမှိန်သလို ဖြစ်သွားရသည်။

♦ ♦ ♦



အခန်း (၅)

## လူသတ်ကောင်ကိုတွေ့အောင်ရှာမည်

ကျော့ပိုးအိတ်တစ်လုံး၊ သေနတ်တစ်လက်နှင့်တိုးကျော်က သူ့အဖေဦးအောင်ချမ်းကို အသိမပေးဘဲ ရိုးမတောထဲသို့ တစ်ယောက်တည်းသာခဲ့သည်။ သူသည် အခိုင်အမာဆုံးဖြတ်ပြီးမှ ရွာမှထွက်လာခဲ့ခြင်းဖြစ်သည်။

ဆင်ဆိုးကြီးကြာမောင်ကို မသတ်ရမခြင်းရွာသို့မပြန်ဟူသော ဆုံးဖြတ်ချက်ကို တိုးကျော်က အခိုင်အမာချထားပြီးသား။

"ငါ့အစ်ကိုအတွက် ငါ့အသက်ကိုစွန့်ရရင်လည်း ဝမ်းမနည်းဘူး"

တိုးကျော်သည် ရွာသားဖိုးသူဝ သွေးမြေကျခဲ့ရသောနေရာသို့ ရောက်လာသည်။ မြေကြီးပေါ်မှ သွေးကွက်များကိုတွေ့ရတော့ အံကိုတင်းတင်းကြိတ်လိုက်မိသည်။

သူ့အဖေဦးအောင်ချမ်းပြောပြခဲ့ဖူးသလို ခလုတ်တိုက်မိ၍ ကျသွားသော သူ့အစ်ကိုမိုးကျော်ကို ဆင်ဆိုးကြီးကြာမောင်တစ်ယောင်ကြီးဖြင့်နင်းချေပစ်နေသည့်မြင်ကွင်းက တိုးကျော်၏အတွေး ထဲတွင် မြင်ယောင်လာသည်။

တိုးကျော်က ဖိုးသူဝ၏သွေးကွက်နေရာမှ မြေကြီးကို လက်ဖြင့်ဆုပ်ကိုင်ပြီး သစ္စာဆိုသည်။

"အစ်ကိုမိုးကျော်နဲ့ရွာသားဖိုးသူဝတို့ကို သတ်သွားတဲ့ဆင်ဆိုးကြီးကြာမောင်ကို မသတ်ရဘဲကျွန်တော်ရွာကိုမပြန်တော့ဘူး"

တိုးကျော်က ဆင်နင်းအသတ်ခံရသူနှစ်ဦးကို တိုင်တည်ကာ


www.burmeseclassic.com

www.burmeseclassic.com



သစ္စာဆိုလိုက်ရသဖြင့် သူ့ရင်ထဲတွင်ပေါ့သွားသည်။ တိုးကျော်သည် တောနက်ထဲသို့ တိုးဝင်လာခဲ့သည်။

တောတွင်းတစ်နေရာတွင်ဆင်ခြေရာလမ်းကြောင်းကို တွေ့ရသည်။ [illegible]ရသောသစ်ပင်ငယ်များ၊ ဆွဲချိုးခံထားရသော သစ်ကိုင်းများ၊ အစွယ်နှင့်ထိုးထားသော သစ်အခေါက်များကို တွေ့ရသည်။

ထို့အပြင်ဆင်သွားရာလမ်းတစ်လျှောက်တွင် ဆင်ချေးတုံး များကို တွေ့ရသည်။ ဆင်ချေးတုံးများက အသွင်သဏ္ဌာန်ပြောင်းလဲ နေပုံကို ထောက်၍ ရက်အနည်းငယ်ကြာသွားပြီဟု တိုးကျော်ကရိပ်စားမိလိုက်သည်။

ရိုးမတောနက်ထဲသို့ တိုးကျော်တဖြည်းဖြည်းရောက်ရှိလာခဲ့ပြီ။ မျောက်အော်သံ၊ ချေဟောက်သံတို့ကိုကြားလာရသည်။

"အွတ်. . . အွတ်. . . အွတ်. . ."

တောကြက်မောင်နှံက သူ့ရှေ့ခြုံကွယ်မှ ထပျံသွားသည်။

"ဟင်. . . မင်းတို့ကတစ်မျိုး၊ ငါကမင်းတို့ကို ဘာမှမလုပ်ဝါဘူးကွ၊ ငါကအန္တရာယ်ကောင်ကြီးကို လာရှာတာ"

ယုန်ထီးကြီးတစ်ကောင်က သူ့ကိုမျက်လုံးပြူး၍ စိုက်ကြည့်နေပြီးမှ ခြုံတစ်ခုကိုကျော်လွှားကာပြေးထွက်သွားသည်။

တောင်ကုန်းငယ်တစ်ခု၏ အခြေသို့သူရောက်လာသည်။ ၎င်းနေရာတွင်မြင်တွေ့နေရသောဆင်ခြေရာများက ပျောက်ကွယ်၍သွားသည်။

"ဒီကောင်ကြီး လျှိုထဲဆင်းသွားတာဖြစ်ရမယ်။"

တိုးကျော်က သူ၏ထင်မြင်ချက်ကို ရေရွတ်လိုက်မိသည်။ တောင်ခြေတွင်ခဏနားရင်းစဉ်းစားနေမိသည်။ သူ့မျက်လုံးအစုံက ဟိုသည်သို့ လျှောက်ကြည့်နေမိသည်။

တိုးကျော်က လျှိုမြောင်၏ တောင်ကမ်းပါးများ၊ မြက်တောများအတွင်းလှည့်ပတ်၍ သဲလွန်စကိုရှာကြည့်သည်။ အစအနအရိပ်အယောင်ပင်မတွေ့ရ။

"ဝေါင်း. . ."

ရုတ်တရက် ထွက်ပေါ်လာသော ကျားဟိန်းသံကြောင့် သူ့ခြေလှမ်းများရပ်တန့်သွားရသည်။

တိုးကျော်က သေနတ်ကိုမောင်းတင်၍လျှိုထိပ်မှအောက်သို့ ချောင်းကြည့်သည်။ ခြုံနွယ်ပိတ်ပေါင်းတို့ လှုပ်ရှားယိမ်းထိုးနေသည်ကိုသာ တွေ့ရသည်။





ခဏအကြာတွင် ချေငယ်တစ်ကောင်က သူ့အနီးမှခုန်ကျော်ထွက်ပြေးသွားသည်။ တိုးကျော်က ထိုနေရာမှခွာလာခဲ့ကာ ကျောက်တောင်တစ်ခုကို အကာအကွယ်ပြု၍ လျှိုမြောင်၏အဝဘက်သို့ စူးစူးစိုက်စိုက်ကြည့်နေမိသည်။ သေနတ်ကိုလည်းမောင်းတင်ကာ အသင့်ချိန်ထားမိသည်။

မကြာပါချေ။ ဟိန်းဟောက်သံကြီးနှင့်အတူ ကျားတစ်ကောင်လျှိုမြောင်၏အဝသို့ ခုန်တက်လာသည်။

"ဒိုင်း"

"ဂရား"

"ဝေါင်း"

သေနတ်ကျည်ဆံက ကျားကြီး၏ကျောပြင်ကို ရှပ်ထိသွား သည်။ ရုတ်တရက်ဒဏ်ရာရသွားသောကျားကြီးက နောက်ပြန်မွှမ်းပစ် ကာ လျှိုထဲသို့ပြန်ဆင်းပြေးသည်။

"ရက်စက်ကြမ်းကြုတ်တဲ့တောတွင်းတိုက်ပွဲတွေမှာ အခုလို တုန်လှုပ်ချောက်ချားနေရင် ငါ့အသက်ကိုပေးဆပ်ရလိမ့်မယ်"

ဟုတိုးကျော်က တွေးမိသည်။ ကျောက်သားပြင်ပေါ်တွင် ထိုင်နေရင်း လျှိုထဲသို့ ငေးကြည့်နေမိသည်။ သည်လျှိုမြောင်ကြီးက ဘယ်လောက်ရှည်လျားသည်မသိ။ သေနတ်ထိမှန်သွားသောကျားကြီးက လျှိုတွင်ပုန်းအောင်းနေမည်လား။ လျှိုမြောင်တစ်လျှောက်ပြေး သွားပြီး တောင်ကုန်းပေါ်သို့ပြေးတက်သွားပြီလား။ တိုးကျော်မှာ စဉ်းစားမရနိုင်အောင် ဖြစ်နေသည်။

မိမိက ဆင်ဆိုးကြီးကြာမောင်ကိုသတ်ရန် တောတွင်းထဲတွင် လိုက်၍ရှာဖွေနေသည်။ မိမိတွေ့ရသည်က လူသားစားကျားကြီး ဖြစ်နေသဖြင့် မိမိတွင်အန္တရာယ်တွေ ဝိုင်းရံနေမှန်း တိုးကျော်သိလာရလေ၏။

တိုးကျော်က တောင်ကမ်းပါးယံပေါ်မှ လျှိုတစ်လျှောက်သို့ လိုက်ကြည့်ရာ လျှိုထဲမှ တောင်ပေါ်သို့ ဖြတ်တက်နိုင်သောနေရာ တစ်ခုကိုတွေ့သွားသဖြင့် ကျားကြီးသည် ထွက်ပြေးသွားပြီကို အလိုလို သိလိုက်ရလေ၏။

တိုးကျော်သည် သေနတ်ကိုမောင်းတင်ကာ ကိုင်ထားရင်း တောတွင်းထဲသို့ ဆက်လက်တိုးဝင်လာခဲ့သည်။ မျက်စိဖွင့်နားစွင့်ထားရင်း သတိအနေအထားဖြင့် ဖြစ်သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ချမ်းက သားဖြစ်သူတိုးကျော်က သူ့အားအသိမပေးဘဲ ရိုးမတောထဲသို့ ဆင်ဆိုးကြီးကိုသတ်ရန်သွားကြောင်းသိလိုက်ရသဖြင့် စိုးရိမ်ပူပန်နေမိသည်။ အဖေတစ်ခု၊ သားတစ်ခုဘဝဖြစ်၍ မိမိစီးပွားရေး လုပ်ငန်းများတွင် တိုးကျော်အား ခိုင်းစေနေရသော်လည်း အသက် အန္တရာယ်တစ်စုံတစ်ရာဖြစ်မည်ကို စိုးရိမ်နေမိသည်။ မိမိက အသက်အရွယ် ရလာသည့်အလျောက် စီးပွားရေးလုပ်ငန်းများကို သားဖြစ်သူအား လုပ်တတ်ကိုင်တတ်အောင် ခိုင်းစေနေမိခြင်းသာ ဖြစ်လေ၏။

သားဖြစ်သူတောတွင်းထဲသို့ ထွက်သွားကတည်းက အရက် ကိုသာ သောက်နေမိသည်။ မူးလျှင်အိပ်လိုက်ပြီး နိုးလာသည်နှင့် ထပ်သောက်သည်။ စိုးရိမ်ပူပန်နေရသဖြင့် သူ့ရင်ထဲမှာ မချမ်းမြေ့။ အရက်မူးနေတော့ စိတ် သက်သာရာရသလိုခံစားရ၍ အရက်ကိုသောက်နေမိခြင်းဖြစ်သည်ဟု ဆိုရပေတော့မည်။ အရက်မူးပြီး အိပ်ပျော်သွားတော့ ဘာမှမစဉ်းစားမိတော့။

"တောတွင်းတိုက်ပွဲတွေဆိုတာ သိပ်ပြီးရက်စက်ကြမ်းကြုတ် တယ်၊ တိုးကျော်လို အသက်နှစ်ဆယ်ကျော်အရွယ် အတွေ့အကြုံ နုနယ်သေးတဲ့ လူငယ်တစ်ဦးက ဆင်ဆိုးကြီးကိုလိုက်ပြီး ပစ်ခတ်တယ်ဆိုတာ တိုးကျော်အတွက် အန္တရာယ်သိပ်ကြီးတယ်"

ဦးအောင်ချမ်း၏သူငယ်ချင်း ဦးသောင်းရင်က ခေါင်းကို ဘယ်ညာ ခါရမ်းရင်းပြောနေသည်။ ဦးအောင်ချမ်း၏မျက်နှာက ညှိုးနွမ်းနေသည်။ မျက်ဝန်းအိမ်ခဲတွင် မျက်ရည်တွေဝဲနေသည်။ ဦးသောင်းရင် ငယ်စဉ်က အမဲလိုက်ခြင်းအလုပ်ဖြင့် အသက်မွေးသဖြင့် တောတွင်းအတွေ့အကြုံတာ ရင့်ကျက်သည်။ ဦးသောင်းရင်၏စကားများက ဦးအောင်ချမ်း၏ရင်ကို ဘွဲ့အက်သွားစေသည်။





"တိုးကျော်က သူ့အစ်ကိုမိုးကျော်ကိုသတ်ရင် ဆင်ဆိုးကြီး ကြီးအောင်ကို တောတွင်းထဲမှာလိုက်ရှာပြီး သတ်ချင်တယ်လို့ မကြာခဏ ပြောဖူးတယ်။ ကိုသောင်းရင်ပြောသလို တောတွင်းထဲမှာ အန္တရာယ်များမှန်း သိလို့ တားခဲ့ဖူးတာပဲ။ အခုရွာသားဖိုးသူဝ သေတာကို သူကိုယ်တိုင် မြင်တွေ့လိုက်ရတော့ ဆင်ဆိုးကြီးအပေါ် နာကျည်းစိတ်က ပြန်ပေါ်လာပြီး တောထဲသွားတာဖြစ်မယ်။ တိုးကျော်က စနေသား၊ စိတ်ကြီးတယ်၊ ဆုံးဖြတ်ချက်တရွတ်နိုင်လွန်းတယ်၊ သူတောထဲထွက် သွားတာကို ငါမသိလိုက်ရဘူး"

ဦးအောင်ချမ်းအသံက ဆို့နစ်နေသည်။ ဦးသောင်းရင်က ခေါင်း အဆက်ဆက်ညိတ်ရင်း နားထောင်နေသည်။ တိုးကျော်က ဦးသောင်းရင်တို့ လက်ပေါ်တွင် ကြီးပြင်းလာရသူဖြစ်၍ သံယောဇဉ်ရှိသည်ဖြစ်ရာ ဦးအောင်ချမ်းနည်းတူစိတ်ပူနေမိလေ၏။

"ငါ့သားလေး တောထဲကိုထွက်သွားကတည်းက ငါ့မှာ တစ်နေ့မှ စိတ်မချမ်းသာရဘူး။ ရင်ထဲမှာ မီးလောင်သလိုခံစားနေရတယ်"

"အေးလေ၊ သူကလည်း သူ့အစ်ကိုအတွက် ကလဲ့စားချေချင် နေသူဆိုတော့ ဖိုးသူဝအလောင်းကိုမြင်ရတဲ့အခါမှာ သူ့စိတ်ကို နှိုးဆွ ပေးလိုက်သလိုဖြစ်သွားတာပေါ့။ မခံမရပ်နိုင်ဖြစ်မယ်ဆိုလည်း ဖြစ်စရာပဲပေါ့"

"ငါ့သားက တောတွင်းအတွေ့အကြုံဘာမှမရှိသူမို့ ငါစိုးရိမ် နေမိတာပေါ့"

"သူလိုသာမာန်အရပ်သားတစ်ယောက်က ပြိတ္တာတွေ တန်ဖိုး ထားတဲ့ဆင်တစ်ကောင်ကို ပစ်သတ်မယ်ဆိုရင် ဒီကောင်တွေက သတင်း ကြားတာနဲ့က မင်းရဲ့သားကို. . ."

ဦးသောင်းရင်က စကားကိုခဏရပ်သည်။ ပြောင်းဖူးဖက် ဆေးပေါ့ လိပ်ကြီးကို မီးညှိဖွာရှိုက်နေသည်။

"ဒါဆို ငါ့သားတိုးကျော်က ဆင်ဆိုးကြီးကို လိုက်လံပစ်ခတ် ဖို့ သွားနေတာဟာ ရာဇဝတ်မှုကျူးလွန်ဖို့ သွားနေသလို ဖြစ်နေတာပေါ့"

"အေး. . . ဟုတ်တယ် အောင်ချမ်း၊ မင်းအိမ်ကို မကြာခဏ လာလည်တတ်တဲ့ တောခေါင်းကြီးကိုလှထွန်းကို အကူအညီတောင်းပြီး မင်းရဲ့သားကို လိုက်ရှာပေးဖို့နဲ့ ဆင်ဆိုးကြီးကိုရှာပြီး ပစ်သတ်ဖို့ ပြောပါလား။ သူတို့သစ်တောဝန်ထမ်းတွေဆိုရင် အထက်ကိုအမိန့် တောင်းခံပြီး ပစ်လို့ရတယ်။ အဲဒါအကြံဉာဏ်ပေးချင်လို့ မင်းဆီကို ငါလာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အဲသလိုဆိုရင်တော့ တောခေါင်းကြီးကို ပြောရတော့မှာပဲ၊ [illegible] ခိုနှင်းမယေးတားမလိုက တစ်ဖက်ရွာကဦးနီတာတို့ကို [illegible]တယ်၊ သူတိုတသာ ငါ့ဆီလာရင် တိုးကျော်က မရှိလို့ [illegible]ဆိုရမယ့်အခြေအနေဖြစ်နေတယ်၊ ငါကတော့ စိတ်ညစ်ပြီး [illegible]ကိုပဲ သောက်နေမိတယ် သောင်းရင်ရေ"

"သိဝ်လည်းမသောက်နဲ့လေ၊ မင်းအသက်အရွယ်ကို သတိထားဦး ငါ့အကြံဉာဏ်ပေးသလိုသာလုပ်၊ အချိန်ဆွဲမနေနဲ့"

"အေးပါကွာ"

♦♦♦

ဦးအောင်ချမ်းက ဦးသောင်းရင်အကြံပေးသည့်အတိုင်း တောခေါင်းကြီးဦးလှထွန်းကို အကူအညီတောင်းသည်၊ တောခေါင်းကြီးဦးလှထွန်းက ဦးသောင်းရင်းကို လမ်းပြအဖြစ်ခေါ်သည်၊ ဦးသောင်းရင်က ခြေထောက်ကျိုးထားသဖြင့် . . .

"မလိုက်ချင်လို့မဟုတ်ပါဘူး၊ ခြေထောက်အခြေအနေအရ ဆင်ဆိုးနဲ့တွေ့ရင် မပြေးနိုင်မှာကို စိုးရိမ်နေမိတယ်"

"ဆင်ဆိုးနဲ့ရင်ဆိုင်တွေ့ရင် ပြေးစရာမလိုပါဘူး၊ ကျွန်တော်တို့က သေနတ်နဲ့ပစ်သတ်မှာပါဗျ"

"အင်း. . . တောခေါင်းကြီးက အကူအညီတောင်းနေမှတော့ လိုက်ခဲ့ပါ့မယ်ဗျာ"

ဦးအောင်ချမ်း၏မျက်နှာပြုံးရွှင်သွားသည်၊

"ကျွန်တော်လည်းလိုက်သွားချင်တယ် ဦးလေး"

သန်းလွင်က ဝင်ပြောသည်၊

"ဟာ. . . ဟော့ကောင်သန်းလွင်. . . တောထဲကိုအပျော်ခရီးသွားကြမှာမဟုတ်ဘူးကွ၊ ဒီလောက်အန္တရာယ်များတာ မင်းလည်းအသိသားနဲ့ လိုက်လို့မဖြစ်ပါဘူး"

"ဦးလေးကလည်းဗျာ၊ ညီလေးတိုးကျော်အတွက် ကျွန်တော်စိတ်ပူနေတာ ဦးလေးလည်းအသိသားနဲ့"





"မလိုက်ပါနဲ့ သန်းလွင်ရယ်၊ လိုက်လို့မဖြစ်ပါဘူး"

"ကျွန်တော် ဒူးလေးပစ်တတ်ပါတယ်ဦးလေးရ"

သန်းလွင်စကားကြောင့် အားလုံးဝိုင်းရယ်ကြသည်၊

"မင်းဒူးလေး၊ မြားတံလောက်တော့ ဆင်ကပန်းနဲ့ပေါက်တယ်ထင်လိမ့်မယ်၊ ငြိမ်ငြိမ်နေစမ်း သန်းလွင်ရယ်၊ တောထဲသွားဖို့ တိုင်ပင်နေကြတယ်၊ ငါကလက်တိုလက်တောင်းခိုင်းနေရတာ မင်းလိုက်သွားလို့ ဘယ်ဖြစ်မလဲ၊ ပြီးတော့မင်းအမေက မင်းကိုအားကိုးနေရတာ မင်းအသိသားနဲ့၊ တစ်ပူပေါ်နှစ်ပူမဆင့်ချင်စမ်းနဲ့ကွာ"

"တောထဲကို အမြန်ဆုံးသွားကြပါတော့ဗျာ၊ ကျွန်တော့်ညီလေး တောထဲမှာ ဘာဖြစ်နေမလဲမသိဘူး"

တောခေါင်းကြီးဦးလှထွန်းခေါင်းဆောင်သော ဆင်ဆိုးကြီး ကြာမောင်ကို သုတ်သင်ရှင်းလင်းမည့်အဖွဲ့သည် ရိုးမတောကြီးအတွင်းသို့ ဝင်ရောက်လာခဲ့ကြလေ၏၊ မုဆိုးကြီးဦးသောင်းရင်ကလမ်းပြအဖြစ် လိုက်ပါလာခဲ့သည်၊

"ဒီနေရာမှာပဲ တောခေါင်းကြီး၊ ဆင်ဆိုးကြီးကြာမောင်က အောင်ချမ်းရဲ့သားမိုးကျော်ကို နင်းသတ်လိုက်တာ"

မုဆိုးကြီးဦးသောင်းရင်ကပြောသည်၊

"အောင်ချမ်းက ဆင်ဆိုးကြီးကို သေနတ်နဲ့မပစ်ဖို့ သူ့သားမိုးကျော်ကို တားပါသေးတယ်"

"ကြာမောင်က သူတို့သားအဖကို ရန်မူလို့လား"

တောခေါင်းကြီးကမေးသည်၊

"ကြာမောင်က သူတို့သားအဖကိုတွေ့တော့ အတင်းဆိုးလိုက်တယ်လို့ အောင်ချမ်းကပြောတာပဲ"

"ထွက်ပြေးမယ်ဆိုရင်တော့ လွတ်နိုင်သေးတာပေါ့ ဟုတ်လား"

တောခေါင်းကြီးဦးလှထွန်းက ဆင်၏သဘောသဘာဝကို သိနေသူပီပီမေးသည်၊

"အောင်ချမ်းကတော့ လွတ်နိုင်တယ်လို့ပြောတယ်၊ ဒါပေမဲ့ မိုးကျော်က သူ့အဖေကိုသာလွတ်အောင်ပြေးခိုင်းပြီး သူကဆင်ဆိုးကြီးကို သေနတ်နဲ့ပစ်တယ်၊ ပထမအချက်ကမထိဘူး၊ ဒုတိယအချက်ကတော့ ဆင်ကြီးရဲ့ဦးခေါင်းကို ရှပ်ထိသွားတယ်"

"ဪ"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလိုမစိုမပို ထိသွားတာတ ဆင်ဆိုးကြီးကြာမောင်ရဲ့ဒေါသတို လှုံ့ဆော်လိုက်သလိုဖြစ်သွားတာပေါ့ တောခေါင်းကြီးရယ်"

"ဆင်က အညှိုးကြီးတာကို သူကသတိမထားမိဘဲကိုး"

"အဲဒီအခေါက်သစ်တွေလာခုတ်တော့ ကျွန်တော်လည်းပါ လာတယ်လေ၊ ဆင်ဆိုးကြီးက မိုးကျော်ကိုနင်းသတ်ပြီးတော့ ကျွန်တော် တို့ဘက်ကို ကြည့်သေးတယ်၊ ကျွန်တော်တို့အားလုံးက သစ်ပင်တွေ မြုံဝုတ်တွေကြားမှာ ပုန်းနေလိုက်လို့မတွေ့တော့မှ ဟောဟိုဘက်ကို တဟုန် ထိုးပြေးသွားတာ၊ စွယ်စုံဆင်ကြီးဗျ၊ အစွယ်နှစ်ဖက်က ချွန်ထက်နေတာပဲ"

"တိုးကျော်အရှုယ်ရောက်လာတော့ သူ့အစ်ကိုဆင်နင်းအသတ် ခံရတဲ့နေရာကိုလိုက်ပြပါဆိုတာနဲ့ သူ့အဖေအောင်ချမ်းမသိအောင် ကျွန်တော်လိုက်ပြရသေးတယ်၊ ကျွန်တော်တို့ရွာသားဖိုးသူဝဆင်နင်း အသတ်ခံရပြီး အလောင်းလာသယ်တော့ တိုးကျော်က သူ့အဖေမသိအောင် လိုက်လာတယ်။ တိုးကျော်က ဖိုးသူဝအသတ်ခံရတဲ့နေရာကခြေရာခံပြီး ကြာမောင့်နောက်ကိုလိုက်မှာပဲ၊ ကျွန်တော်တို့လည်း ဒီလမ်းကြောင်းအတိုင်း လိုက်ကြရအောင် တောခေါင်းကြီး"

"ခင်ဗျားသဘောပါပဲ"

မုဆိုးကြီးဦးသောင်းရင်ထွက်သွားရာနောက်သို့ တောခေါင်းကြီး ဦးလှထွန်းနှင့်အဖွဲ့က လိုက်သွားကြလေ၏။

◆◆◆



အခန်း (၆)

သွေးဖျက်စေသောည

"ကျွီ"

တိတ်ဆိတ်သောညဖြစ်ပြီး ညဉ့်နက်သောအချိန်တွင် တဲတံခါးတို တွန်းဖွင့်နေသောအသံကို ဒေါင်းပျံကြားလိုက်ရသည်၊ သေချာသွားအောင် ဒေါင်းပျံကအသက်ကို ဖြည်းညင်းစွာရှူရင်း နားစွင့်နေမိသည်။

"ကျွီ"

တဲတံခါးကိုတွန်းဖွင့်နေသည်က သေချာသွားပြီ။

"ဘယ်သူလဲဟေ့. . . တဲတံခါးကိုဖွင့်နေတာ"

ဒေါင်းပျံကလှမ်းမေးလိုက်သော်လည်း ထူးသံကိုမကြားရသဖြင့် စိတ်သွေးရှိပြီးစိတ်မြန်သောမဲကြီးမှာ ထရံကြားမှာ ဓါးရှည်ကိုဆုပ်ကိုင်ထားရင်း တံခါးပေါက်ရှိရာသို့လာခဲ့သည်၊

တဲအတွင်းသို့ဝင်ရောက်နေသောလရိပ်ရောင် တဲအတွင်းတွင် ဆင်သာမြင်သာရှိနေခဲ့သည်၊ တံခါးပေါက်အနီးသို့ ဒေါင်းပျံကြည့် လိုက်သည်၊

"ဘယ်သူမှလဲမရှိပါလား၊ ခြေသံကြားရဲ့သားနဲ့ ဘယ်လိုဖြစ် တာလဲ"

ဒေါင်းပျံကတွေးရင်း ဇဝေဇဝါဖြစ်သွားသည်။

"ဘယ်ကိုလိုက်ရှာနေတာလဲ ကိုဒေါင်းပျံရဲ့၊ ကျွန်မတော့ဒီမှာရှိ အတောင်း. . . ဟင်း"

မိန်းကလေးတစ်ဦး၏စကားသံကြောင့် တဲထောင့်သို့ ဒေါင်းပျံ



www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်လိုက်သည်။ တဲထောင့်တွင်အမှောင်ရိပ်လွှမ်းနေခဲ့၏။ ဝါးကြမ်းခင်းကို နင်းလာသောခြေသံက အမှောင်ထဲတွင် ပျံ့လွင့်လာသည်။

လရောင်ရိပ်အောက်သို့ ခြေသံရှင်မိန်းကလေးက ရောက်လာခဲ့သည်။ သူမ၏ဆံပင်များက ဖားလျားကျနေသည်။

"ဟင်. . . မင်း. . . မင်း. . . စိမ်းနွယ်. . . စိမ်းနွယ်"

"အဟင်း. . . ဟင်း. . . ကျွန်မစိမ်းနွယ်အစစ်ပါရှင်၊ စိမ်းနွယ်မဟုတ်ဘူးထင်နေလို့လား"

"စိမ်းနွယ်. . . နင်ကသေသွားခဲ့တာပဲ။ ဘယ်. . . ဘယ်လိုလုပ်ပြီး ငါ့ဆီပြန်လာခဲ့ရတာလဲ"

ဒေါင်းပျံက အသံတုန်တုန်ရီရီဖြင့်မေးသည်။

"လာ. . . လာ. . . မရဘူး. . . မရဘူး. . . လိုက်ခဲ့ရမယ်၊ လာစမ်းပါ. . . ရှင်လိုက်ခဲ့ရမယ်"

"မလိုက်ဘူး. . . မလိုက်ဘူး. . . ဘာဖြစ်လို့လိုက်ရမှာလဲ"

စိမ်းနွယ်က အေးစက်သောမျက်လုံးများဖြင့် ဒေါင်းပျံကို ကြည့်ရင်း ရှေ့သို့တိုးလာသည်။ ဒေါင်းပျံက စိမ်းနွယ်အား ဓါးရှည်ဖြင့် အတင်းဝင်ရောက်ခုတ်ပိုင်းလိုက်သည်။ သို့သော် ဒေါင်းပျံ၏ ပြင်းထန်သောဓါးချက်မှာ စိမ်းနွယ်ကိုမထိဘဲ လေကိုခုတ်ပိုင်းရသကဲ့သို့ ဖြစ်နေသည်။

"ကဲ. . . ကဲကွာ. . . ကဲကွာ"

"ဝှစ်. . . ဗှစ်. . . ဝှစ်"

ဒေါင်းပျံက ဓါးရှည်ဖြင့် တရစပ်ပင် သဲသဲမဲမဲခုတ်နေသည်။ စိမ်းနွယ်က နေရာမှာပင် ရပ်နေသလား၊ တိမ်းရှောင်နေသလားကို ဒေါင်းပျံ ဝေခွဲရခက်နေသည်။

"သူ. . . သူ. . . ဘာမှလည်းမဖြစ်ဘူး၊ ငါ့ဓါးချက်တွေက လေကိုခုတ်နေရသလိုပါပဲလား"

ဟုဒေါင်းပျံ၏စိတ်ထဲမှာ တွေးမိသည်။ စိမ်းနွယ်က ဓါးချက်များကြားမှ ရှေ့သို့တဖြည်းဖြည်းတိုးလာသည်။ ထို့နောက် စိမ်းနွယ်၏ လက်များက ရှည်ထွက်လာပြီး ဒေါင်းပျံကိုလှမ်းဆွဲလိုက်သည်။

"ငါ့. . . ငါ့ကို ချမ်းသာပေးပါ၊ ငါတောင်းပန်ပါတယ်. . . တောင်းပန်ပါတယ်"

ဒေါင်းပျံကအိန္ဒြေမဆယ်နိုင်အောင် ကြောက်ရွံ့နေသည်၊ စိမ်းနွယ်၏ လက်များက ဒေါင်းပျံ၏လက်ကို အမိအရဆုပ်ကိုင်မိသွား သည်။





"အား. . . လွှတ်ပါ. . . လွှတ်ပေးပါ"

ဒေါင်းပျံက အင်အားရှိသမျှ ရုန်းကန်သည်၊ ကံအားလျော်စွာ ရုန်းထွက်နိုင်ခဲ့သည်၊ သို့သော် စိမ်းနွယ်၏လက်များက ဒေါင်းပျံ၏ လည်ပင်းကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။ လက်များက အေးစက်နေသည်၊ ရေခဲတုံးတမျှ အေးစက်နေသည်မို့ ဒေါင်းပျံ ကြက်သီးထသွားသည်။

စိမ်းနွယ်၏လက်နှစ်ဖက်က ဒေါင်းပျံ၏လည်ပင်းကို တင်းကြပ်စွာ ညှစ်ညှစ်လာသည်၊ ဒေါင်းပျံက သူ့လက်နှစ်ဖက်ဖြင့် စိမ်းနွယ်၏ လက်များကို အင်အားရှိသ၍ ဖယ်ရှားပစ်နေပေမယ့်မရ၊ ကြာတော့ ဒေါင်းပျံ အသက်ရှုကြပ်လာသည်။

"အူး. . . ဝူး. . . ဝူး. . ."

ဒေါင်းပျံက ကုန်းအော်သည်။ အော်ဟစ်နေရင်း ဒေါင်းပျံ အိပ်ရာမှ လန့်နိုးလာသည်။ ဒေါင်းပျံက ပတ်ဝန်းကျင်ကို အထိတ်တလန့်ဝေ့ဝဲကြည့်လိုက်သည်။ တဲတံခါးမှာ အိပ်မက်ထဲကလို ပွင့်မနေခဲ့သော်လည်း သူ့ဆောင်ဓါးမှာ သူနှင့်အတူ အပေါက်ဝသို့ ရောက်ရှိနေခဲ့သည်ကိုတော့ ဒေါင်းပျံသတိထားမိသွားသည်။

"ငါ. . . ငါ. . . ဘာဖြစ်လို့ တဲတံခါးဝကို ရောက်နေရတာလဲ၊ အိပ်မက်လား၊ စိမ်းနွယ်က ငါ့ဆီကို တကယ်ပဲလာတာလား၊ တကယ်လို့ စိမ်းနွယ်က ငါ့ဆီကိုလာရင်လည်း တဲတံခါးကပွင့်နေရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် အိပ်လို့မဖြစ်ဘူး"

ဒေါင်းပျံက ကြောက်ရွံ့ခြင်း၊ စိတ်ရှုပ်ထွေးခြင်းများဖြင့် ဓါးရှည်ကို တောက်ကိုင်လိုက်သည်၊ ထို့နောက် ရေနံဆီမီးခွက်ကို မီးထွန်းညှိလိုက်သည်။ တဲအတွင်းတွင် အလင်းရောင်က ပျံ့နှံ့သွားသည်။

◆◆◆



www.burmeseclassic.com

## အခန်း (၇)
## အခဲမကြေရန်ငြိုး

"အောက်. . . အီးအီးအွတ်"
အောက်. . . အီးအီးအွတ်"

နံနက်ဝေလီဝေလင်းအချိန်တွင် သံတိုသံဖြတ်နှင့် တွန်လိုက်သော ကြက်တွန်သံကြောင့် တိုးကျော်သည် ကျောက်တောင်ထိပ်ဖျားတွင် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ မနေ့ညက သားရဲတိရိစ္ဆာန် များ၏အန္တရာယ်ကို တွေးပြီး အိပ်စက်ရန် နေရာရှေးတော့ ကျောက်တောင်ထိပ်ဖျားကို တွေ့သွားသည်။ ကျောက်တောင်ထိပ်ဖျားအနီးတွင် ကနစိုပင်ကြီးတစ်ပင် ကပ်ပေါက်နေသည်။ ထိုကနစိုပင်ကြီးပေါ်သို့တက်ပြီး ကျောက်တောင်ထိပ်ဖျားပေါ်သို့ ဆင်းလိုက်သည်။ ကျောက်တောင်ပေါ်မှ သစ်ရွက်ခြောက်များကို ကနစိုကိုင်းဖြင့် ထွင်းလိုက်တော့ အိပ်စရာနေရာရသွားသည်။ တစ်နေကုန်တောတွင်းထဲတွင် သွားလာနေရသည်မို့ တစ်ကိုယ်လုံးညောင်းညာနေသည်။ ကျောပိုးစိတ်ကို ခေါင်းအုံးကာ လဲလျောင်းနေလိုက်သည်။ သေနတ်ကိုတော့ ခေါင်းတင်ပြီး သူ့ဘေးနားတွင်ချထားလိုက်သည်။

တိုးကျော်သည် သူ့အဖေဦးအောင်ချမ်းကို သတိရသွားသည်။ သူတောတွင်းထဲသို့လာသဖြင့် သူ့အဖေဦးအောင်ချမ်းစိတ်ပူနေမည် ကို တိုးကျော်က သိနေသည်။ ထို့ပြင်ဦးအောင်ချမ်းက သူ့သားတိုးကျော်နှင့် ဦးနိတာ၏သမီးမြသက်တို့ကို စေ့စပ်ကြောင်းလမ်းမည့် ကိစ္စကရှိနေသည်။ ဦးနိတာတို့မိသားစုက သူ့အိမ်သို့လာလျှင် တိုးကျော်ကမရှိသဖြင့် သူ့အဖေဦးအောင်ချမ်းအဖြေရခက်နေမည်ကို တိုးကျော်တွေးပြီး စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေမိသည်၊ သို့သော် ဘာမှမတတ်နိုင်၊ တိုးကျော်က ဆင်ဆိုးကြီးကြာမောင်ကိုရှာဖွေပြီးသတ်ရန်သာ စိတ်ဆန္ဒပြင်းပြနေသည် မဟုတ်လား။

"ဩော်. . . မိုးတောင်လင်းလာမှပဲ"

တိုးကျော်က လှဲနေရာမှထထိုင်သည်၊ အနီနှင့်အနက်ရောင်စုံရောယှက်ထားသောကိုယ်လုံးကျစ်ကျစ်နှင့် တောကြက်မလေးသည် သစ်တိုင်းတစ်ခုပေါ်တွင် နားကာတွန်သံပေးလျက်ရှိလေ၏။

"အောက်. . . အီးအီးအွတ်"

ကြက်မလေး၏အောက်ဘက်မြက်ခင်းပြင်မှာတော့ ကြက်မလေးနှစ်ကောင်က အစာရှာဖွေစားသောက်နေကြသည်။

"တောအလှ၊ တောသဘာဝဟာ အတော်ကြည်နူးစရာကောင်းပါလား"

တောကြက်မောင်နှံကို မြင်ရသောတိုးကျော်၏ စိတ်အစဉ်သည် ရွာသို့ပျံ့လွင့်သွားရသည်။

သူ့အဖေဦးအောင်ချမ်းက သူနှင့်နေရာချပေးရန် စိတ်ကူးထားသော လုပချစ်စဖွယ်မျက်နှာလေးနှင့်မြသက်၊

ပူပင်သောကတို့ကိုရင်ဝယ်ပိုက်လျက် မအိပ်နိုင်၊ မစားနိုင် ဖြစ်နေရှာမည့် သူ့ဖခင်ဦးအောင်ချမ်း။

"အခု ငါလုပ်ရပ်ကမှန်ရဲ့လား"

တိုးကျော်ကရေရွတ်ရင်း သက်ပြင်းချလိုက်မိသည်၊

"ဒီနေ့ဆိုရင် ဆင်ဆိုးကြီးကြာမောင်ကို ငါရှာနေတာ သုံးရက်တောင်ရှိနေပြီ။ အရိပ်အယောင်တောင် မတွေ့ရသေးဘူး၊

တိုးကျော်က သူ၏မျက်လုံးအစုံကို မှိတ်ထားလိုက်သည်၊ ရင်ထဲမှ အုံကြွလာသောအလွမ်းအဆွေးများကို အသက်ပြင်းပြင်း ရှူရှိုက်ပြီး တားမြစ်လိုက်သည်၊

ဒေါသကြီးနေသောဆင်ဆိုးကြီးကြာမောင်က ပြေးလွှားရင်း မောဟိုက်ပြီး ခလုတ်တိုက်မိကာလဲကျသွားသော သူ့အစ်ကိုမိုးကျော်အား သူ့ခြေထောက်ကြီးနှင့်နင်းချေသတ်နေသည့်မြင်ကွင်းကို သူ့အတွေးထဲတွင် မြင်ယောင်နေမိသည်။

သူ့အဖေဦးအောင်ချမ်းပြောပြသော သူ့အစ်ကိုမိုးကျော်၏ မချိမဆန့်အော်သံကြီးကိုလည်း စိတ်ဖြင့်မှန်းဆပြီး ကြားယောင်နေမိသည်။

"ငါကြာမောင့်ကိုတွေ့အောင်ရှာရမယ်၊ ပြီးရင် အသေသတ်ရမယ်"





တိုးကျော်က ကျောက်တောင်ထိပ်ဖျားမှ ကနစိုပင်ကြီးပေါ်သို့ ကူးသည်၊ ကနစိုပင်ကြီးကိုတွယ်ကပ်ပြီး အောက်သို့ဆင်းလာခဲ့၏၊ တောကြက်မောင်နှံက သူ့ကိုရုတ်တရက်တွေ့လိုက်ရတော့ ကြောက်လန့်ပြီး အော်သံပြုသည်။

"ကတော်. . . ကတော်. . . ကတော်. . . ကတော်"

"အွတ်. . . အွတ်. . . အွတ်. . . အွတ်"

တောကြက်မောင်နှံက ခင်တန်းလေးအတွင်းသို့ လျှင်မြန်စွာ ပြေးဝင်သွားကြသည်၊

"ဖလပ်. . . ဖလပ်. . . ဖလပ်. . . ဖလပ်"

သူ့ရှေ့ခင်တန်းတစ်နေရာထဲမှ အသံကြားနေရသည်၊ တိုးကျော်က ယှက်လှမ်းနေသော ခြေလှမ်းများကိုရပ်တန့်ပြီး ရှေ့သို့ လှမ်းကြည့်လိုက်သည်၊

"ဒါ. . . ဒါ. . . ကြက်ခွပ်နေတဲ့အသံပဲ"

တိုးကျော်က ခြုံတစ်ခုကိုအကာအကွယ်ယူ၍ ကြည့်နေလိုက်သည်၊ သူနှင့်(၁၀)ပေခန့်သာ ကွာဝေးသောမြက်ခင်းပြင်တွင် တောကြက်ဖနှစ်ကောင် သဲသဲမဲမဲခွပ်နေကြသည်ကို တွေ့ရသည်၊

သည်တိုက်ပွဲယော်ကို တိုးကျော်စိတ်ဝင်စားသွားသည်။ ပွဲပြီးသည်အထိကြည့်မည်ဟုဆုံးဖြတ်ကာ မြက်ခင်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။

ကြက်တစ်ကောင်က ကိုယ်လုံးကိုယ်ထည်သေး၏၊ သို့သော် သူ့အတက်ကချွန်မြနေသည်။ ပြိုင်ဘက်ကောင်နှင့်ဆိုလျှင် ညီအစ်ကိုလောက်ကွာ၏၊

သို့သော်တောကြက်အငယ်ကောင်လေးက ဇွဲ လုံ့လနှင့် သတ္တိတို့ကို အစွမ်းကုန်အသုံးချကာ တိုက်ခိုက်လျက်ရှိလေ၏၊ တိုးကျော်က ဘာဆိုင်ညာမဆိုင် တောကြက်အငယ်ကောင်လေးကို နိုင်စေချင်နေသည်၊

"ချကွာ. . . ချ. . . အငယ်လေး၊ မင်းကအရွယ်သေးပေမယ့် သတ္တိကောင်းတယ်၊ ချသာချ၊ ကြိုးစားပြီး ခွပ်စမ်းကွာ၊ ဒီပွဲမှာ မင်းနိုင်မယ်"

တောကြက်အငယ်ကောင်လေးက ခုန်ပျံပြီးစုံကန်သည်၊

"ဟုတ်ပြီ. . . သိပ်ကောင်းတဲ့တိုက်ကွက်ပဲကွ၊ နောက်တစ်ချက်ထပ်ခွပ်လိုက်ဦး"

အကြီးကောင်မှာ အငယ်ကောင်၏ခွပ်ချက်ကြောင့် ခေါင်းငိုက်


www.burmeseclassic.com

www.burmeseclassic.com


သွားလေ၏။ သို့သော် ဖွဲ့မလျှော့၊ အရှုံးမပေးသေး၊ အငယ်ကောင်ကို နှုတ်သီးဖြင့် ခြေဖြင့် ဆိတ်သည်။ ကြွက်အငယ်ကောင်က ရှောင်လိုက်တာ အကြီးကောင်၏ ခေါင်းကို စုံတန်ချလိုက်သည်။

"ကွတ်. . . ကွတ်. . . ကွတ်"

အကြီးကောင်တနာကျင်သံပြု၍ ခေါင်းငိုက်ဖြင့် မြေကြီးပေါ်သို့ ခပ်တျသွားလေ၏။

"ကွတ်. . . ကွတ်. . . ကွတ်"

ကြွက်အငယ်ကောင်က ဒေါသမပြေသေးဘဲ နောက်တစ်ချက် ပြင်းပြင်းခွပ်လိုက်သည်။

"ဖုန်း"

"ကွီး"

ကြွက်အကြီးကောင်မှာအကြောဆွဲပြီး ငြိမ်သက်သွားလေ၏။ တိုးကျော်တ ကြွက်နှစ်ကောင်၏အနီးသို့ လျှောက်လာသည်။ ကြွက်အငယ်ကောင်က အကြီးကောင်၏မျက်နှာကို နှုတ်သီးဖြင့် ဆိတ်နေသည်။

"တော်ပါတော့ကွာ. . . သူသေသွားပါပြီ"

တိုးကျော်၏စကားကြောင့် ကြွက်အငယ်ကောင်က လန့်ပြီး ထခုန်သည်။ သစ်ကိုင်းတစ်ခုပေါ်သို့ ခုန်တတ်သွားပြီး အတောင်ပံကို တဖြန်းဖြန်း ရိုက်တာ တွန်ကျူးနေလေ၏။

"အောက်အီးအီးအွတ်. . . အောက်အီးအီးအွတ်"

တိုးကျော်က ကြွက်နှစ်ကောင်၏တိုက်ပွဲကို ကြည့်ရှုပြီး အတွေး တစ်ခုရရှိလိုက်သည်။

"တိုက်ပွဲဆိုတာ ခွန်အားသေးပေမယ့် အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်နဲ့ ဇွဲသတ္တိကောင်းရင် အောင်ပွဲခံတာပဲ။ အကောင်အထည် ထုထည် ကြီးမားတာနဲ့ ဘာမှမဆိုင်ဘူး"

တိုးကျော်သည် သူ့အတွက်ရရှိလိုက်သော သင်ခန်းစာက သူ့ အတွက်ခွန်အားတစ်ရပ်တိုးသွားစေသည်ဟု ခံယူမိသည်။ ထို့နောက် တိုးကျော် သည် ကြွက်သေကိုကောက်ကာ ခရီးဆက်ခဲ့ပြန်လေသည်။

တစ်နေရာသို့အရောက်တွင် တိုးကျော်က ကြွက်သေကို အမွေးနှုတ် သည်။ စမ်းချောင်းငယ်ထဲသို့သွားကာ ကြွက်သေကိုရင်ခွဲပြီး အထဲက ကလီစာ များကို ထုတ်ပစ်သည်။ ကြွက်သေကို ရေစင်ကြယ်အောင်ဆေးကြောပြီး မီးမွေးကာ ကြွက်ကင်သည်။ ထင်းခြောက်များကြောင့် မီးအရှိန်က ကောင်း နေသည်။ မကြာမီ ကြွက်သားကင်နံ့က ပျံ့ထွက်လာသည်။ တိုးကျော်က ကြွက်ကင်ကို အနည်းငယ်အအေးခံထားရင်း ကျောက်ဆောင်တစ်ခုကိုမှီကာ အမောအပန်းဖြေနေမိသည်။ ကံကောင်းထောက်မ၍ မသတ်ဖြတ်ရဘဲ ကြွက်ကင်စားရခြင်းကို ပီတိဖြစ်နေမိသည်။

တိုးကျော်က ကြွက်ကင်ကိုစားရင်း ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ရှုနေမိသည်။ ဆင်ဆိုးကြီးကြာမောင်ကို ရှာဖွေသတ်ဖြတ်ဖို့ မိမိမှာ အားအင်တွေ ပြည့်ဝနေမှဖြစ်မည်။ ကမ္ဘာ့မီးလောင်သားတောင်ချ နင်းဆို သည့်စကားလို မိမိအားအင်ပြည့်ဝစေရေးအတွက် သားကောင်များကို သတ်ဖြတ်စားသောက်ရန် တိုးကျော်ဆုံးဖြတ်လိုက်သည်။

ကြွက်ကင်တစ်ကောင်လုံးကုန်သွားတော့ တိုးကျော်ဗိုက်တင်း သွားသည်။ ရေဘူးထဲမှရေကိုမော့သောက်ရင်း ထိုင်ရာမှထလိုက်သည်။ ဆင်ဆိုးကြီးကြာမောင်ကိုရှာဖွေရန် ဆက်လက်ခရီးဆက်ခဲ့သည်။

◆◆◆

တိုးကျော်ထွက်ခွာသွားပြီး မကြာမီထိုနေရာပတ်ဝန်းကျင်သို့ မုဆိုးကြီးဦးသောင်းရင်၊ တောခေါင်းကြီးဦးလှထွန်းတို့အဖွဲ့ ရောက် လာကြသည်။

မုဆိုးကြီးဦးသောင်းရင်က မီးခိုးတွေအူထွက်နေသောနေရာသို့ သွားခဲ့သည်။ ထိုနေရာမှအခြေအနေကိုအကဲခတ်ပြီး. . .

"ဒီကြွက်မွေးတွေနဲ့မီးဖိုကိုကြည့်ရင် တိုးကျော်ဒီနေရာက ထွက်ခွာသွားတာ သိပ်မကြာသေးဘူးဗျ"

ဟုမုဆိုးကြီးဦးသောင်းရင်တပြောသည်။ တောခေါင်းကြီး ဦးလှထွန်းနှင့်ရွာသားများက တိုးကျော်စခန်းချသွားသော ပျဉ်းကတိုးဝင် ကြီးအောက်မှာ မီးဖိုနှင့်ကြွက်မွေးတို့ကို လာရောက်ကြည့်ရှုပြီး ခေါင်းတ ဆတ်ဆတ်ညိတ်နေသည်။

"သူဒီနေရာကထွက်ခွာသွားတာ သုံးလေးနာရီလောက်ပဲ ရှိဦး မယ်ထင်တယ်"

မုဆိုးကြီးဦးသောင်းရင်က ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုရင် ကျုပ်တို့က တိုးကျော်နောက်ကလိုက်နေသလို ဖြစ်နေတာပေါ့"

တောခေါင်းကြီးဦးလှထွန်းကပြောသည်။

"သူလည်း ကျုပ်တို့ကို ဖိုးသူဝဆင်နင်းအသတ်ခံရတဲ့နေရာကို ဝတိုဖြုပြီး (၂)မိုင်ပတ်လည်လောက် ဝိုက်ပြီးရှာနေတာဆိုရင်တော့ လမ်းကြောင်းချင်းတူနိုင်တာပေါ့ဗျာ"

ရွာသားများက ထိုင်ကာနားနေကြသည်။

"ဒီကောင်က ရွာမှာတော့ခပ်အေးအေးနေတတ်တဲ့ကောင်ဗျ"

မုဆိုးကြီးဦးသောင်းရင်က တိုးကျော်အကြောင်းသိထားသမျှ ပြောနေသည်။

"လူဆိုတာ ဒီလိုပဲပေါ့ ကိုသောင်းရင်ရယ်။ အရေးအကြောင်း မပေါ်ခင်တော့ အေးအေးဆေးဆေးနေတတ်တာပေါ့၊ ကိုယ့်အရေး အကြောင်းနဲ့ဆင်တူတဲ့ကိစ္စပေါ်လာပြီဆိုတော့လည်း မခံချင်စိတ်နဲ့ ကိုယ့်မှာ ရှိတဲ့စွမ်းအားတွေ၊ ခွန်အားတွေဟာ အလိုလိုပေါ်ထွက်လာ တတ်ကြတာ ပေါ့ဗျာ"

"သူ့အဖေဦးအောင်ချမ်းတုန်းကလည်း သူ့သားကြီးမိုးကျော် ဆင်နင်းအသတ်ခံရတဲ့နေ့က ရွာကိုပြန်မလိုက်တော့ပါဘူး။ ဆင်ဆိုးကြီးကို လိုက်ရှာပြီးသတ်မယ်လုပ်နေလို့ ကျုပ်တို့က မနည်းချော့မော့ပြီး ပြန်ခေါ် လာခဲ့ရတာ၊ ရွာပြန်ရောက်တော့လည်း တောထဲသွားဖို့ ပြင်ဆင်ပြန်တယ်။ ရွာဦးကျောင်းဆရာတော်က သူ့ကျောင်းကိုခေါ်ပြီး တရားနဲ့ဆင်ခြင်ဖို့ ဆုံးမတော့မှ အောင်ချမ်းက စိတ်လျှော့သွားတာ၊ အဲဒီအချိန်တုန်းက တိုးကျော်က အသက်(၁၂)နှစ်သားအရွယ် လောက်ပဲရှိဦးမယ်။ သူက ကလေးအရွယ်ဆိုပေမယ့်လည်း သူ့အစ်ကို ဆင်နင်းအသတ်ခံရမှန်းသိတော့ ခံပြင်းစိတ်ဖြစ်နေတာပေါ့၊ အဲဒီခံပြင်းစိတ်က ဖိုးသူဝအသတ်ခံရတော့မှ ပြန်ပေါ်လာတယ်"

"လူဟာရင်ထဲကမှာ တကယ်ထိခိုက်ကြေကွဲသွားပြီဆိုရင် တန်ပြန်ချင်တဲ့စိတ်က ဘယ်လိုမှဖိနှိပ်တားဆီးထားလို့မရဘူးဗျ"

"အင်း"

"ပြီးတော့ကြေကွဲစိတ်ဟာ သတ္တိရှိတဲ့သူအတွက်ဆိုရင် တန်ပြန် တော်လှန်ချင်တဲ့စိတ်ကို အထောက်အကူပြုစေတယ်"

"အောင်ချမ်းတုန်းကဆိုရင် မင်းရဲ့သားအလောင်းက ရွာကို ဝါလာပြီ၊ မင်းကပါမလာဘူးဆိုရင် မင်းမိန်းမက သားသေ၊ လင်ဆုံးတဲ့



ဝဋ္ဋာဘဝရောက်သွားလိမ့်မယ်၊ မင်းမှာအရွယ်မရောက်သေးတဲ့ သား တစ်ယောက်ကျန်နေသေးတာ သတိထားဦးဆိုပြီးပြောတော့မှ သူသဘော ပေါက်ပြီး ရွာပြန်လိုက်ခဲ့တာဗျ။ အောင်ချမ်းက တနင်္ဂနွေသား၊ ခေါင်းမာ တယ်၊ ဒေါသကြီးတယ်၊ အခုအရွယ်ရသွားလို့ စိတ်လျှော့သွားတာ။ ကျုပ်တို့ကလည်း နည်းနည်းလိုသွားတယ်၊ အဲဒီနေ့ကတည်းက သစ်တောဝန်ထမ်းတွေနဲ့အတူ နောက်ကလိုက်သွားရင် ဆင်ဆိုးကြီးကြာမောင်တို့ ချုတ်ခြေပြတ်သွားစရာမရှိဘူးပေါ့ဗျာ"

"ဒါက ကိုသောင်းရင်ထင်တာကိုး၊ သစ်တောဝန်ထောက် မှတ်နှာဖြူအစိုးရရဲ့ဘက်တော်သားဖြစ်နေတော့ ခင်ဗျားတို့အရေးကို ဝရှိုက် မှာမဟုတ်ဘူး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ထားကိုထားမှာ အမှန်ပဲ"

"အင်း. . . ကိုလှထွန်းပြောတာ ဟုတ်ပါတယ်လေ၊ အခုလည်း သူနိုင်ကိုယ်နိုင်ဆင်နွှဲဖို့ အသက်စွန့်ပြီးလာကြတာပဲ၊ သူနိုင်ကိုယ်နိုင်ဆိုတာ ပွဲပြီးမှ သိရမှာမဟုတ်လား"

"ဒါနဲ့ ကျုပ်တို့လည်း စခန်းချကြရအောင် ကိုသောင်းရင် ကြာခင်မှာ နေဝင်တော့မယ်ဗျ"

"တောခေါင်းကြီးသဘောပါပဲ"

သူတို့အဖွဲ့သည် ပျဉ်းကတိုးပင်ကြီး၏အရိပ်အောက်မှာပင် စခန်းချ ကြသည်။ တိုးကျော်ထားခဲ့သောမီးမသေသေးသည့်မီးဖိုထဲသို့ ထင်းခြောက် များထည့်ကာ မီးဖိုသည်။

"တိုးကျော်တောထဲတောင်ထဲမှာ မီးကိုအသုံးပြုပြီး မြွမ်း သတ်ခဲ့တာကတော့ မကောင်းဘူး။ လေပြင်းတိုက်ခတ်လို့မီးလွင့်ပြီး တောမီးလောင်ရင် ရွာတွေဘက်ကို ကူးခတ်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး တွေ့မှ သတိပေးဆုံးမရဦးမယ်"

"ဟုတ်တယ်. . . တောခေါင်းကြီး။ ဒီကောင်လေး ဒါတွေ နားမလည်ဘူး"

သူတို့အဖွဲ့သည် ညစာစားပြီးသည်နှင့် ရေနွေးကြမ်းတည် သောက် ကာ စကားဝိုင်းဖွဲ့ပြောဆိုနေကြသည်၊ တောခွေးများ၏အူသံကို ဟိုးအဝေး ဆီမှကြားနေရသည်၊ မီးဖိုထဲသို့ ဝါးစိမ်းများထည့် ထားလိုက်သည်၊

"ဒိုင်း"

"ဒိုင်း"


www.burmeseclassic.com

www.burmeseclassic.com

ဝါးစိမ်းများ၏အဆစ်ပေါက်သံက သေနတ်သံကဲ့သို့ဖြစ်ရာ သားရဲ တိရိစ္ဆာန်များတကြောက်လန့်ပြီး မလာရဲတော့ပေ။

◆◆◆

ဦးအောင်ချမ်းတ ညနေကတည်းက သံချောင်းနှင့်အတူ အရက် သောက်နေသည်။ သန်းလွင်က သူတို့နှစ်ယောက်အတွက် လိုအပ်သည် များကို စီစဉ်ပေးပြီးသည်နှင့် အိပ်ရာထဲသို့ဝင်သွား၏။

ညဉ့်နက်ချိန်တွင် သံချောင်းကအရက်မူးလွန်ပြီး ကြမ်းပြင်ပေါ်မှာ ဝင် အိပ်ပျော်သွားသည်။ ဦးအောင်ချမ်းက သံချောင်းကို ကြည့်ပြီး. . .

"ဟား. . . ဟား. . . သံချောင်း. . . သံချောင်း၊ နာမည်က သာသံချောင်း၊ ပျော့လိုက်တာကွေးလို့တောင်ရတယ်။ အဖော်များရှိ မလားလို့က သူ့ကိုသောက်ခိုင်းပါတယ်။ သူကအရက်မူးပြီး မှောက်သွားပြီ၊ ငါလည်းတအားမူးနေပြီ။ မင်းက ကြမ်းပြင်ပေါ်မှာပဲအိပ်၊ ငါလည်း သွားအိပ်တော့မယ်။ ဟိုကောင်တိုးကျော်က တောထဲမှာ ဘယ်အခြေအနေ ရောက်နေသလဲမသိဘူး။ ငါ့သားလေးဘေးကင်းပါစေ၊ ရန်ကင်းပါစေ အရက်သောက်ပြီးတောင်းတဲ့ဆုဆိုတော့ ပြည့်ပါ့မလား မသိဘူး။ တို့က ဆရာတော်ဟောဖူးသလို သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ ဘာတတ်နိုင်မှာလဲ"

ဦးအောင်ချမ်းက ဒယီးဒယိုင်နှင့် ဟိုတိုက်သည်လဲဖြင့် အခန်းထဲသို့ ဝင်သွားသည်၊ အိပ်ခန်းထဲက ကုတင်ပေါ်သို့ရောက်လျှင် သူ၏ခန္ဓာ ကိုယ်ကြီးကိုပစ်လှဲချလိုက်သည်။ ခြင်ထောင်ချဖို့ပင် သတိမရတော့။

"ဦးအောင်ချမ်း"

သူ၏လက်ကောက်ဝတ်ကိုလာ၍ ထိကိုင်ထားသည့် အေးစက်သော အထိအတွေ့ကြောင့် ဦးအောင်ချမ်းလန့်သွားသည်။ သူ၏အိပ်ခန်းထဲတွင် ညဦးပိုင်းကတည်းက ထွန်းညှိထားသော ရေနံဆီမီးအိမ်၏ အလင်းရောင် ဖြာကျနေသည်။ ဦးအောင်ချမ်းက မျက်စိတို့ဖွင့်ကြည့်လိုက်သည်။ အရက် ရှိန်ကြောင့် မှေးစင်းစင်းဖြစ်နေသော သူ၏မျက်လုံးများက ပြူးကျယ် သွားရသည်။ သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားသူမှာ. . .

"ဟင်. . . နင်. . . နင်. . . စိမ်း. . . စိမ်းနွယ်. . . နင်ဘာ





လာလုပ်တာလဲ. . . သွား. . . သွား"

ဦးအောင်ချမ်းက သူ့လက်ကိုဆောင့်ရုန်းရင်းပြောနေရာ သူ၏ အသံများက တုန်ရီနေသည်။

"အဟင်း. . . ဟင်း. . . ဦးအောင်ချမ်းကလည်း အခုမှဘာလို့ ကြောက်နေရတာလဲ၊ စိမ်းနွယ်လေ၊ ဦးအောင်ချမ်းတပ်မက်ခဲ့တဲ့ စိမ်းနွယ်ပါ။ ဒီနေ့မှ ဦးအောင်ချမ်းနဲ့အတူ နေချင်လို့လာခေါ်တာ၊ စိမ်းနွယ်နဲ့အတူ လိုက်ခဲ့ရမယ်နော်"

စိမ်းနွယ်ကဦးအောင်ချမ်း၏လက်ကို အတင်းဆွဲခေါ်နေသည်။ ဦးအောင်ချမ်းက အားအင်ရှိသမျှ ရုန်းကန်နေသည်။ နောက်ဆုံးတော့ ဦးအောင်ချမ်းမှာ စိမ်းနွယ်ဆွဲခေါ်ရာနောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ပါလာသည်။

"ငါ့ကိုမခေါ်နဲ့. . . ငါမလိုက်ဘူး"

"လာပါဦးအောင်ချမ်းရဲ့"

"အောင်မလေး. . . လာကြပါဦး. . . ကယ်ကြပါဦး"

ဦးအောင်ချမ်း၏အော်သံကြောင့် အရက်မူးပြီးအိပ်ပျော်နေသော သံချောင်းနှင့် အောက်ထပ်တွင်အိပ်ပျော်နေသောသန်းလွင်တို့ နိုးသွားတာ ဦးအောင်ချမ်း၏အခန်းထဲသို့ ပြေးဝင်လာကြလေ၏။

"ဆ. . . ဆရာဘာဖြစ်တာလဲ"

သံချောင်းကမေးသည်။

"ဦးလေးဘာဖြစ်တာလဲ"

"ဟင်း. . . သံ. . . သံချောင်း"

ဦးအောင်ချမ်းအိပ်ပျော်နေရာမှ နိုးသွားသည်။

"ဆရာ ဘာဖြစ်လို့အော်တာလဲ"

"ငါ. . . ငါ. . . အိပ်. . . အိပ်မက်ဆိုးတွေမက်နေတာ။ အိပ်မက်ထဲမှာ သေသွားတဲ့စိမ်းနွယ်က ငါ့ကို သူနဲ့အတူနေဖို့ သချိုင်းတုန်း ဆီကို ခေါ်နေတာ"

ဦးအောင်ချမ်း၏မျက်နှာတွင် ချွေးသီးများထွက်နေသည်၊ သူ့ ခန္ဓာကိုယ်လုံးသည် နတ်ဝင်သည်ပမာ တုန်နေသည်။ သန်းလွင် ခပ်သုတ် ယူလာသောရေကို ဦးအောင်ချမ်းကဖြည်းညင်းစွာသောက်ပြီး. . .

"ဒီည မင်းတို့ ငါ့အနားမှာလာအိပ်ပေးကြပါကွာ၊ ငါအရမ်း ကြောက်နေမိတယ်။ စိမ်းနွယ်က မကျွတ်မလွတ်သေးတဲ့ဘဝနဲ့ ငါ့ကို


www.burmeseclassic.com

www.burmeseclassic.com

ချောက်လှန့်နေတာ ဖြစ်မယ်"

"ဒီည ဦးလေးအရက်သောက်တာများတယ်၊ အရက်မူးလွန်ပြီး စိတ်ထင်ရာတွေ မြင်မက်နေတာဖြစ်မှာပါ"

ဦးအောင်ချမ်းက အိပ်ရာပေါ်တွင် လဲလျောင်းရင်းအသက်ကို မှန်မှန်ရှူနေသည်၊

"ဦးလေးအိပ်ပျော်သွားအောင်ပြန်အိပ်လိုက်လေ"

သန်းလွင်က ဦးအောင်ချမ်း၏ဘေးတွင်အိပ်ရင်း ပြောသည်၊

"အေးပါကွာ. . . ငါ့ရင်ထဲမှာမောနေလို့၊ ငါ့သားလေးတိုးကျော်လည်း တောထဲမှာဘာတွေဖြစ်နေတယ်မသိဘူး၊ သူ့အတွက် စိုးရိမ်စိတ်နဲ့အရက်တွေသောက်နေမိတာ"

"မုဆိုးဦးသောင်းရင်နဲ့တောခေါင်းကြီးတို့အဖွဲ့လိုက်သွားတြပြီပဲ၊ မကြာခင်ပြန်ရောက်လာတော့မှာပါ ဦးလေးရယ်"

သံချောင်းက ဦးအောင်ချမ်း၏ကုတင်ဘေးမှ ကြမ်းပြင်ပေါ်တွင် အိပ်မောကျနေလေပြီ၊

"တောက်. . . တော်တော်အားကိုးရတဲ့သံချောင်း၊ သူက အရင်အိပ်ပျော်နေပြီ"

ဦးအောင်ချမ်းက စိတ်ပျက်စွာပြောနေလေ၏၊

◆◆◆



အခန်း (၈)

ဟိုတောင်တန်းသို့လှမ်းလာခဲ့ပြီ

တိုးကျော်က တောင်တန်းတစ်ခုကိုဖြတ်ကျော်လာခဲ့သည်၊ ထို့နောက် တောင်ခြေသို့ဆင်းလာသည်၊ ရှေ့မနီးမဝေး၌ လှိုဏ်မြောင်တစ်ခုကို တွေ့လိုက်ရသည်၊

လှိုဏ်ကကျယ်ပြန့်ပြီး စမ်းချောင်းငယ်တစ်ခုက ဖြတ်သန်း စီးဆင်းနေသည်၊ တိုးကျော်က စမ်းချောင်းထဲသို့ဆင်းပြီးကိုယ်လက် သန့်စင်နေသည်၊ စမ်းချောင်းပတ်ဝန်းကျင်သို့ မျက်စိကိုကစားရင်း အကဲခတ်သည်၊ စမ်းချောင်းရေက ကြည်လင်နေသည်၊ တိုးကျော်က ရေထဲသို့ဆင်းပြီး ရေစိမ်နေချင်မိသည်၊ သို့သော် နေမကောင်းဖြစ်နေမည်ကို စိုးရိမ်၍ စိတ်ကိုတားဆီးလိုက်ရသည်၊

နံဘေးတစ်ဖက်တစ်ချက်စီမှ တော်တောင်တန်းငယ်နှစ်ခုက လှိုဏ်မြောင်ကို အရိပ်အာဝါသကောင်းစေရန် ဖန်တီးပေးထားသကဲ့သို့ရှိသည်၊

တိုးကျော်သည် သေနတ်ကိုမောင်းတင်၍ လှိုဏ်မြောင်ထဲသို့ ဆင်းလာခဲ့သည်၊

"အစ်. . . အစ်. . . အစ်"

"ဝေါင်း. . . ဝေါင်း"

သူ့ရှေ့မနီးမဝေးမှ ဝက်အော်သံနှင့် ကျားဟိန်းသံနှစ်သံ ရောထွေးပြီး ထွက်ပေါ်လာသည်၊ ရုတ်တရက်မို့ တိုးကျော်အားမ မြင်ရသေး၊

"ဝေါင်း"

www.burmeseclassic.com


"အစ် . . . အစ်"

ဆူညံသောကျားအောင်သံနှင့် ဝက်အော်သံတို့ကိုသာ ကြားနေရပြီး သစ်ဝင်ငယ်တို့ ယိမ်းထိုးလှုပ်ရှားနေသည်ကိုသာ တွေ့ရသည်။ လျှိုမြောင်ထဲရှိငှက်များက လန့်ဖျတ်ပြီးဖျံသန်းသွား ကြသည်။ ယုန်နှစ်ကောင်က ခုန်ပျံကျော်လွှားကာ သူ့အနီးမှဖြတ် သန်းပြေးသွားသည်။ တိုးကျော်က အကာအကွယ်နေရာမှ အသံကြားရာသို့ လိုက်ကြည့်နေမိသည်။

တိုးကျော်တွေ့လိုက်ရပါပြီ။ သည်းသည်းမည်းမည်းတိုက်ခိုက်နေကြသော တိရစ္ဆာန်နှစ်ကောင်။

(၆)တောင်ခန့်ရှိသော ကျားလေးတစ်ကောင်နှင့် ပိဿာချိန် အစိတ်ခန့်ရှိမည်ထင်ရသော တောဝက်ကြီးတို့၏တိုက်ပွဲကို တိုးကျော်မြင်တွေ့လိုက်ရခြင်းဖြစ်သည်။

"ဒီတိုက်ပွဲကြားမှာ ငါညပ်သွားလိမ့်မယ်။ အသာကြည့်ရင်း အခြေအနေကို အကဲခတ်နေတာကောင်းမယ်"

တိုးကျော်က မောင်းတင်ထားသော သေနတ်ကိုကိုင်၍ လျှိုအတွင်းသို့ စူးစူးစိုက်စိုက်ကြည့်နေမိလေ၏။

ဤတိုက်ပွဲကား သာမာန်ကြက်ခွပ်ပွဲလေးလိုမဟုတ်။ ပွဲကြီးပွဲကောင်းဖြစ်လေသည်။

"တကယ့်ကို ရက်စက်ကြမ်းကြုတ်တဲ့တောတွင်းတိုက်ပွဲတစ်ခုပါလား"

BURMESE CLASSIC .com

တိုးကျော်ကရေရွတ်ရင်း သက်ပြင်းချလိုက်မိသည်။

"ဂရား . . . ဂူး . . . ဂူး"

တောဝက်နှင့်ကျားပေါက်လေးတို့က တစ်ကောင်နှင့်တစ်ကောင် (၁၀)ပေအကွာမှ မာန်ဖီကာတိုက်ခိုက်ရန် ချောင်းမြောင်းနေကြသည်။ သူတို့နှစ်ကောင်၏အနေအထားကိုကြည့်ရသည်မှာ တစ်ကြိမ်တေ တိုက်ခိုက်ခဲ့ပြီးနောက်တိုက်ပွဲကိုခေတ္တရပ်ကာ မာန်ဖီနေကြကြောင်းသိသာလှသည်။

နှစ်ကောင်စလုံးတွင် ဒဏ်ရာများပြင်းထန်စွာရရှိထားသော်လည်း အရှုံးပေးမည့်ပုံမပေါ်၊ တစ်ကောင် (သို့မဟုတ်) နှစ်ကောင်စလုံးသေမှ တိုက်ပွဲတပြီးဆုံးသွားမည့်ပုံပင်။

"ဒါကြက်ပွဲမဟုတ်ဘူး။ ငါအော်တစ်အားပေးနေလို့မဖြစ်ဘူး နှစ်ကောင်စလုံးက တောတွင်းရာဇာတွေ၊ အနိုင်မခံ အရှုံးမပေး တိုက်ကြလိမ့်မယ်"

တိုးကျော်က တောတွင်းရာဇာနှစ်ကောင်၏ အခြေအနေကို စောင့်ကြည့်နေဆဲမှာပင် တောဝက်ကြီးက ရှေ့သို့တဖွတ်ထိုးတိုး၍ အစွယ်နှင့်ခတ်လိုက်သည်။

"ဝေါင်း"

ကျားပေါက်တဟိန်း၍ နောက်ပြန်ပစ်လိုက်သည်။ သို့သော်ကျားပေါက်ကလေးပြန်အကျတွင် တောဝက်ကြီး၏အစွယ်က ရင်ကိုခွဲချမိလျက်သားဖြစ်သွားသည်။ ကျားပေါက်လေး၏လက်သည်းအစုံကလည်း တောဝက်ကြီး၏မျက်နှာကို အားမာန်အပြည့်နှင့် ကုတ်ဆွဲမိသွားသည်။

"အူး"

"ဝေါင်း"

တောဝက်ကြီးမှာ သုံးလေးပေခန့်သို့ လွင့်ထွက်သွားပြီး လဲကျသေဆုံးသွားလေ၏။ ကျားပေါက်ကလေးမှာလည်း ဝမ်းဗိုက်အတွင်းမှ အူများထွက်ကျလာကာ လဲကျသေဆုံးသွားတော့သည်။

ကြမ်းတမ်းသောတိုက်ပွဲမှာ ပြီးဆုံးသွားခဲ့လေပြီ။ တိုးကျော်ချောင်းမြောင်းကြည့်နေရာမှ မတ်တပ်ထရပ်ကာသက်ပြင်းချလိုက်မိသည်။

"သူတို့ဘာကြောင့် အသေအကြေတိုက်ခိုက်ကြတာလဲ။ နယ်မြေလုတာလား၊ ရန်ငြိုးကြောင့်လား"

တိုးကျော်၏ရင်ထဲတွင် တဆတ်ဆတ်ခုန်နေသည်။ သူသည် တံလျှပ်ထွားပုံသဏ္ဍာန်ရှိသောတောင်ကုန်းငယ်လေး၏ထိပ်တွင်ထိုင်လျက် အရှေ့သို့ကြည့်နေမိသည်၊ သူရှိရာတောင်ခြေမှတိုက်ငါးဆယ်ခန့်အကွာ မြက်ခင်းနုပြင်သည် စမ်းရေအိုင်လေးတစ်ခုနှင့် သစ်ပင်ငယ်များအုပ်ဆိုင်း လျက်ရှိသော တောင်ခြေတွင်အဆုံးသတ်သွားသည်။

စမ်းရေအိုင်၏ပတ်ပတ်လည်တွင် ရွှက်နုဖူးဝေသော သစ်ပင်ငယ်တို့သည် အစီအရီပေါက်ရောက်လျက်ရှိပြီး ထိုတောအုပ်တလေး အကြားတွင် ဆင်ဆိုးကြီးကြာမောင်က အေးချမ်းငြိမ်သက်စွာဖြင့် ရွှက်နုလေးများကို ဆွတ်စားသုံးလျက်ရှိလေသည်။

တစ်ဖက်တွင်တောင်တန်းငယ်ကရှိနေသည်၊ တစ်ဖက်တွင် တောနယ်စပ်တဆုံးမျှော်မဆုံးသော မြက်ရိုင်းတောလွင်ပြင်တရှိနေသည်။

တိုးကျော်က ဦးတင်းတွင် ကြာခွတ်ပါသော ရွှက်နုတလေးတလေများကို ဆွတ်စားသောက်နေသောဆင်ကိုမြင်သည်နှင့် ဆင်ဆိုးကြီး ကြာမောင်မှန်း ချက်ချင်းသိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ငါတစ်တောဝင်တစ်တောင်တက်နဲ့ စိတ်ပင်ပန်းလူအဝင်ဝန်းခံပြီး ရှာဖွေနေခဲ့တာ ကြာမောင်၊ အခုတော့ မင်းကို ငါတွေ့ရပြီ အတားဟား"

တိုးကျော်ကကြိတ်၍ ရေရွတ်ရင်း ရယ်မောလိုက်သည်။

ဆင်ဆိုးကြီးကနောက်ကလိုက်နေ၍ အသက်ကိုလုပြီး ပြေးနေသော သူ့အစ်ကိုမိုးကျော်၏ပုံရိပ်များ။

ပြေးလွှားရင်းမောဟိုက်ကာ ခလုတ်တိုက်ပြီး လဲကျသွားသော မိုးကျော်၏အသွင်အပြင်။

မိုးကျော်ကို ရက်ရက်စက်စက်ခြေဖြင့်နင်းကာသတ်နေသော ဆင်ဆိုးကြီးကြာမောင်၏ဟန်။

ဆင်နင်းအသတ်ခံရသောသားကြီး၏အလောင်းနောက်မှ ငိုယိုကာ အံကြိတ်လျက်ရွာသို့ပြန်လာသော သူ့ဖခင်ဦးအောင်ချမ်း၏ ကြေကွဲနေသောမျက်နှာ။

သားကြီးသေဆုံးသွားပြီကိုသိလိုက်ရသဖြင့် ရင်ထုမနာဖြစ်ကာ ငိုယိုနေရင်းမှ သတိမေ့သွားသော သူ့အမေ၏ရုပ်ပုံလွှာ။

သူ၏အစ်ကို၏ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောအလောင်းကို ရွာသားများနှင့်အတူ သင်္ချိုင်းထဲတွင်လိုက်ကြည့်ပြီး ဒေါသဖြစ်နေရှာသော တိုးကျော်၏ရန်ငြိုး။

သည်လှုပ်ရှားမှုပုံရိပ်များနှင့် ခံစားမှုများက တိုးကျော်၏စိတ်ကို နှိုးဆွပေးနေပြီ။

"နောက်ဆုံးတော့ မင်းငါ့လက်ထဲက ပြေးမလွတ်တော့ပါဘူး ကြာမောင်ရယ်။ ငါ့အစ်ကိုနဲ့ဖိုးသူဝကို မင်းက ရက်ရက်စက်စက် နင်းချေသတ်ခဲ့တယ်လေ။ အဲဒီအတွက် မင်းအသက်ကို ငါ့ကိုပေးဆပ်ရလိမ့်မယ်"

တိုးကျော်က ကြိမ်းဝါးလိုက်သည်။ ဆင်ဆိုးကြီးကြာမောင်က တိုးကျော်ကို နောက်ခိုင်းထားလျက်သစ်ရွက်နုများကို ငြိမ်သက်စွာစားသောက်နေဆဲဖြစ်သည်။

သူ၏နောက်ကျောဘက်တွင် သူ့ကိုသတ်ဖြတ်တော့မည့် ရန်သူရောက်ရှိနေသည်ကို ဆင်ဆိုးကြီးကြာမောင်က လုံးဝသတိမထားမိပေ။

တိုးကျော်က သူ၏လေအောက်တွင်ရှိနေသဖြင့် သူ၏ရှည်လျားသောနှာမောင်းသည်လည်း ရန်သူအနံ့ကို လုံးဝမရှူရှိုက်မိ။

တိုးကျော်က ဆင်ဆိုးကြီးကြာမောင်အား မည်သို့သတ်ရမည်ကို



စဉ်းစားရင်း အကွက်ချနေသည်။ တိုးကျော်နှင့်ဆင်ဆိုးကြီး ကြာမောင်တို့ ရှိနေသောနေရာသည် ကိုက် (၇၀)ခန့်သာ ကွာဝေးမည်ထင်သည်။

"ငါ့ကို ဆင်ဆိုးကြီးကြာမောင်က တွေ့သွားရင်တွက်ပြေးသွားမလား၊ ပြန်လည်တိုက်ခိုက်မလား။ ရန်သူကို ဘယ်တုန်းကမှအကွာ အလွတ်မပေးဘဲ လိုက်လံသတ်ဖြတ်ခဲ့တဲ့ကြာမောင်ဟာ ငါ့ကိုတွေ့သွားရင် ပြန်လည်တိုက်ခိုက်မှာ သေချာတယ်"

တိုးကျော်က ဆင်ဆိုးကြီးကြာမောင်၏လှုပ်ရှားမှုများကို အကဲခတ်ရင်း စဉ်းစားနေသည်။

"ကြာမောင်က ငါ့ထက်ခွန်အားလည်း အဆမတန်ကြီးတယ်။ တိုက်ခိုက်ရာမှာလည်း ရက်စက်ကြမ်းကြုတယ်၊ ဒီတော့ ငါပရိယာယ်ဆင်ပြီး တိုက်ခိုက်နိုင်မှဖြစ်မယ်"

တိုးကျော်က ဆင်ဆိုးကြီးကြာမောင်နှင့်တိုက်ပွဲမဝင်ခင် တောင်ထိပ်ပေါ်မှနေ၍ ပတ်ဝန်းကျင်အနှံ့အပြားသို့ အကဲခတ်ကြည့်ရှုနေမိသည်။

လက်ရှိတိုးကျော်ရှိသောနေရာမှ ဆင်ဆိုးကြီးကြာမောင်ကို ပစ်ခတ်လျှင်ရနိုင်သည်ကို တိုးကျော်ကသိထားသည်။ သို့သော် အကွာအဝေးအရ ချက်ကောင်းကို ပိုင်နိုင်စွာထိချင်မှ ထိနိုင်မည်။ ကြာမောင်၏ခန္ဓာကိုယ်အား ခဲစိုမပိုထိပါက ကြာမောင်က သူ့ကို အခဲမကြေစိတ်ဖြင့် သဲသဲမဲမဲ တိုက်ခိုက်မှာ သေချာနေသည်။

BURMESE CLASSIC .com

သို့ဆိုလျှင် တိုးကျော်အတွက် အန္တရာယ်ကြီးသွားနိုင်သည်။

"ငါ့အစ်ကိုလို လျှင်မြန်ဖျတ်လတ်တဲ့သူတောင် ကြာမောင်နဲ့ တိုက်ခိုက်ရင် အန္တရာယ်ကြီးမားတယ်ဆိုတာ အစ်ကိုမိုးကျော်က ငါ့ကို သင်ခန်းစာပေးသွားခဲ့ပြီပဲ. . . ဒီတော့. . ."

တိုးကျော်က သေနတ်ကိုကိုင်ကာ မတ်တပ်ရပ်လိုက်သည်။

"ဒီတိုက်ပွဲဟာ ကြမ်းတမ်းမယ်၊ ခက်ခဲမယ်၊ ငါသေရင်လည်း သေမယ်၊ ငါ့အစ်ကိုနဲ့ ဖိုးသူဝကို သတ်ခဲ့တဲ့ကြာမောင်ကို ငါမနိုင်ရအောင်တော့ ကြိုးစားရမှာပဲ"

တိုးကျော်က သေနတ်မောင်းတင်ထားသည်မှာ သေချာခြင်းရှိမရှိ စစ်ဆေးရင်း စဉ်းစားနေသည်။ ကြာမောင်က သူ့ကိုကျောခိုင်းထားပြီး အစာစားနေဆဲဖြစ်သည်။

"အခုအချိန်မှာ ငါ့ဆုံးဖြတ်ချက်ကိုပြင်ပြီး နောက်ဆုတ်လိုက်မယ်ဆိုရင် အချိန်မီသေးတယ်။ ဘယ်လိုလဲ"


www.burmeseclassic.com

www.burmeseclassic.com

တိုးကျော်၏စိတ်အစဉ်တ ဖုံ့လွှင့်လျက်ရှိလေသည်။

"ဓင်းအစ်ကို ဆွင့်နင်းသတ်ခံရတော့ သေတာနီးမချိမဆန့် အော်လိုက်တဲ့အသံကိုကြားမိတိုင်း အဖေရင်ကွဲမတတ်ခံစားရတယ်၊ ခြင်ရတ်စရာပါပဲ သားရယ်"

သူ့အဖေဦးအောင်ချမ်းက သူ့ကိုပြောပြသောစကားများကို တိုးကျော်ပြန်လည်ကြားယောင်နေမိသည်။ မျက်ရည်အရွှဲသားနှင့် သူ့အဖေ၏ရုပ်သွင်သည် တိုးကျော်၏မျက်စိထဲမှမထွက်၊ သားကြီး၏သောကဖြင့် သေဆုံးသွားရသောသူ့အမေကို တိုးကျော်လွမ်းနေမိသည်။ တိုးကျော်သည် သေနတ်ကိုကိုင်ကာ တွေဝေနေမိသည်။

ထိုအချိန်တွင် ဆင်ဆိုးကြီးကြာမောင်တနောက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ရာ တောင်တုန်းထိပ်တွင်မားမားမတ်မတ် ရပ်လျက်ရှိသော တိုးကျော်ကို မြင်တွေ့သွားကာ ဂဏှာမငြိမ်ဖြစ်သွားသည်။

"ဝူး"

ဆင်ဆိုးကြီးကြာမောင်က သူ့ကိုယ်လုံးကြီးကိုဆတ်ခနဲလှည့်ပြီး တောင်ထိပ်ပေါ်မှတိုးကျော်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ တိုးကျော်တဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။

"ဟေ့ကောင်ကြာမောင်လာခဲ့စမ်း၊ မင်းကို ငါသတ်မယ်"

တိုးကျော်၏ကျယ်လောင်သောစိန်ခေါ်သံကို ဆင်ဆိုးကြီးကြာမောင်က ကြားသွားသည်။

"ကျည်"

ကြာမောင်က သူ့နှာမောင်းကိုမိုးပေါ်သို့ထောင်ကာ ကျည်ခနဲ အော်လိုက်သည်။

"ဟ. . . မင်းကလဲ ငါ့ကိုပြန်ပြီးစိန်ခေါ်နေတာလား၊ မြန်မြန် လာခဲ့စမ်းပါကွ၊ မင်းကိုငါကသတ်ချင်နေတာ၊ လက်ယားနေတာပဲ၊ လူသတ်တောင်ကြာမောင်လာစမ်း"

တိုးကျော်က တောင်ထိပ်ပေါ်တွင် မုဆိုးဒူးထောက်ထိုင်ချလိုက်သည်။ သေနတ်ကို ပခုံးနှင့်ထောက်၍ ပိုင်ပိုင်နိုင်နိုင်ချိန်ရွယ်ထားလိုက်သည်။

ဆင်ဆိုးကြီးကြာမောင်က အစွယ်ကြီးနှစ်ချောင်းကိုတန်းကာ စမ်းရေအိုင်တိုပတ်၍ တိုးကျော်ထံသို့ခပ်သွက်သွက်လှမ်းလာသည်။

"လာခဲ့စမ်းပါကွာ၊ မင်းသေတိုသေစေရမယ်"

ဆင်ဆိုးကြီးကြာမောင်က ဘာကိုမျှ ဂရုမထားသည့်အလား





တိုးကျော်ရှိရာသို့ ပြေးလာသည်။ တိုးကျော်နှင့်နီးသည်ထက်နီးလာသည်၊ ဆိုက် (၃၀)အကွာနေရာသို့ဆင်ဆိုးကြီးကြာမောင်ရောက် လာလေလျှင်

"ဒိုင်း"

"ဒိုင်း"

တိုးကျော်က သေနတ်ကိုချိန်ရွယ်ပြီး နှစ်ချက်ဆင့်၍ ပစ်လိုက်သည်။ ဆင်ဆိုးကြီးကြာမောင်၏ဦးခေါင်းပိုင်းနားထင်စပ်သို့ တည့်တည့်ချိန်၍ ပစ်သော်လည်း ကြာမောင်ကနှာမောင်းကိုခါယမ်းနေသဖြင့် ပထမအချက်တနှာမောင်းကိုသာဖြတ်ထိသွားသည်။ ဒုတိယအချက်ကနားရွက်ကိုဖြတ်၍ ကိုယ်လုံးအတွင်းဝင်သွားသည်။

"ဒိုင်း"

တိုးကျော်ကမောင်းတင်ကာ နောက်တစ်ချက်ထပ်ပစ်သည်။ သို့သော်ဆင်ဆိုးကြီးကြာမောင်၏ခြေလှမ်းများက တုံ့မသွားပါ၊ တိုးကျော်ရှိရာတောင်ကုန်းပေါ်သို့တက်လာနေဆဲဖြစ်သည်။ တတိယအချက်တဆင်ဆိုးကြီးကြာမောင်၏ ရှေ့လက်ကိုထိသွားသဖြင့် အနည်းငယ် တုံ့နှေးသွားသည်။ ကြာမောင်က ကျောက်ခဲတစ်လုံးကိုနှာမောင်းဖြင့် ကောက်ယူပြီး တိုးကျော်ကိုပစ်သည်။ လူကလက်ဖြင့်ယူပစ်သည့် အလားထင်မှတ်ရသည်။

"ဝှီး"

ကျောက်ခဲကြီးကတိုးကျော်၏ဦးခေါင်းအနီးမှ ဖြတ်ထွက်သွားသည်။ တိုးကျော်တ သေနတ်နှင့်အသေအချာချိန်ရွယ်ပြီး ကြာမောင်ကိုပစ်ထည့်လိုက်ပြန်သည်။

"ဒိုင်း"

"ကျည်"

စတုတ္ထကျည်ဆံက ဆင်ဆိုးကြီးကြာမောင်၏မျက်လုံးတည့်တည့်ကို ထိမှန်သွားကာ သွေးများယိုစီးကျလာသည်။ ကြာမောင်က နာကျင်စွာ အစ်ချက်အော်ဟစ်ပြီး တိုးကျော်ကိုနှာမောင်းဖြင့်လှမ်းရိုက်လိုက်သည်။ တိုးကျော်ကရှောင်ပြီး ထွက်ပြေးရာ ကျောက်ခဲတုံးကို ခလုတ်တိုက်ပြီး သေနတ်တခြား၊ လူတခြားလဲကျသွားသည်။ ထိုစဉ် ခဏမှာပင်

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

သေနတ်သံများဆူညံစွာ ထွက်လာခဲ့သည်။ ဆင်ဆိုးကြီး


www.burmeseclassic.com

ကြာမောင်ခါးသစ်တိုက်လုံးတွင် သွေးချင်းချင်းနီသွားကာ ကိုယ်လုံးကြီးက မြေပြင်ပေါ်သို့ တအိအိထိုးကျလာပြီး အစွယ်ကြီးနှစ်ချောင်းက မြေပြင်တွင် ထိုးစိုက်သွားသည်။

"ဘုန်း"

ခဏအကြာတွင် ဆင်ဆိုးကြီးကြာမောင်သည် တစ်ဖက်သို့ ဘုန်းခနဲ လဲကျသွားကာ ငြိမ်သက်သွားလေ၏။ တိုးကျော်မှာလဲနေရာမှ မထနိုင်သေးချေ။ ဆင်ဆိုးကြီးကြာမောင်လဲကျသေဆုံးသွားသည်ကိုသာ အံ့ဩစွာကြည့်နေမိသည်။ ဆင်ဆိုးကြီးကြာမောင်ကို မည်သူတွေက သေနတ်နှင့် ပစ်ခဲ့တာလဲဟု တိုးကျော်ကသိချင်နေသည်။ ထိုသို့ ကူညီသည့်သူသာမရှိခဲ့လျှင် ခလုတ်တိုက်ပြီးလဲကျသွားသောတိုးကျော်ကို ဆင်ရိုင်းကြီးကြာမောင်က မြေဖြင့် နင်းသတ်မည်မှာ အသေအချာ။ ယခုတော့ ဆင်ဆိုးကြီးကြာမောင်မှာ ဘဝဇာတ်သိမ်းသွားချေပြီ။

"မင်းက ဆင်ဆိုးကြီးကြာမောင်ကို အထင်သေးခဲ့တာကိုး တိုးကျော်ရဲ့။ ကြာမောင်လိုဆင်မျိုးက ဒီလို (၁၅)ပေလောက်မြင့်တဲ့ တောင်ကုန်းကို အသာလေးတက်နိုင်တယ်ကွ"

ရှာမှုမုဆိုးကြီးဦးသောင်းရင်ကပြောရင်း တိုးကျော်လဲကျနေသည့်နေရာသို့ ရောက်လာသည်။ တောခေါင်းကြီးနှင့်ရွာသားများကိုလည်း တိုးကျော်မြင်တွေ့လိုက်ရသည်။

"ငါတို့သာအချိန်မီရောက်မလာရင် မင်းတော့ဆင်နင်းသတ်ခံရမှာ သေချာတယ်တိုးကျော်"

"ဟုတ်ပါတယ်. . . တောခေါင်းကြီး"

"မခံချင်စိတ်၊ နာကျည်းစိတ်နဲ့ အခုလိုစွန့်စားတာဟာ မကောင်းဘူး။ အသက်အန္တရာယ်စိုးရိမ်ရတယ်ဆိုတာ အခုမင်းကိုယ်တွေ့ပဲ။ ငါတို့မင်းအတွက်စိုးရိမ်ပြီး လိုက်ရှာနေကြတာ။ မင်းအဖေ ဦးအောင်ချမ်းတောထဲထွက်သွားတဲ့နေ့ကစပြီး စိတ်ညစ်ပြီး အရက်တွေသောက်နေတယ်။ မိဘဆိုတော့လည်း သားသမီးအတွက်စိုးရိမ်တာ အပြစ်မဆိုသာပါဘူး"

တောခေါင်းကြီးက တိုးကျော်ကိုလက်ကမ်းပေးရင်းပြောသည်။ တိုးကျော်က မတ်တပ်ရပ်လိုက်သည်။

"လူသတ်ကောင်ကြီးအန္တရာယ်က ကင်းဝေးသွားပြီးဆိုတော့ သူ့အစွယ်ကိုဖြတ်ယူပြီး ပြန်ရုံပဲရှိတော့တာပေါ့"

မုဆိုးကြီးဦးသောင်းရင်က [illegible]ာမောင်၏အစွယ်ကို ခတ်ခဲစွာ ထုတ်ယူသည်။ ထို့နောက်ရွာသို့ပြန်ရန် မုဆိုးကြီးဦးသောင်းရင်က ဦးဆောင်ပြီး ထွက်လာသည်။ တိုးကျော်က ဆင်ဆိုးကြီးကြာမောင်ကို လှည့်ကြည့်လိုက်သည်။ ကြာမောင်က သူ့မိုက်ပြစ်သူသေဆုံးသွားခဲ့ရလေပြီ။

သူသတ်၍မသေသေးဘဲ တောခေါင်းကြီး၊ မုဆိုးကြီးတို့ကြောင့် ကြာမောင်သေဆုံးသွားသဖြင့် တိုးကျော်ကကျေနပ်နေမိသည်။ ကြာမောင်သေဆုံးသွားပြီးလို့ သူ့အဖေဦးအောင်ချမ်းသာသိလျှင် ဘယ်လောက်ဝမ်းသာလိုက်လေမလဲ။

သူတို့လူစုသည် တစ်တောဆင်း၊ တစ်တောင်တက်ဖြင့် ခရီးဆက်လာရင်း တောတွင်းတစ်နေရာတွင် မိုးချုပ်သွားသဖြင့် စခန်းချ ရပ်နားကြသည်။ သူတို့တွင်ပါလာသောရိက္ခာကို ချက်ပြုတ်ပြီး ချက်စားကြသည်။ ထို့နောက်ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြသည်။ မုဆိုးကြီးဦးသောင်းရင်က သူငယ်စဉ်ကအတွေ့အကြုံများကိုပြောပြနေရာ တောခေါင်းကြီးဦးလှထွန်း၊ တိုးကျော်နှင့်ရွာသားများက စိတ်ဝင်စားစွာ နားထောင်နေကြသည်။

(သည်နေရာတွင် မုဆိုးကြီးဦးသောင်းရင်ပြောပြသော တောတွင်းအတွေ့အကြုံများမှာ စိတ်ဝင်စားစရာကောင်းသဖြင့် ဖော်ပြလိုက်ရပေသည်)

စာရေးသူ

♦♦♦





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## တောင်၏မာယာဝက်ဘာ

မုဆိုးကြီးဦးသောင်းရင်၏ ငယ်နာမည်မှာ သံခဲဖြစ်လေသည်။ အသားကမည်းကြုတ်ကြုတ်နှင့် ကျစ်လျစ်မာကြောသောကလေးမို့ သံခဲဟု နောက်ပြောင်ခေါ်ရာမှ သံခဲအမည်တွင်သွားခြင်းဖြစ်သည်။

တစ်နေ့တွင် သံခဲ၊ ကျောက်လုံး၊ မိုးကြွက်၊ တွတ်နီတို့ သူငယ်ချင်းလေးယောက်သည် ရွာအရှေ့ပိုင်းရှိကွင်းပြင်ကျယ်ကြီးထဲတွင် ဆော့ကစားကြအပြီး သစ်ပင်ကြီးအောက်တွင်ထိုင်ကာ အမောအပန်း ဖြေနေကြလေသည်။

သူတို့ရွာ၏အနောက်ဘက် ဟိုးအဝေးဆီတွင် မြင့်မားသော ရိုးမတောင်တန်းကြီးရှိလေသည်။ သူတို့ရွာမှလှမ်းကြည့်လျှင် တောင်တန်းကြီးများက စိမ်းညို့လို့နေသည်။

"လှမ်းမြင်နေရတဲ့ဟိုတောင်တန်းကြီးဆီကို ငါတစ်ခေါက်လောက် သွားကြည့်ချင်တယ်ကွာ ဖိုးကြွက်ရ"

သံခဲက ရိုးမတောင်တန်းကြီးကိုငေးကြည့်နေရင်းမှ ပြော၏။

"အေး. . . ငါကလည်း သွားကြည့်ချင်နေမိတယ်။ ရွာက လူတွေက တောဘက်တောထဲကိုပဲ သစ်ဝါးသွားခုတ်ကြပြီး အဲဒီ အနောက်ဘက် တောင်တန်းကြီးတွေဆီကိုတော့ သစ်ဝါးသွားမခုတ်ကြဘူး"

ဟုဖိုးကြွက်ကပြောသည်။

"ငါတို့မိဘတွေအားလုံးဟာ လယ်ယာသမားတွေချည်းပဲ။ မိုးတွင်းဆိုရင် လယ်ယာစိုက်ပျိုးကြတယ်။ ဆောင်းရာသီမှာကောက် စိုက်ကြတယ်။ နွေရာသီမှာတောတက်ပြီး သစ်ဝါးခုတ်ကြတာပဲ မဟုတ်လား"

www.burmeseclassic.com

တွတ်နီကပြောသည်။

"အနောက်ဘက်တောင်တန်းကြီးတွေက မက်စောက်တယ်။ သားရဲတိရိစ္ဆာန်တွေလည်းပေါတယ်။ အဲဒါကြောင့် သစ်ခုတ်ဝါးခုတ် မသွားကြတာလို့ ဘကြီးဖြိုးက ငါ့ကိုပြောဖူးတယ်"

"ရွာကလူတွေ မသွားတဲ့အဲ့ဒီဘက်ဆီကို ငါတို့သူငယ်ချင်းတွေ သွားကြည့်ကြရအောင် မကောင်းဘူးလား"

"ကောင်းတယ်"

(ထိုအချိန်အခါတုန်းက ထောင့်ကြီးရွာမှရွာသားများသည် အနောက်ရိုးမတောထဲသို့ သစ်ခုတ်ဝါးခုတ်ခြင်းကို ရှောင်ကြဉ်ကြကြောင်း သိရလေသည်။. . . . . . စာရေးသူ)

"ငါတို့သူငယ်ချင်းတွေ နေ့ချင်းပြန်သွားကြမလား"

ဖိုးကြွက်ကပြောသည်။

"ဟာ. . . တောထဲတောင်ထဲအနှံ့လျှောက်သွားကြည့်ကြမှာဆိုတော့ နေ့ချင်းပြန်တစ်ရက်တည်းနဲ့ ရမလားကွ။ ဘာလဲ. . . မင်းတ တောထဲတောင်ထဲမှာ ညအိပ်ရမှာကြောက်လို့လား"

တွတ်နီကပြောသည်။

"ဟေ့. . . ယောကျ်ားလေးတွေကွ၊ ဘာမှမကြောက်ဘူး"

"အေး. . . ငါတို့လေးယောက် တောင်တန်းကြီးဆီကို သွားကြမယ်ဟေ့"

"မိဘတွေမသိစေနဲ့"

"ဟုတ်တယ်. . . မိဘတွေသိသွားရင် မသွားနဲ့လို့၊ ဘာညာ တားကြလိမ့်မယ်"

"အင်း. . . သွားကြမယ်၊ တောတွင်းထဲကိုသွားမှာဆိုတော့ သံခဲ. . . မင်းက လေးခွနဲ့လောက်စာလုံးတွေကို လွယ်အိတ်ထဲမှာ ထည့်ယူလာခဲ့"

"ကျောက်လုံး. . . မင်းက လှံတစ်ချောင်းယူလာခဲ့"

"တွတ်နီက ဝါးရှည်တစ်ချောင်းယူလာခဲ့ပေါ့။ ငါက ဓားမြှောင်၊ မီးခြစ်၊ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ်နဲ့ ဟန်းတောချိုင့်နှစ်လုံး ယူလာခဲ့မယ်။ ငါ့အိမ်မှာ ကုန်စုံဆိုင်ဖွင့်ထားတော့ ညကတည်းက ပစ္စည်းအားလုံးကို ထည့်ထားမယ်"

အနောက်ဘက်တောင်တန်းကြီးဆီသို့ သွားကြမည့်သူတို့ ခရီးစဉ်ကို





တွေးရင်း သံခဲတို့သူငယ်ချင်းတစ်စုမှာ ပျော်ရွှင်ကြလေ၏။ သူတို့ သူငယ်ချင်းလေးဦးမှာ တစားအတူ၊ စားအတူ၊ သွားအတူနေလာခဲ့ကြသူများဖြစ်သည်။

"မနက်မိုးမလင်းခင်သွားကြမယ်"

ဖိုးကြွက်ကပြောသည်။

"ဟုတ်တယ်. . . အိပ်ရာကမနိုးတဲ့သူကတော့ နေရစ်ခဲ့၊ ရွာထိပ်က မန်ကျည်းပင်အောက်မှာ စုရပ်လုပ်မယ်"

"အေး. . . ကောင်းတယ်. . . သံခဲ"

◆◆◆

နောက်တစ်နေ့အာရုဏ်တက်ချိန်တွင် သံခဲ၊ ကျောက်လုံး၊ ဖိုးကြွက်နှင့် တွတ်နီတို့သည် အနောက်ဘက်တောကြီးထဲသို့ ခရီးထွက်လာခဲ့ကြသည်။

သူတို့လေးယောက်နေထိုင်သော ထောင့်ကြီးရွာသည် သူတို့နောက်မှာကျန်ရစ်ခဲ့လေပြီ။ သူတို့လေးယောက်၏ခြေလှမ်းများက သွက်နေသည်။ အနောက်တောနှင့် ထောင့်ကြီးရွာသည်အမြင်တွင် နီးသည်ဟု ထင်ရသော်လည်း ခရီးကအတော်ကလေးအလှမ်းကွာဝေးသည်။

သံခဲတို့လူစုသည် ညနေစောင်းမှတောင်ခြေသို့ ရောက်ရှိလာကြလေ၏။

"အချိန်မရှိတော့ဘူး၊ ငါတို့ ဒီမှာစခန်းချကြမယ်ဟေ့"

သူတို့လူစုသည် တောင်ခြေတစ်နေရာတွင် စခန်းချ၍နားကြလေ၏။ သံခဲ၊ ကျောက်လုံး၊ တွတ်နီတို့စုဆောင်းပေးသော ထင်းခြောက်များဖြင့် ဖိုးကြွက်က ညစာချက်ပြုတ်သည်။

"ဒီနေရာနဲ့မလှမ်းမကမ်းမှာ စမ်းချောင်းတစ်ခုတွေ့တယ်။ အဲဒီမှာ ငါ ငါးသွားရှာလိုက်ဦးမယ်"

စမ်းချောင်းငယ်၏ကျောက်ဆောင်များကြားတွင် တွတ်နီက ငါးသွားဖမ်းရာ ငါးနှစ်ကောင်ရသဖြင့် ရင်ခွဲပြီးဝါးညှပ်ဖြင့် ညှပ်ကာ မီးတင်ထားလိုက်သည်။

ထို့နောက် သူငယ်ချင်းလေးယောက်တို့သည် ငါးကင်တို့ စားခဲ့ကာ စမ်းချောင်းထဲသို့ရေဆင်းချိုးကြသည်။ တစ်နေကုန် သွားလာထားရသဖြင့်

www.burmeseclassic.com

ဝင်ဝန်းနွမ်းနယ်နေသည်ဖြစ်ရာ စမ်းချောင်း ရေတိုချိုးလိုက်တော့မှ သူတို့ လန်းဆန်းသွားကြသည်။

"ထိုမှာကြည့်စမ်း"

သံခဲတ တောင်းကင်ပေါ်သို့ လက်ညှိုးထိုးပြရာ ကျန်သုံးယောက်က ရေချိုးနေရင်းမှ မော့ကြည့်မိကြသည်။

"လဆန်း (၇)ရက်လမင်းကြီးက ငါတို့ကို အလင်းခတ်ပေးထားတယ်ကွနော်"

သံခဲက ဝမ်းသာအားရပြောနေသည်။ သံခဲတို့သူငယ်ချင်းလေးယောက်သည် စမ်းချောင်းထဲတွင် ရေချိုးပြီးနောက် စခန်းချရာနေရာသို့ ပြန်လာခဲ့ကြသည်။

"ငါတို့တတွေ ဒီနေ့ခရီးကြမ်းနင်းလာရလို့ ပင်ပန်းနွမ်းနယ်နေသမျှတွေကို ငါးကင်မွှေးမွှေးလေးနဲ့ ထမင်းစားလိုက်ရရင် မြိန် လိုက်မယ့်ဖြစ်ခြင်းကွာ"

တွတ်နီကပြောနေသည်။ သံခဲတို့လူစုသည် အဝတ်အစားလဲပြီးနောက် ညစာထမင်းစားရန် ပြင်ဆင်ကြလေ၏။ ထိုစဉ် ဖိုးကြွက်က တွတ်နီကိုလှမ်းပြောသည်။

"ဟေ့ကောင်တွတ်နီ. . . မင်းကင်ထားတဲ့ငါးနှစ်ကောင်သွားယူဦးလေကွာ။ ထမင်းဝိုင်းမှာ ဘာလိုသလဲကြည့်နေတာ။ အဲဒါလိုနေတာတိုးကွ"

"အေး. . . ဟုတ်သားပဲ"

တွတ်နီက ထမင်းနယ်နေရင်းမှထကာ မီးဖိုရှိရာသို့သွားသည်။ ထမင်းဝိုင်းသို့ တွတ်နီပြန်လာသည်။

"တွတ်နီဟေ့ကောင်. . . ငါးကင်သွားယူတာ ဘာမှလည်းပါမလာပါလား"

သံခဲကပြောသည်။

"ဟို. . . ဟို. . . မီးကင်ထားတဲ့ငါးနှစ်ကောင် မီးဖိုမှာမရှိတော့ဘူး။ ဘယ်ရောက်သွားလဲမသိဘူး"

"ဟာ"

"ဟင်"

တွတ်နီ၏အပြောစကားက သံခဲ၊ ကျောက်လုံး၊ ဖိုးကြွက်တို့ သုံးဦးကို မျက်လုံးပြူးသွားစေခဲ့သည်။ သူတို့သည် မီးပုံတွင် ငါးကင်နှစ်ကောင်ကို





လှည့်ပတ်ရှာဖွေကြသည်။

"တောက်. . . ဘယ်ရောက်သွားလဲမသိဘူး"

"အေးကွာ. . . ငါးနှစ်ကောင်ကို ကြွပ်ရွနေအောင် ကင်ထားတာ"

"အားရပါးရစားမယ်လို့ စိတ်ကူးထားတာလေး သွားပါပြီကွာ"

သူတို့လေးယောက် ဘယ်လိုရှာဖွေရှာဖွေ ငါးကင်နှစ်ကောင်ကိုမတွေ့ရချေ။ သူတို့အားလုံးမကျေမနပ်ဖြစ်နေမိကြသည်။

"အေးကွာ. . . ငါးကင်နှစ်ကောင်ကို ဘာကောင်ကများ ကိုက်ချီပြေးသွားသလဲမသိဘူး"

"မီးဖိုပေါ်မှာ ကင်ထားခဲ့တာအပူကြီးရှိသေးတာပဲ"

သံခဲတို့လူစုသည် ညစာစားကြရင်း အသားလွတ်ပျောက်ဆုံးသွားသော ငါးကင်ကိစ္စကို သို့လောသို့လော ဖြစ်နေကြလေ၏။

"အခုအချိန်လောက်ဆိုရင် ငါတို့မိဘတွေ ငါတို့ပျောက်နေတာကို သိနေလောက်ကြပြီ"

သံခဲကစတင်ပြောသည်။

"ဟုတ်တယ်. . . ငါတို့လေးယောက် ဘယ်ပျောက်နေသလဲဆိုတာ ဟိုမေးဒီမေးဖြစ်နေကြရော့မယ်"

"မတတ်နိုင်ဘူးကွာ။ မိဘတွေကို ဖွင့်ပြောပြီး ဒီတောဒီတောင်ထဲကို လာဖို့ဆိုတာ ဖြစ်မှမဖြစ်တာဘဲကွ"

"ကဲ. . . အချိန်မရှိတော့ဘူး။ ညဉ့်နက်လာပြီ။ အိပ်ရာကြီးအနားယူကြဦးစို့"

သံခဲတို့လူစုသည် မီးပုံဘေးတွင် ဝိုင်းဖွဲ့ကာ အိပ်စက်ကြ၏။ တောတွင်းထဲတွင် အိပ်တန်းတက်နေသောသစ်ပင်ပေါ်မှ ငှက်ကလေးများ၏ အသံကို တစ်ခါတရံကြားရသည်မှအပ တိတ်ဆိတ်နေ၏။

သူတို့သည် တစ်နေကုန်တစ်နေခန်းလာခဲ့ရသည့်ခရီးက ကြမ်းတမ်းသည်မို့ မောမောပန်းပန်းနှင့်အိပ်ပျော်သွားကြလေ၏။

ညဉ့်အချိန်က တစ်စထက်တစ်စပို၍ ကုန်ဆုံးလာခဲ့သည်။ ထိုအချိန်တွင် သံခဲတို့ရှိရာသို့ တရွေ့ရွေ့တိုးကပ်လာနေသည့်အရာကို အိပ်ပျော်နေသောသူတို့ မသိကြပေ။

သူတို့အိပ်ပျော်နေသောနေရာသို့ တိုးကပ်လာနေသော အရာမှာ မျက်လုံးတစ်စုံဖြစ်သည်။ အဲမှောင်ထဲတွင်တောက်ပသော မျက်လုံးအစုံက


www.burmeseclassic.com

www.burmeseclassic.com

သူတို့နှင့်တဖြည်းဖြည်းနီးကပ်လာလေသည်။

မီးဖိုမှမီးက အရှိန်လျော့နေသဖြင့် ငွေ့ငွေ့ကလေးသာ တောက်နေသည်၊ တွတ်နီက ရုတ်တရက်နိုးလာသည်။ သူ၏နားထဲတွင် ချွတ်. . . ချွတ် ဆိုသောမြည်သံကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။ တွတ်နီတနား စွင့်နေမိသည်။ သစ်ရွက်ခြောက်များကို နင်းလာသောအသံအားတွတ်နီက သတိထားမိသွားသည်။

"ချွတ်. . . ချွတ်. . . ချွတ်"

"ဘာသံလဲမသိဘူး"

တွတ်နီကထထိုင်ရင်း တွေးနေမိသည်။

"ချွတ်. . . ချွတ်. . . ချွတ်"

တွတ်နီကဓားကိုလက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားရင်း အသံလာရာသို့ နားစွင့်နေလေ၏။ အမှောင်ထဲတွင် ခြေသံရှင်ကို ဟိုဟို သည်သည်ရှာကြည့်နေမိသည်။ ထိုစဉ်ခဏ. . .

"ဟာင်"

သူတို့အိပ်နေသည့်နေရာနှင့်မလှမ်းမကမ်းတွင် သစ်ရွက်များ အကြားမှ တောက်ပသောမျက်လုံးတစ်စုံအား တွတ်နီမြင်တွေ့နေရ၏။

"ဟာ. . . ဘာကြီးလဲ"

တွတ်နီကအထိတ်တလန့်ဖြစ်ကာ သူ၏သူငယ်ချင်းများကို လှုပ်နိုး သည်။

"ရှူး"

"ဘာလဲကွ၊ အိပ်ပျော်နေတာကို"

"ဟို. . . ဟိုမှာ ဘာလဲမသိဘူး၊ တောက်ပတဲ့မျက်လုံးတစ်စုံလို အလင်းအစက်အပြောက်နှစ်ခု"

"ဘာလဲ. . . ဘယ်မှာလဲ"

တွတ်နီက သံခဲကိုလက်ညှိုးထိုးပြသည်။ သံခဲက လောက်လေးခွဖြင့် တောက်ပသောမျက်လုံးတစ်စုံကိုပစ်ရန် ချိန်ရွယ်လိုက်သည်။

"ဟို. . . ဟိုမှာ"

တောက်ပသောမျက်လုံးတစ်စုံက ဟိုသည်ရွေ့လျားနေသလို မြင်နေရ သည်။ ဖိုးကြွက်က သံခဲကိုလက်တို့သည်။ သံခဲကမြင်တွေ့နေရသည့် အလင်း ပေါက်နေရာသို့ လေးခွဖြင့်ပစ်လိုက်သည်။

"ချွတ်"





သံခဲပစ်လိုက်သောလောက်စာလုံးက သစ်ရွက်များကြားသို့ ဝိုးဝင် သွားသည်။ ထိမှန်သွားသောအသံကိုမူ မကြားရချေ။ ထို့အတူ တောက်ပသောမျက်လုံးတစ်စုံကို သစ်ရွက်များအကြားတွင်မမြင်ရ တော့။

"မရှိတော့ဘူးနဲ့တူတယ်"

"ဘာလဲမသိဘူးနော်၊ အတော်တောက်ပတဲ့အလင်းစက်နှစ်ခု"

"အင်း. . . တိရစ္ဆာန်တစ်ကောင်ကောင်ဆိုရင်လည်း ငါလေးခွနဲ့ ပစ်လိုက်တဲ့အချိန်မှာ လှုပ်ရှားသွားတဲ့အသံကိုကြားရမှာပဲ အခု ဘာမှ ကြားလိုက်ရဘူး"

"ကဲ. . . သတိထားပြီးအိပ်ကြမယ်"

၏

◆◆◆

နောက်တစ်နေ့မနက်တွင် သံခဲတို့လေးယောက်သည် ခရီးဆက်ခဲ့ ကြပြန်လေ၏။ တောတွင်းထဲတွင်တွေ့သောသစ်သီးများအား သူတို့ ခူးဆွတ် စားသောက်ကြသည်။

တွေ့ရာသစ်သီးကိုခူးစားလိုက်၊ ခရီးဆက်လိုက်လာခဲ့ကြရာ တစ်နေရာသို့အရောက်တွင်. . .

"ဟာ. . . ဟိုးရှေ့မှာမက်စောက်တဲ့ကျောက်တောင်ကြီး တစ်တောင်ပါလား"

"အေးကွာ. . . ကျောက်တောင်ကြီးကို ဘယ်ညာနေရာကနေ ကျော်ပြီးသွားဖို့ဆိုတာမလွယ်လှဘူးကွ"

"ငါတို့ဘာလုပ်ကြမလဲ"

တွတ်နီကမေးသည်။

"ဟိုတစ်ဖက်ကိုရောက်ဖို့အတွက် ကျောက်တောင်ကြီးကို ကျော်တက်သွားတော့မှာပေါ့"

နောက်ဆုံးတွင် သံခဲတို့လေးယောက်သည် ကျောက်တောင် ကြီးပေါ်သို့ ခက်ခက်ခဲခဲကျော်တက်လာခဲ့ကြသည်။ ကြိုးစားမော်စား တက်လာခဲ့သောသူတို့လူစုသည် ကျောက်တောင်ကြီးပေါ်သို့ ရောက်သွားကြ သည်။ ထိုစဉ် တွတ်နီက တစ်စုံတစ်ရာကို ရုတ်တရက် မြင်တွေ့သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . ဟိုမှာ သိန်းငှက်ကြီးတွေ ငါတို့ကို တိုက်ခိုက်ဖို့ လာနေကြပြီ။ သတိထားကြဟေ့"

ထိုးဆိတ်တိုက်ခိုက်ရန် ဖျံ့ဝဲလာသော သိန်းငှက်ကြီးကို သံခဲက သူ၏ လတ်စွဲတော်လေးခွကြီးဖြင့်တည့်တည့်ချိန်၍ ပစ်လိုက်သည်။

"ကဲကွာ"

သိန်းငှက်ကြီးက ကွေ့ပတ်ဖျံ့ဝဲကာ သူတို့အားအတင်းဝင်ရောက် ထိုးဆိတ်သည်။

"ဟေ့ကောင်သံခဲ. . . ပစ်လိုက်ကွာ၊ ဘာလုပ်နေတာလဲ။ ဒီမှာ သိန်းငှက်ဆိတ်လို့ခေါင်းပေါက်တော့မယ်"

"ဂိုး. . . ဂိုး"

"ဖတ်. . . ဖတ်"

"အား"

"အောင်မလေး. . . သေပါပြီဗျ"

နောက်ဆုံးတွင် သံခဲ၏လေးခွဒဏ်ကြောင့် အထိနာသွားသော သိန်းငှက်ကြီးသည် အဝေးသို့ဖျံ့သန်းထွက်ပြေးသွားလေတော့၏။

"ဂိုး"

"ဟူး. . . တော်ပါသေးရဲ့။ ငါ့ခေါင်းတော့နည်းနည်းပေါက် သွားတယ်"

ဖိုးကြွက်ကပြောသည်။

"ငါအဆိတ်ခံရတာက ခေါင်းမှာသွေးတောင်စို့နေတယ်"

"ဟာ. . . နေတောင်အတော်စောင်းသွားမှပဲ။ ငါတို့တစ်ဖတ် တောင်ကြောကိုဆင်းနေချိန်မှာ ညအမှောင်ကိုရောက်သွားမှာ သေချာတယ်"

သံခဲက တွက်ဆပြီးပြောသည်။

"ဒီတော့ငါတို့ဘာလုပ်ကြမလဲ"

"ဟ. . . ဘာလုပ်ကြရမှာလဲ။ ဒီကျောက်တောင်ပေါ်မှာပဲ စခန်းချပြီး ဒီညအိပ်ကြတာပေါ့။ သားရဲတိရစ္ဆာန်အန္တရာယ်ကတော့ တင်းဝေးသေးတယ်။ ညဘက်ဆိုရင်သိန်းငှက်လည်းလာမှာမဟုတ်ဘူး"

"ငါတို့ကျောက်တောင်ပေါ်တက်လာရတာ မောပန်းနေပြီ။ အရေးထဲ သိန်းငှက်ကလာပြီး ဒုက္ခပေးသေးတယ်"

"အင်း. . . ရေလည်းဆာလိုက်တာကွာ"

"ရေဘူးထဲမှာလည်း ရေတစ်စက်မှမရှိတော့ဘူး"





ဖိုးကြွက်က စိတ်ပျက်စွာဖြင့်ပြောနေသည်။

"ဟေ့ကောင်တွေ. . . ကျောက်တောင်အောက်ကို ကြည့်လိုက်စမ်း။ သဘာဝအလျောက်ဖြစ်နေတဲ့ကျောက်ရေအိုင်ကြီး၊ တွေ့တယ် မဟုတ်လား"

သံခဲက ဝမ်းသာအားရပြောသည်။

"အောက်ဆင်းပြီးရေခပ်ကြမယ်"

"ဟာ. . . မဖြစ်နိုင်တာ၊ တောင်ကမတ်စောက်တော့ အန္တရာယ် များတယ်"

"ဟုတ်တယ်. . . တွတ်နီ၊ မင်းမဖြစ်နိုင်တာကို မစွန့်စားချင်နဲ့"

"ငါတို့အားလုံးရေဆာနေတယ်၊ ဘယ်လိုလုပ်ကြမလဲ"

တွတ်နီကပြောသည်။ နှုတ်ခမ်းကိုလျှာဖြင့်သပ်နေပုံထောက်တော့ ရေဆာနေကြောင်းသက်သေခံသလိုဖြစ်နေသည်။

"ဘာမှမခက်ပါဘူး။ နည်းလမ်းရှိပါတယ်ကွာ။ ခရုမှာအဆံနဲ့ ဘူးမှာအကြဲနဲ့ ဆိုတဲ့စကားကြားဖူးတယ်မဟုတ်လား။ ပုဆိုးတစ်ထည်ကိုယူ ပြီးတွေနဲ့ဆက်ချည်ပြီး ကျောက်ရေအိုင်ထဲကိုချလိုက်မယ်။ စိုစွတ်သွားတဲ့ ပုဆိုးရေစိုကို တောင်ထိပ်ပေါ်ဆွဲတင်ပြီး ရေညှစ်သောက်လိုက်ကြလေ။ ဘာခက်တာလိုက်လို့"

သံခဲစကားကြောင့် တွတ်နီတို့ဝမ်းသာသွားကြသည်။

"အင်း. . . အဲသလိုဆိုတော့လည်း သံခဲက တော်သွားပြန်ရော"

ဖိုးကြွက်ကနောက်ပြောင်သည်။

"အိုး. . . ငါကအစကတည်းကလည်း ညံ့တဲ့သူမှမဟုတ်တာ"

သံခဲစကားကြောင့် ဝိုင်းရယ်မိကြသည်။ ထိုညက သံခဲတို့ လူစုသည် ကျောက်တောင်ပေါ်၌ အိပ်စက်ကြလေ၏။ ကျောက်တောင်ပေါ်တွင် လေညင်း လေးတသွေးသွေးတိုက်ခတ်နေသည်မို့ သူတို့ကို ချော့သိပ်နေသည့်ဝတ ဆံခေကလေးနှင့်အိပ်ပျော်သွားကြလေ၏။

သို့သော် ညဉ့်နက်ချိန်တွင်လေပြင်းများက တိုက်ခတ်လာလေသည်။ သံခဲတို့သည် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ လန့်နိုးသွားကြသည်။

"ဟာ. . . လေကတအားကြမ်းလာနေပြီ"

"ဟုတ်တယ်. . . ငါတို့ဒီမှာဆက်နေလို့မဖြစ်တော့ဘူး"

"အေး. . . သေကာမှသေရော့၊ ငါတို့တတွေ တောင်အောက်ကို ဆင်းကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com


သံခဲတို့လူစုသည် လေကွယ်ရာဖြစ်သောတောင်အောက်သို့ ဆင်းလာခဲ့ကြလေသည်။

"အင်း. . . ဒါဆိုရင်လည်း ငါတို့ခရီးဆက်ကြရအောင်"

သံခဲတို့လူစုသည် ခရီးဆက်လက်ထွက်ခွာလာခဲ့ကြရာ ယောင်ချောက်တွင်မိနေသောသမင်တစ်ကောင်ကို တောတွင်းတစ်နေရာ တွေ့ကြရလေသည်။

ကျောက်လုံးက သမင်ကိုလှံဖြင့်ပြေးထိုးပြီး စမ်းချောင်းကို ရှာဖွေကာ သမင်သားအားအသားဖျက်သည်။ သူတို့သည် သမင်သားကိုမီးကင်ကာ စားသောက်ကြလေသည်။ သမင်သားကိုမီးကင်ပြီး နောက်ရက်များတွင် စားသောက်ရန် ချန်ထားကြသည်။

"ညက ဘာမှမစားခဲ့ရသမျှ အခုမှပဲအတိုးချပြီး အဝအပြဲ စားရတော့တယ်"

ဖိုးကြွက်က သမင်သားကို တစ်ခါမှမစားဖူးသေးသဖြင့် အရသာတွေ့နေသည်။

သံခဲတို့လူစုသည် တောင်ကုန်းငယ်တစ်ခုကိုဖြတ်ကျော်လာခဲ့ကြသည်။ တောင်ထိပ်သို့ရောက်လျှင် ရှေ့၌တောင်ကုန်းငယ်တစ်ခုကို တွေ့ကြရပြန်လေသည်။ သို့နှင့် သူတို့လူစုသည် တောင်ကုန်းငယ်ငါးခုကို ဖြတ်ကျော်လာခဲ့ကြသည်။

နောက်တောင်ထိပ်သို့ရောက်လျှင် တောင်ကုန်းငယ်တစ်ခုကို တွေ့ပြန်သဖြင့် စိတ်ပျက်စွာဖြင့် နားနေမိကြစဉ် နောက်လှည့်၍ ကြည့်မိသောကျောက်လုံးက. . .

"အခုနောက်ကိုပြန်လှည့်ကြည့်မိတော့မှ ငါတို့နောက်မှာ ဘာတောင်ကုန်းမှ မရှိပါလား"

ကျန်လူသုံးယောက်က နောက်သို့လှည့်ကြည့်မိကြသည်။

"အေး. . . ဟုတ်သားပဲကွ"

"ငါတို့တတွေ ဒီတောင်ကုန်းကိုပဲ တက်လိုက်ဆင်းလိုက်လုပ်သလို ဖြစ်နေပြီထင်တယ်"

"ငါတို့တော့ တောကြီးမျက်မည်းထဲမှာ မျက်စိလည် လမ်းမှားနေပြီထင်တာပဲ"

ထိုညက သံခဲတို့လူစုသည် တောင်ကုန်းကလေးပေါ်မှာပင် အိပ်ကြရန် သဘောတူခဲ့ကြလေ၏။ ကောင်းကင်ပေါ်မှလမင်းကြီးက သူတို့၏ အလင်းရောင်ပေးနေလေ၏။ သူတို့သည် ညစာစားပြီးသည်နှင့်ထိုင်ကာ စကားပြောနေကြသည်။

"အခုလောက်ဆိုရင် ငါတို့မိဘတွေ ငါတို့ပျောက်နေလို့ စိုးရိမ်တကြီးနဲ့လိုက်ရှာနေကြတော့မှာပဲ"

ကျောက်လုံးကပြောသည်။ သည်တော့မှသူတို့အားလုံးသည် ရွာမှ မိဘများကို သတိရသွားကြသည်။ ရွာတွင်နေစဉ်က သူတို့ သူငယ်ချင်းတစ်စုသည် မြက်အတူရိတ်၊ နွားအတူကျောင်းရင်း မိဘများကို ကူညီလုပ်ကိုင်ပေးခဲ့ကြသူများဖြစ်သည်။ ယခုသူတို့ရွာမှ ထွက်လာခဲ့ကြတော့ သူတို့လုပ်ကိုင်ပေးနေကျ မြက်ရိတ်ခြင်း၊ နွားကျောင်းခြင်းတို့ကို မိဘများကိုယ်တိုင်လုပ်ကိုင်နေရတော့မည်ကို သူတို့လေးဦးလုံးကသိနေသည်။ သည့်ထက်အဆိုးဆုံးကား မိဘများက သူတို့အတွက် စိုးရိမ်ပူပန်နေကြခြင်းပင်။

သူတို့လေးယောက်ဘယ်သွား၍ ဘယ်လာကြမည်ဟု မိဘများကို အသိပေးခဲ့ကြသည်မဟုတ်၊ သည်တော့မိဘများက သူတို့ကို ဘယ်နေရာသို့ လိုက်ရှာရမှန်းပင် သိကြမည်မထင်။

သံခဲအမေဒေါ်သိန်းခင်က စိုးရိမ်ပူပန်မှုအားကြီးလွန်းသူဖြစ်ရကား ငိုယိုရင်း နေထိုင်မကောင်းဖြစ်နေပြီလားမသိ။ သူ့အဖေ ဦးမိုးကောင်းက သံခဲတို့၏မပြောမဆိုရွာမှထွက်သွားသောလုပ်ရပ်ကို ဒေါသဖြစ်နေမည်မှာလည်း အိမ်သို့ပြန်ရောက်လျှင် သူ့အဖေက သူ့ကို ကျောကော့အောင်ရိုက်မည်တို့ကို သံခဲကသိနေ၏။ တွေးရင်းတွေးရင်း ကြက်သီးထလာသည်။

"ငါတို့ရွာကိုပြန်ကြရရင်မကောင်းဘူးလား"

တွတ်နီကပက်လက်လှန်၍အိပ်နေရင်းမှပြောသည်။ သံခဲက ခေါင်းခါ၍ပြသည်။

"အခုလောက်ခရီးထွက်လာခဲ့ပြီးမှကွာ"

သံခဲက စိတ်ဆန္ဒထက်ကြွနေဆဲပင်ရှိနေလေသည်။

"ဘာပဲဖြစ်ဖြစ်၊ ရှေ့ကိုခရီးဆက်ကြရအောင်"

သံခဲက ကျန်သုံးယောက်၏သဘောထားကိုမေးသည်။

"ဟုတ်တယ်. . . ငါတို့မှာအသားခြောက်ရိက္ခာတွေလည်း ရှိနေတာပဲ"

ဖိုးကြွက်ကဝင်ပြောသည်။ တွတ်နီနှင့်ကျောက်လုံးတို့က ငွေ့ဝေ့စွာ ငြိမ်းစားနေကြသည်။ ထိုအချိန်တွင်. . .

"ဝေါင်း"

www.burmeseclassic.com

"ဒါ. . . ဒါ. . . ကျားဟိန်းသံကွ"

သံခဲတပြောသည်။ တွတ်နီသည်လှဲနေရင်းမှ ထထိုင်သည်။ ဖိုးကြွတ်တ အနီးမှလှံကိုကောက်ကိုင်သည်။ ဖိုးကြွက်ကကြောက်ရွံ့သည့်အသွင်ကိုဆောင်သွားသည်။

"ကျားကြီးက တို့ဆီလာရင်ဘယ်လိုလုပ်မလဲ"

"မလာပါဘူးဖိုးကြွက်ရာ"

"အဝေးကြီးကနေ ဟိန်းတာပါကွ၊ ကျားကြီးလာတော့လည်းဘာဖြစ်သလဲ၊ အကိုက်ခံလိုက်ကြရုံပေါ့"

"ဟာ. . . မင်းကလဲ ပြောရော့မယ်"

ဖိုးကြွက်ကြောက်နေပုံကိုကြည့်ပြီး ဝိုင်းရယ်ကြသ်။ ဖိုးကြွက်ကလည်းမျက်နှာငယ်လေးဖြင့်လိုက်ရယ်သည်။ ထို့နောက် သူတို့သည် အိပ်စက်ကြသည်။

ညဥ့်နက်အချိန်တွင် ကိုးတောင်ကျားကြီးတစ်ကောင်တောင် ခြေသို့ရောက်လာသည်။ ထို့နောက် ကိုးတောင်ကျားကြီးသည် တောထဲသို့ပြန်ဝင်သွားလေ၏။

◆◆◆



အခန်း (၁၀)

သူတော်စင်အဘိုးအိုနှင့်တွေ့ကြခြင်း

မုဆိုးကြီးဦးသောင်းရင်က သူ၏ပြောလက်စစကားကို ရပ်လိုက်သည်။ မုဆိုးကြီးဦးသောင်းရင် (ခေါ်) ငယ်နာမည်သံခဲ၏စွန့်စားသောသုပ်ရပ်ကို နားထောင်နေကြသော တောခေါင်းကြီးဦးလှထွန်း၊ တိုးကျော်နှင့်ဗွာသားများမှာ စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်ဖြစ်ရာ သံခဲနှင့်သူငယ်ချင်းသုံးယောက်တို့ ရှေ့သို့ဘာဆက်ဖြစ်ကြသည်ကို သိချင်နေမိကြလေ၏။

"ဆက်ပြောလေ မုဆိုးကြီးရဲ့"

တောခေါင်းကြီးဦးလှထွန်းတတောင်းဆိုသည်။

"ဆက်ပြောရင်မိုးလင်းသွားလိမ့်မယ်။ ကျုပ်တို့အားလုံးဒီနေ့ခရီးပြင်းနှင်လာကြတာ အားလုံးပင်ပန်းနေကြတယ် မဟုတ်လား။ အိပ်စက်အနားယူကြဦးမှကောင်းမယ်။ အဲဒါကြောင့်ပြောလက်စ စကားကိုဖြတ်လိုက်တာ၊ မနက်ဖြန်အပြန်လမ်းမှာဆက်ပြောပြပါ့မယ်ဗျာ"

မုဆိုးကြီးဦးသောင်းရင်၏စာနာစိတ်ကို သူတို့သဘောပေါက်သွားကြပြီး မီးဖို၏ဘေးတွင် ဝိုင်းဖွဲ့ကာအိပ်စက်ကြလေ၏။ •

နောက်တစ်နေ့နံနက်တွင် နေထွက်သည့်အချိန်သို့ရောက်မှ သူတို့အားလုံးအိပ်ရာမှနိုးလာကြသည်။ မုဆိုးကြီးဦးသောင်းရင်က နံနက်စာစားသုံးပြီးမှ ခရီးဆက်ရန်စီစဉ်သည်။ အားအင်ဖြည့်ဆည်း ခိုင်းခြင်းဖြစ်သည်။

ထို့နောက် မုဆိုးကြီးဦးသောင်းရင်ခေါင်းဆောင်သောအဖွဲ့သည် တောင်းကင်မှနေမင်း၏အသွားအလာကိုကြည့်ကာ ခရီးဆက်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

တောခေါင်းကြီးဦးလှထွန်း၊ တိုးကျော်နှင့်ရွာသားများ စိတ်ဝင်စားနေသော သူ့ဘဝ၏အကြောင်းကို မုဆိုးကြီးဦးသောင်းရင်က ဆက်လက်ပြောပြ ဝံ့မှာ. . .

◆◆◆

နောက်တစ်နေ့မနက်တွင် သံခဲတို့လူစုသည် သမင်သားကင်ကို နံနက်စာအဖြစ်စားသုံးကာ ခရီးဆက်ခဲ့ကြပြန်သည်၊ ထိုသို့စကားပြောရင်း လျှောက်လာကြစဉ် တွတ်နီက. . .

"ဟိုတောင်ကုန်းကလေးပေါ်မှာ စေတီတစ်ဆူပါလား"

ဟုပြောသည်။ ကျန်သူသုံးဦးလည်းမြင်သွားကြပြီး. . .

"အေးကွ. . . ငါတို့သွားပြီးဖူးကြရအောင်"

သူတို့လေးဦးသည် စိတ်ဆန္ဒတူညီစွာဖြင့် စေတီတော်ရှိရာသို့ ရောက်အောင်သွားပြီးနောက် စေတီတော်အားလှည့်ပတ်၍ ဖူးမြော်ကြသည်၊ စေတီတော်မှဆွဲလည်းသံများက တချွင်ချွင်နှင့်မြည်နေကြလေသည်။

တောထဲတောင်ထဲတွင် တည်ထားသောစေတီတော်ဖြစ်၍ သံခဲတို့ လူစုမှာ အလွန်အံ့သြနေမိကြသည်။

"အောင်မလေးဗျ"

ဖိုးကြွက်က အလန့်တကြားအော်လိုက်သည်။

"ဘာဖြစ်တာလဲ ဖိုးကြွက်ရ"

သံခဲက ဘဝင်မကျသလိုဖြင့်မေးသည်။

"ဟို. . . ဟိုမှာလေကွာ"

ဝတ်ဖြူစင်ကြယ်နှင့်အဘိုးအိုတစ်ယောက်သည် စေတီတော်ရှိရာသို့ လျှောက်လှမ်းလာနေသည်ကို သံခဲတို့မြင်တွေ့လိုက်ရလေသည်။

"အို. . . ကလေးတို့၊ ဘယ်ကဘယ်လို ဒီလောက်နက်တဲ့ တောကြီးထဲကိုရောက်လာရတာလဲ"

ဝတ်ဖြူစင်ကြယ်နှင့်အဘိုးအိုကမေးသည်၊ သံခဲတို့လူစုက ဝတ်ဖြူ စင်ကြယ်နှင့်အဘိုးအိုကိုကန်တော့ပြီး. . .

"ကျွန်တော်တို့ရွာကလူတွေက ဒီအနောက်ဘက်တောင်တန်း





တောကြီးထဲကို သစ်ဝါးလာမခုတ်ကြဘူး။ ရွာရဲ့တောင်ဘက်က တောထဲကိုပဲ သွားပြီး သစ်ဝါးခုတ်ကြတယ်။ ဘာကြောင့်အနောက်ဘက် တောထဲကို သူတို့ မသွားကြတာလဲ။ ဒီအနောက်ဘက်တောကြီးထဲမှာ ဘာတွေရှိသလဲဆိုတာကို သိချင်လို့ လာခဲ့ကြတာပါအဘိုး။ လေ့လာ ရေးခရီးထွက်လာတဲ့သဘောပါ"

ဟုသံခဲကပြောပြသည်။

"ဟင်း. . . မိုက်လိုက်တာကလေးတို့ရယ်။ ဒီတော ဒီတောင် ထဲမှာ အန္တရာယ်တွေကအများကြီးပဲ"

သံခဲက တောတွင်းထဲတွင်သွားလာရင်း တွေ့ကြုံခဲ့ရသည်များကို သူတော်စင်အဘိုးအိုအား ပြောပြသည်။

"မနေ့ကလည်း တောင်တစ်တောင်တည်းကို အခါခါပြန်တက်ပြီး ဒီနေရာပဲပြန်ရောက်နေခဲ့ရပါတယ်။ အဘိုးက ဒီတောဒီတောင်ထဲမှာ နေထိုင်လာတာကြာပြီလား"

သူတော်စင်အဘိုးအိုက ခေါင်းညိတ်ရင်း. . .

"ဒီတောဒီတောင်ထဲမှာ နေထိုင်ပြီး အဘိုးတရားအားထုတ် လာခဲ့တာကြာပြီကွဲ့"

"အဘိုးကို တောထဲကသားရဲတိရစ္ဆာန်တွေက အန္တရာယ်မပြု ကြဘူးလား"

"သူတို့အပေါ် အဘိုးက မေတ္တာကရုဏာထားတော့ သူတို့က လည်း အဘိုးကို ရန်မပြုကြဘူးလေ"

"ဩော်"

သူတော်စင်အဘိုးအိုက မျက်နှာတည်ငြိမ်စွာဖြင့်ပြောပြနေ၏။

"ဟေး. . . လာလာ. . . လာ"

သူတော်စင်အဘိုးအိုက ကျယ်လောင်သောအသံဖြင့် အသံပြုလိုက် သည်၊ သံခဲတို့လူစုက ဘာမှနားမလည်သလိုဖြစ်သွားသည်၊ အဘိုးအိုက ဘာတိုအသံပြု၍ ခေါ်နေသည်ကိုမသိဖြစ်နေသည်။

မကြာမီ ကျား၊ ဆင်၊ ကျားသစ်၊ မြွေအစရှိသော တောတွင်းမှ သားရဲ တိရစ္ဆာန်အပေါင်းတို့သည် သူတော်စင်အဘိုးအိုထံသို့ ရောက်ရှိလာကြလေ၏။

"ကဲ. . . အားလုံးတစ်ကောင်တစ်ကောင် ချစ်ခင်စွာနဲ့ သင့်မြတ် အောင်နေကြ၊ သွားကြတော့။ သတ္တဝါအပေါင်းကျန်းမာ၊ ချမ်းသာကြပါစေ"

တောတွင်းတိရစ္ဆာန်များသည် သူတော်စင်အဘိုးအို၏စကားကို နားလည်သည့်အလား တောတွင်းသို့ပြန်လည်ထွက်ခွာသွားကြလေသည်။


www.burmeseclassic.com

 www.burmeseclassic.com

"တောတွင်းထဲမှာ ဒီစေတီတော်တည်ရှိနေတာအံ့ဩဖို့ကောင်းတယ်"

သံခဲက သူ့စိတ်ထဲရှိသည့်အတိုင်းပြောသည်။

"ဘယ်သူ၊ ဘယ်ဝါတွေက ဒီနေရာမှလာရောက်ပြီး တည်ထားကိုးကွယ်ခဲ့သလဲ မသိဘူး။ အဘိုးအတွင်တော့ ဘုရားရိပ်၊ တရားရိပ် မှီခိုစရာဖြစ်တာပေါ့။ ဒီနေ့တော့အချိန်မရှိတော့ဘူး။ ဘုရားရင်ပြင်တော်ပေါ်မှာ မင်းတို့အတူပါလာတဲ့ခြေလေးချောင်းသားကို မစားသုံးကြနဲ့။ မင်းတို့စားဖို့ အဘိုးသစ်သီးတွေပေးမယ်။ မနက်ဖြန်ကျရင်တော့ မင်းတို့တတွေ မိဘတွေဆီကိုပြန်ကြပေတော့"

"ဟုတ်ကဲ့ပါအဘိုး၊ ဒါနဲ့အဘိုး. . . ဟိုးအရှေ့မှာဘာတွေရှိသေးသလဲ၊ ကျွန်တော်တို့ သိချင်လို့ပါ"

သံခဲကမေးသည်။ သူတော်စင်အဘိုးအိုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း. . .

"အင်း. . . သိချင်တယ်ဆိုတော့လည်း ပြောပြရတာပေါ့ကွယ် စစ်အတွင်းကာလက ဖက်ဆစ်ဂျပန်တွေဟာ ဟိုးအနောက်၊ တောင်ခြေရင်းက ဒီတောထဲကိုထွက်ပြေးလာကြတယ်။ အင်္ဂလိပ်စစ်တပ်တွေကသိတော့ လေယာဉ်ပျံနဲ့လိုက်ပြီး ဝိုင်းကြတိုက်ခိုက်ကြတယ်"

"ဟုတ်ကဲ့"

"ဂျပန်တွေက အောက်ကသေနတ်နဲ့ပြန်ပစ်တာမို့ အင်္ဂလိပ်လေယာဉ်ပျံကိုထိပြီး တောင်စောင်းနဲ့ဝင်တိုက်ပြီးတော့ လေယာဉ်ပျံဟာ ပျက်ကျသွားတယ်"

"ဩော်"

"အဲဒီအင်္ဂလိပ်လေယာဉ်ပျံပျက်ကြီးကတော့ တောင်ခြေမှာရှိတယ်။ ဖက်ဆစ်ဂျပန်တွေကတော့ တောထဲမှာငှက်ဖျားမိပြီး သေဆုံးတုန်ကြတယ်ထင်တာပဲ။ မင်းတို့ပြန်မယ်ဆိုရင် လာရာလမ်းအတိုင်း မပြန်နဲ့တော့"

"ဗျာ"

သံခဲက သူတော်စင်အဘိုးအို၏စကားကြောင့် ဇဝေဇဝါဖြစ်သွားသည်။

"အဘိုးဘယ်လို. . . လာခဲ့တဲ့လမ်းအတိုင်းမပြန်ရဘူးဟုတ်လား"

"ဟုတ်တယ်လေ. . . နေမင်းကြီးကအရှေ့တောင်အရပ်ကထွက်တာဆိုတော့ မနက်နေထွက်လာရင်တောင်အရပ်ကို မှန်းဆပြီးပြန်ကြ





ပေါ့။ နေသွားရာလမ်းကြောင်းကိုကြည့်ပြီးပြန်ကြဖို့ အဘိုးက ပြောနေတာ"

သံခဲတို့လူစုသည် သူတော်စင်အဘိုးအိုနှင့်အတူ စေတီရင်ပြင်တော်ပေါ်တွင် အိပ်စက်ကြလေ၏။ သူတော်စင်အဘိုးအိုက စေတီတော်၏ရှေ့တွင်တရားအားထုတ်ပြီး ညဉ့်နက်သည့်အချိန်ရောက်မှ အိပ်စက်ခြင်းဖြစ်သည်။

သူတော်စင်အဘိုးအိုအိပ်ပျော်သွားလျှင် သံခဲက လေယာဉ်ပျက်ကြီးရှိရာတောင်ခြေသို့သွားကြည့်ရန် သူငယ်ချင်းများကို တီးတိုးပြောသည်။ သူ၏သူငယ်ချင်းသုံးယောက်ကလည်း သံခဲ၏အကြံအစည်ကို သဘောတူကြသည်။

နောက်တစ်နေ့နံနက်ဝေလီဝေလင်းအချိန်တွင် သံခဲတို့လူစုသည် အိပ်ရာမှနိုးလာကြသည်။ သူတော်စင်အဘိုးအိုက စေတီတော်၏ အရှေ့တွင် တရားအားထုတ်နေသည်ကို သံခဲတို့လူစုတွေ့မြင်လိုက်ကြရသည်။

"ဘယ်အချိန်ကတည်းကထပြီး တရားအားထုတ်နေတာလဲ မသိပါဘူး"

"ရှူး. . . တိုးတိုး"

သံခဲတို့လူစုသည် စေတီတော်အားဦးချရှိခိုးပြီးနောက် သူတော်စင်အဘိုးအိုအား နှုတ်မဆက်တော့ဘဲ တောင်ခြေရှိရာသို့ လာခဲ့ကြသည်။ ခရီးအတော်အတန်သွားမိလျှင်. . .

"ဟာ. . . ဟိုမှာ လေယာဉ်ပျံပျက်ကြီး"

တောင်ခါးပန်းတွင် ဦးစိုက်နစ်မြုပ်နေသော လေယာဉ်ပျံပျက်ကြီးကို သံခဲတို့လူစုတွေ့လိုက်ကြရသည်။ သံခဲတို့လူစုသည် လေယာဉ်ပျံပျက်ကြီးအား အသေအချာကြည့်ရှုပြီး စက်ပစ္စည်းများအားဖြုတ်ယူကြသည်၊ စက်ပစ္စည်းများကို ဝါးလုံးဖြင့်လျှိုထမ်းကာ အပြန်ခရီးကို စတင်ခဲ့ကြလေသည်။

"ဒီစက်ပစ္စည်းတွေက တန်ဖိုးရှိမှာသေချာတယ်"

သံခဲက သူ၏သူငယ်ချင်းများကိုပြောပြသည်။

"မင်းက အဖိုးတန်တယ်ဆိုလို့သာ ထမ်းလာရတာ၊ တအားလေးတာပဲကွာ"

ဖိုးကြွက်ကပြောသည်။

"တောထဲကပြန်လာပြီး ဘာမှအကျိုးအမြတ်မရှိဘူးဆိုရင် မကောင်းသေးဘူးလေ"

သံခဲက အပင်ပန်းခံပြီးထမ်းနေသည်။ သူတို့လေးယောက်တွင် သူကခေါင်းဆောင်လာသူမဟုတ်လား။ သည်တော့အများထက် ပိုစေအရာရာ



www.burmeseclassic.com

www.burmeseclassic.com

အပင်ပန်းခံရမည်ဟု သံခဲတဆုံးဖြတ်ထားသည်။

သံခဲတို့လူစုသည် နေဝင်သည့်အရပ်သို့ဦးတည်လာခဲ့ရသဖြင့် ပထမ သူတို့လာခဲ့ကြသည့်လမ်းအတိုင်းမဟုတ်တော့ချေ။ ညပိုင်းသို့ ရောက်လျှင် တောင်တုန်းများပေါ်သို့ တက်၍အိပ်ကြသည်။

တွတ်နီက ဟင်းလျာအတွက် သားကောင်များကို ရှာဖွေ၍ အခဲလိုက်ပေးသည်။ သားကောင်သားကို မီးကင်၍စားသောက်ကြသည်။

"တောင်ခြေမှာ လေယာဉ်ပျံပျက်ကြီးရှိမှန်းရွာသားတွေမသိကြသေးလို့ကွ။ ရှိမှန်းသာသိရင်လာယူကြမှာ သေချာတယ်"

"အစကတည်းက ဒီတောဒီတောင်ထဲကိုကြောက်ပြီး မလာရဲကြတာ။ လေယာဉ်ပျံပျက်ကြီးရှိတာသိမလားကွ"

"တစ်ရွာလုံးက ရွာသားတွေနဲ့ သံထည်ပစ္စည်းတွေ ဖျက်ယူရရင်ကောင်းမယ်၊ တောထဲတောင်ထဲမှာ သံချေးတက်ပြီးအလဟဿ ဖြစ်သွားမှာစိုးတယ်"

"သူကြီးက ခိုင်းရင်တော့ တောင်ခြေကိုလာချင်လာရမှာ။ ဒါပေမယ့် သားရဲတိရစ္ဆာန်တွေရဲ့အန္တရာယ်ကိုကြောက်ပြီး မလာရဲတဲ့ သူတများမှာပါ"

သံခဲတို့လူစုသည် နောက်တစ်နေ့နံနက်တွင် စက်ပစ္စည်းများကို ထမ်းပြီး ခရီးဆက်ခဲ့ကြပြန်ရာ တောတွင်းတစ်နေရာတွင်. . .

"ဟာ. . . ဟိုမှာ ပျားအုံကြီး"

ကျောက်လုံးက သစ်ပင်ကြီးတစ်ပင်ပေါ်မှ သစ်ကိုင်းတစ်စုကို လက်ညှိုးထိုးပြသည်။

"နေ. . . နေ ငါအောက်ကနေ လေးခွနဲ့ပစ်ချပေးမယ်"

သံခဲက ပျားလပို့ကိုချိန်၍ လေးခွနှင့်ပစ်ချလေရာ ပျားရည်များအ တစ်စက်တစ်စက်နှင့်အောက်သို့ကျလာသည်။ တွတ်နီ၊ ဖိုးကြွက်၊ ကျောက်လုံး တို့က ပျားရည်ကို ဖက်ရွက်နှင့်ခံကာ လျက်ကြည့်ကြသည်။

"ဘယ်လိုလဲ ကောင်းလား"

သံခဲက သူ့သူငယ်ချင်းများကိုမေးသည်။

"အတော့်ကိုအရသာရှိတာပဲ"

ဖိုးကြွက်က ပျားရည်ကို အရသာခံကလျက်ရင်းပြောသည်။

"ပင်ပန်းထားသမျှအားအင်တွေပြန်ပြီး ပြည့်ဝလာသလိုပဲ"

တွတ်နီကလက်သီးကိုဆုပ်ထားရင်းပြောသည်။ ထိုစဉ် ပျားအုံ





မော့ကြည့်နေသောကျောက်လုံးက. . .

"ငါတို့ဆီကိုပျားကောင်တွေဆင်းလာပြီကွ"

ဟုအော်ပြောသည်။

"ပြေး. . . ပြေးကြဟေ့. . . ပျားတွေလာနေပြီ"

သံခဲကသတိပေးသည်။ သို့သော် သံခဲတို့လေးယောက်စလုံးမှာ ပျားတုတ်ခံရလေသည်။

"အောင်မလေးဗျ. . . နာလိုက်တာ"

"အင်း. . . ပျားအဆိပ်ကအတော်ပြင်းတယ်"

"အဲဒါ ကျောက်လုံးတော်ကြီးကျလို့ဖြစ်ရတာ။ သံခဲကလည်း အငြိမ်မနေဘူး။ သွားပစ်တယ်"

"ကံမကောင်းတဲ့သူ ပျားတုတ်ခံရတာပဲ။ ငါက အတုတ်မခံရဘူးကွ။ အတုတ်ခံရမှာစိုးရိမ်လို့ အော်ပြောတာ"

သံခဲကရယ်မောရင်းပြောနေသည်။

"မင်းတော်တော်မဟုတ်တဲ့ကောင်၊ ပျားတွေက ယင်တောင်လောက် ကြီးတာကွ"

တွတ်နီက သူ့နားရွက်ကိုပွတ်သပ်ပြီးပြောနေသည်။ သံခဲတို့ လူစုသည် ဆက်လက်ခရီးနှင်ခဲ့ရာလမ်းခရီးတွင် ချောင်းငယ်တစ်ခုကို တွေ့လေ၏။ ထို့ကြောင့် သူတို့သည် သစ်ပင်များကိုခုတ်လှဲပြီး သစ်ဖောင်ဖွဲ့ ကြလေသည်။ ထိုသစ်ဖောင်ဖြင့် ချောင်းကိုထိုးဝါးဖြင့် ရေပြင်ကိုထောက်၍ ဖြတ်ကူးကြသည်။

"ငါတို့တွေ အလာတုန်းကလောက် မပင်ပ[illegible]ကြဘူးနော်"

တွတ်နီက ရေထဲမှသဲပြင်ကို ထိုးဝါးဖြင့်[illegible]န်ထောက်နေရင်းမှ ပြောသည်။

"ဒီချောင်းက ဘယ်နေရာ[illegible]ထိများ စုန်ဆင်းသွားသလဲ မသိဘူး"

သူတို့သည် ချောင်းရိုး[illegible]အတိုင်းသစ်ဖောင်ကို စုန်ဆင်းလာခဲ့ကြရာ-

"ဟာ. . . [illegible]သစ်ဖောင်က ဆက်မသွားတော့ဘူး"

သစ်ဖောင်[illegible]မှာရေစီးထဲသို့ ဆက်လက်သွားလာခြင်း မရှိတော့ဘဲ ရေပေါ်တွင်ရပ်တန့်နေလေ၏။ သံခဲက သစ်ဖောင်အောက်သို့ လက်နှိုက်၍ ကြည့်သည်။ ပြီးနောက် သဘောကျပြီး တဟားဟားနှင့် ရယ်မောနေလေ၏။

"ဘယ်လိုလုပ်ဆက်သွားတော့မှာလဲ။ ချောင်းရေက ကျောက်ဆောင်ကြားကဝင်ပြီး ချောင်းကကွယ်ပျောက်သွားတာ"

www.burmeseclassic.com

"ဟင်"

သံခဲတို့သည် ကျောက်တောင်ကိုကျော်တက်လာမိကြပြီး တစ်နေရာသို့အရောက်တွင်...

"ဟော့...ဒီမှာ...ဒီမှာ...ချောင်း..."

"အေးကွ...ချောင်းကိုပြန်မြင်ရပြီ"

ချောင်းကကျောက်ဆောင်အောက်မှထွက်ကာ ဆက်လက်စီးဆင်းနေသည်။ သံခဲတို့လူစုသည် ချောင်းကမ်းပါးတလျှောက်ဖြတ်၍ လာခဲ့ကြရာ နေဝင်သွားသဖြင့် သဲသောင်ပြင်ပေါ်တွင် ညအိပ်ရန် ဆုံးဖြတ်လိုက်ကြလေ၏။

ဖိုးကြွက်က ချောင်းထဲတွင် ငါးရှာရာ ငါးသုံးကောင်ရလေသည်။ ငါးသုံးကောင်ကိုမီးကင်ပြီး သဲသောင်ပြင်ပေါ်မှ ကျောက်တုံးပေါ်တွင် တင်ထားလိုက်သည်။ ချောင်းရိုးတလျှောက်ထဲ မဲမှောင်နေသည်။ သံခဲတို့ထသဲသောင်ပြင်ပေါ်တွင် ပက်လက်လှန်ကာ အမောအပန်းဖြေနေမိကြသည်။

"ဝူး"

ထိုအချိန်တွင် မမျှော်လင့်ဘဲကြားလိုက်ရသောအသံကြောင့် သံခဲက...

"ဟာ...ဒါ...ဒါ တောဆင်ရိုင်းတွေရဲ့အသံပဲ။ ချောင်းကိုဆင်းလာပြီထင်တယ်"

သံခဲ... ...ဘုပြောသည်။ သံခဲတို့လူစုသည် ချောင်းတစ်ဖက်ကမ်းပေါ်သို့ ...တက်ပြေးလာမိကြသည်။ တောဆင်ရိုင်းများသည် ချောင်းတို့... တသောင... ...ပါးပေါ်သို့ တက်သွားကြလေ၏။ တောဆင်ရိုင်းများ... ဖြတ်ပြီး တစ်ဖက်က... ...ကမှ သံခဲတို့လူစုသည် သဲသောင်ပြင်ပေါ်သို့ သွားလာသံကို မကြားရ... ...ောင်းခြောက်များကို မီးပုံထဲသို့ထည့်ပြီး ပြန်လာခဲ့ကြသည်။ တွတ်နီက ... ...လာသည်။ ချောင်းရိုးတလျှောက်တွင် ... ယပ်ခတ်ပေးလိုက်ရာ မီးတောက် က... မီးရောင်ဖြာထွက်သွားသည်။

"အမောအပန်းဖြေနေတာ၊ အမော...ပြေဘူး"

"ငါးကင်စားပြီးတော့မှ တစ်ခါတည်းအိပ်ကြတာပေါ့"

"အေး...ကောင်းတယ်"

"ဖိုးကြွက်...ကျောက်တုံးပေါ်တင်ထားတဲ့ငါးကင်တွေ သွားယူကွာ၊ စားကြမယ်"

ဖိုးကြွက်က မျက်နှာမသာမယာနှင့်ပြန်လာသည်။





"ကျောက်တုံးပေါ်တင်ထားတဲ့ ငါးကင်တွေမရှိတော့ဘူး။ သိတ်ခဲတျန်ခဲ့တယ်"

"ဟာ...ဘယ်လိုတွေဖြစ်နေတာလဲ။ အိပ်ကြတော့တွာ၊ ငါးကင်စားရတယ်ပဲ သဘောထားလိုက်ကြတော့"

သူတို့လေးယောက်မှာ ဗိုက်ဆာဆာနှင့်အိပ်စက်ကြရလေသည်။

"တောက်...ငါတို့ကို ဘယ်သတ္တဝါကများ အသွားအပြန် နှိပ်စက်နေသလဲမသိပါဘူး"

တွတ်နီကမကျေမနပ်ဖြင့်ပြောသည်။

"ဗိုက်ဆာနေတယ်ကွ၊ အိပ်လို့ရမှာမဟုတ်ဘူး"

ကျောက်လုံးကပြောသည်။ ဖိုးကြွက်ကချောင်းထဲသို့ဆင်းပြီး ငါးထပ်စမ်းရာ ငါးနှစ်ကောင်ရသည်။ ငါးနှစ်ကောင်ကိုမီးကင်ပြီး သူတို့လေးယောက်မျှဝေစားသောက်လိုက်တော့မှ သူတို့နေသာထိုင်သာ ရှိသွားကြသည်။

"ဖိုးကြွက်ကသာချောင်းထဲကို ငါးဆင်းမဖမ်းရင် ငါတော့ ဗိုက်ဆာတာနဲ့အခက်တွေ့မှာသေချာတယ်။ ဖိုးကြွက်ရာ မင်းကို သိပ်ကျေးဇူးတင်တာပဲ။ မင်းခိုင်းချင်တာခိုင်းပါ။ လည်မျိုကို နင်းခိုင်းလည်း တက်နင်းပေးပါ့မယ်"

"ဟာကွာ...ဒီကောင် ပြောရော့မယ်"

"အင်း...ဒီတောဒီတောင်တွေထဲမှာ အန္တရာယ်ထူပြောတယ်ဆိုတာ ရှေးကလူကြီးသူမတွေက ကိုယ်တွေ့ကြုံခဲ့လို့ သားစဉ်မြေးဆက် ...ဝါးတောင်သွားမခုတ်ကြဖို့တားမြစ်ခဲ့ကြတာကိုး။ ငါတို့ ကလေးလားစူးစမ်းချင်တဲ့စိတ်နဲ့လာခဲ့ကြတာ။ ဘယ်လောက်ပင်ပန်းပြီး ဆင်းရဲဒုက္ခတွေရောက်...သလဲဆိုတာ တကယ့်ကိုယ်တွေ့ပါပဲ"

သံခဲကပြောပြနေသည်။ သူတို့သည် သဲသောင်ပြင်ပေါ်တွင် ဝိတ်...ပန်းဖြင့် အိပ်ပျော်သွားကြလေ၏။

နောက်တစ်နေ့တွင် သံခဲတို့လူစုသည် ခရီးဆက်ခဲ့ကြရာ သူတို့...တ်သို့လိုက်လာကြသော ဖခင်များနှင့်ရွာသားများကို လမ်းတွင် ဆုံတွေ့...ကြလေ၏။

"မင်းတို့အတော်ဆိုးတဲ့ကလေးတွေပဲ"

"ငါတို့တတွေ အနောက်ရိုးမတောထဲကို ဘာလို့ ...ဝါးခုတ်...သွားတာလဲဆိုတာ မင်းတို့သိကြပြီမဟုတ်လား။ တောကြမ်း၊ တောင်ကြမ်း


www.burmeseclassic.com

www.burmeseclassic.com

လို့ ဘယ်သူမှမသွားရဲ မလာရဲတဲ့ခရီးကို မင်းတို့ သွားရဲလာရဲကြတာ အံ့ဩမိတယ်ကွာ၊ မသေကောင်းမပျောက်ကောင်းရှိတာ ကံကောင်းတယ်"

သံခဲတာ တောတွင်းထဲတွင် သူတို့ကြုံတွေ့ခဲ့ရသည်များကို အပြန်လမ်းတွင် ပြောပြလာခဲ့သည်။ ထိုအဖြစ်အပျက်များကိုကြားရသော သူတို့ဖခင်များနှင့်ရွာသားများမှာ ကြက်သီးတဖြန်းဖြန်းထကာ ကြောက်ရွံ့သွားကြလေ၏။

"ဪ. . . လက်စသတ်တော့ ဒီတောဒီတောင်ထဲကိုသွားဖို့ လမ်းစထွင်ခဲ့တာ မင်းကိုး သံခဲရ"

"ဟုတ်ပါတယ်အဘ"

သံခဲကအဖေက ဒေါသဖြစ်ပြီးလက်ထဲတွင်ကိုင်ထားသော နွားရိုက်သည့်ကြိမ်လုံးဖြင့် သံခဲကိုလှမ်းရိုက်သည်။

"ဟုတ်ဦးကွာ"

"ဖြန်း. . . ဖြန်း"

"အား. . . အောင်မလေး သေပါပြီဗျ"

သံခဲမှာ ကျောကော့ပြီးပြေးသည်။ သူ့အဖေက နောက်မှ လိုက်ရိုက်သည်။ သံခဲ၏သူငယ်ချင်းများနှင့်ရွာသားများမှာ သံခဲတို့ သားအဖတို့ကြည့်ပြီး ရယ်မောနေမိကြသည်။

"ဖြန်း"

"အား. . . အောင်မလေးဗျ"

♦♦♦



တောခေါင်းကြီးဦးလှထွန်း၊ ဘုန်းကျော်နှင့်ရွာသားများက မုဆိုးကြီးဦးသောင်းရင်၏စကားအဆုံးတွင် တဝါးဝါးတဟားဟားနှင့် ဖြစ်နေကြလေသည်။

"ရွာရောက်တော့ ကျောပြင်ကအလျှိုးရာတွေကို ဆေးလိမ်းရတယ်။ အနောက်ရိုးမအပြန်သံခဲဆိုပြီး နောက်ပြောင်အခေါ်ခံရတဲ့အထိပါပဲ။ ကျုပ်အဖေဆုံးပါးသွားတော့ ကျုပ်ကဝါသနာပါတဲ့မုဆိုး အလုပ်နဲ့အသက်မွေးတယ်။ ရွာကရွာသားတွေလည်း အုပ်စုလိုက် ရိုးမတောထဲကိုသစ်ဝါးခုတ်သွားလာခဲ့ကြတာ ဒီနေ့အထိပဲဆိုပါတော့။ မုဆိုးအလုပ်ဆိုတာသိပ်အန္တရာယ်များတယ်၊ ကိုယ့်ကိုအန္တရာယ်ပေး တဲ့သားရဲတိရစ္ဆာန်တွေနဲ့လည်း တွေ့ခဲ့ရတာပဲ။ သားကောင်ဖြစ်သွား သောမုဆိုးဆိုတဲ့စကားတိုကြားဖူးကြတယ်မဟုတ်လား။ တိုးကျော် မင်းလည်းသိပ်ကံကောင်းတာပဲ၊ သေသာမိုးကျော်လို တစ်စုံတစ်ခုသာဖြစ်ခဲ့ရင် မင်းအဖေအောင်ချမ်းရှူးသွားမှာသေချာတယ်"

"ဟုတ်တယ်ဦးလေး"

သူတိုကလူစုသည် ခရီးပြင်းနှင်ခဲ့ကြရာ နောက်တစ်နေ့ညနေတွင် ရွာသို့ပြန်လည်ရောက်ရှိလာကြလေ၏။

♦♦♦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## ရွှေဖူးစာကံအကြောင်းရယ်

ဦးအောင်ချမ်းက သူ့သားတိုးကျော်ဘေးမသီရန်မခဘဲ အိမ်သို့ ပြန်ရောက်လာသဖြင့် ဝမ်းသာနေလေ၏။ အထူးသဖြင့် သူ့သားကြီး တိုးကျော်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သည့် ဆင်ဆိုးကြီးကြာမောင်ကို မုဆိုးကြီးဦးသောင်းရင်နှင့် တောခေါင်းကြီးဦးလှထွန်းတို့က သတ်ဖြတ်နိုင်ခဲ့သည်ဟုသိရသဖြင့် ကျေနပ်သွားလေ၏။

"ငါ့သားရယ်. . . မင်းမခံချင်စိတ်နဲ့စွန့်စားခဲ့တဲ့ကိစ္စက မင်းအသက်မသေတာကံကောင်းတာပဲ။ မင်းကို ဦးနီတာရဲ့သမီး မမြသက်နဲ့ ပေးစားဖို့ လူကြီးချင်းသဘောတူထားကြတာ၊ သူတို့မိသားစုက အဖေတို့ အိမ်ကိုလာလည်တော့မယ့်အချိန်မှာ သားကတောထဲ ထွက်သွားတော့ ဦးနီတာတို့ကို သံချောင်းထပ်လွှတ်ပြီး အကျိုးအကြောင်း သွားပြောရတာပေါ့။ ပထမတော့ ဦးနီတာတို့က သူ့သမီးကို ငါ့သားက မလိုချင်လို့ တစ်နေရာ ထွက်သွားတယ်ထင်ပြီး စိတ်ဆိုးကြသေးတယ်။ နောက်မှ တောထဲကို တကယ် ထွက်သွားမှန်းသိပြီး သူတို့ မိသားစုကပါ သားအတွက်စိုးရိမ်နေကြတယ်"

"အစ်ကိုကြီးကိုသတ်ခဲ့တဲ့ ဆင်ဆိုးကြီး တောထဲမှာရှိသေးတာကို ဒီလို့ သတ်ချင်မိသွားတာ။ ဒီဆင်ဆိုးကြီးကို ကျွန်တော့်လက်နဲ့ သတ်ချင်တာ။ မသတ်လိုက်ရတာစိတ်ထဲမှာမကျေနပ်ဘူး။ သေသွားလို့သာ စိတ်လျှော့လိုက်ရတာ"

တိုးကျော်က အံကြိတ်ထားရင်းမှပြောသည်။

"ဆင်ဆိုးကြီးသေသွားတော့လည်း တောတက်ပြီး သစ်ဝါးခုတ်

www.burmeseclassic.com

မယ့် သူတွေအတွက် အန္တရာယ်ကင်းသွားတာပေါ့"

"ဆင်ဆိုးကြီးက ကျွန်တော့်ကိုနင်းသတ်မလို့ ရှေ့တိုးလာသေးတယ်။ မုဆိုးကြီးဦးသောင်းရင်နဲ့တောခေါင်းကြီးတို့က သေနတ်နဲ့ ပစ်လိုက်လို့ သေသွားတာ"

"ဟင်. . . ဟုတ်လား။ မသေတောင်းမပျောက်ကောင်းသားရယ်၊ နောက်ကို အဲသလိုမျိုး မိဘကိုအသိမပေးဘဲ မလုပ်ပါနဲ့။ အခုတော တောထဲကပြန်လာတာ နေထိုင်ကောင်းရဲ့လား။ အနောက်ရိုးမက ငှက်ဖျားကြမ်းတော့ သားအတွက်စိုးရိမ်မိတယ်။ ရွာထဲက ဆေးဆရာဦးလှဖေဆီမှာ ဆေးလေးဘာလေး တောင်းသောက်ထားရင် ကောင်းမယ်ထင်တယ်"

"ကျွန်တော့်ဘာမှမဖြစ်ပါဘူးအဖေရယ်။ ဆေးသောက်စရာ မလိုပါဘူး"

"ငါ့သားရွာကိုပြန်ရောက်လာပြီဆိုတဲ့အကြောင်း ဦးနီတာတို့ဆီကို သန်းလွင်ကိုလွှတ်ပြီး ပြောခိုင်းထားတယ်။ တစ်ရက်၊ နှစ်ရက် ကြာရင်တော့ သူတို့မိသားစုတွေ အဖေတို့အိမ်ကိုရောက်လာကြလိမ့်မယ်။ ငါ့သား ဘယ်မှမသွားပါနဲ့"

"တောထဲမှာ ပင်ပန်းလာတယ်အဖေရဲ့။ အိမ်မှာပဲအနားယူရဦးမယ်။ အဖေတွေ့စေချင်တဲ့သူတွေနဲ့ ကျွန်တော်တွေ့ဖြစ်အောင် တွေ့မှာပါ"

"သားရဲ့ဇနီးလောင်းပဲသားရယ်၊ တွေ့ရမှာပေါ့"

"ဟာ. . . အဖေကလဲ"



"ဟာ. . . ဦးနီတာတို့ပါလား၊ ကြွပါခင်ဗျာ၊ ကြွပါ"

တစ်နေ့သောနံနက်ခင်းတွင် ဦးအောင်ချမ်း၏မိတ်ဆွေဦးနီတာတို့ မိသားစုသည် ဦးအောင်ချမ်း၏အိမ်သို့ ရောက်လာကြရာ ဦးအောင်ချမ်းတ ဦးတိုက်လှဲပျူငှာစွာ ဖိတ်ခေါ်လိုက်သည်။ ဦးနီတာ ဇနီးဒေါ်ငွက်ထော်နှင့် သမီးမမြသက်တို့သည် ဦးအောင်ချမ်း၏ အိမ်အတွင်းသို့ ဝင်လာကြသည်။ မြသက်က ခမ်းနားထယ်ဝါသော အိမ်ကြီးကို လှည့်ပတ်ကြည့်ရှုနေသည်။

"လာမယ်ဆိုရင်လည်း လူလွှတ်ပြီးပြောခိုင်းလိုက်ရောပေါ့ ဦးနီတာရယ်။ လှည်းကြုံနဲ့လိုက်လာတာထင်တယ်"

ဦးအောင်ချမ်းက ဦးနီတာတို့မိသားစုကို ဧည့်ခန်းထဲမှ ကျွန်းတုလား ထိုင်ကြီးများတွင် ထိုင်ခိုင်းရင်းပြောသည်။

"ဟုတ်ကဲ့. . . လှေဆိပ်ကနေ လှည်းကြုံနဲ့လိုက်လာကြတာ။ လှေဆိပ်ကနေ ဘယ်လိုလာရမှန်းမသိဖြစ်နေတာ။ လှည်းစီးလုံးငှားပြီး လာတော့မလို့။ လှည်းမောင်းသမားက ဦးအောင်ချမ်းတို့ရွာသား ဖြစ်နေတော့ လှည်းကြုံလိုက်ခဲ့ဖို့ခေါ်တာနဲ့ ဟန်ကျသွားတယ်။ လှည်းမောင်းသမားတ ဦးအောင်ချမ်းသာကို လိုက်ရှာတဲ့တောခေါင်းကြီးတို့နဲ့ ပါသွားသူဆိုတော့ မောင်တိုးကျော်တောထဲမှာ တွေ့ကြုံခဲ့ရတာတွေကို သူပြောပြလို့သိရတယ်။ မောင်တိုးကျော်ဆင်နင်း အသတ်မခံရတာကံကောင်းသွားတယ်။ မတွေ့ရဲ့ ရောပဲ။ အဲသလို မစွန့်စားသင့်ဘူးပေါ့"

"ဟုတ်တယ်ဦးနီတာ၊ သားတစ်ယောက်ထဲကျန်တော့တာ ရင်တျိုးရတော့မလို့၊ ဦးနီတာတို့ကို အားနာလိုက်တာဗျာ၊ ဦးနီတာနဲ့ ဒေါ်ငွက်ထော်တို့ကို ဒုက္ခပေးသလိုဖြစ်နေပြီလား မသိဘူး၊ ကြာထဲ သမီးလေးမမြသက်ကပါလာတော့ ပိုပြီးအားနာဖို့ကောင်းနေပြီ၊ ကြိုဆင်


www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြားထားရင် အိမ်ကလှည်းနဲ့လာကြိုမှာပေါ့။ လှေဆိပ်ကို တုန်ပစ္စည်းသွားသယ်တဲ့ လှည်းနဲ့စီးလာရတာဆိုတော့ ပင်ပန်းမှာပေါ့"

ဦးအောင်ချမ်းက မျက်နှာမထားတတ်အောင် အားနာနေရှာသည်။

"ဟာ. . . အားနာစရာမဟုတ်ပါဘူးဦးအောင်ချမ်းရယ်၊ သမီး မမြသက်က လှေစီးရ၊ လှည်းစီးရလို့ပျော်နေတာဗျ။ ပင်ပန်းတယ်လို့ သဘော မထားပါဘူးဗျာ"

"ကဲ. . . ရေနွေးကြမ်းခါးခါးနဲ့ ငါးခြောက်ဆီစိမ်ကို သောက်ရင်းစားရင်း အမောအပန်းဖြေကြပါဦး၊ ကျွန်တော့်တူနဲ့ ကျွန်တော့် တပည့်ကို ဦးနီတာတို့မိသားစုစားသောက်ဖို့ စီစဉ်ခိုင်းလိုက်ပါဦးမယ်"

ဦးအောင်ချမ်းက သံချောင်းနဲ့သန်းလွင်ကိုခေါ်ပြီး မှာကြားနေသည်။ ဒေါ်ဂွက်ထော်နှင့်မမြသက်က နှစ်ထပ်အိမ်ကြီးကိုကြည့်ပြီး သဘောကျ နေသည်။ မကြာမီတွင် ဦးအောင်ချမ်း၏တူဖြစ်သူ သန်းလွင်က မုန့်ထည့် ထားသောပန်းကန်များကို စားပွဲပေါ်သို့ လာချပေးသည်။

"ဦးနီတာတို့သုံးဆောင်ကြပါဦး။ ဒါသားမောင်တိုးကျော်ရခိုင်က ဝယ်လာတဲ့မုန့်တွေလေ။ ဦးနီတာတို့မိသားစု ကျွန်တော့်ဆီ လာလည်မယ် ဆိုလို့ အသေအချာသိမ်းထားရတာ"

"ဩော်. . . ဟုတ်လား"

"ဦးအောင်ချမ်းက ဒီလောက်စားစေချင်တာ စားလိုက်ဦး မယ်ဗျ။ ဟဲ့. . . မဂွက်နဲ့သမီးတို့လည်းစားကြလေ"

ဦးနီတာက မုန့်တစ်ခုကိုကောက်ယူပြီးစားနေသည်။ ဒေါ်ဂွက်ထော်တ ဦးနီတာကို အားမနာတတ်ရန်ကောဆိုသည့်အကြည့်ဖြင့် ကြည့်နေရှာ သမီးဖြစ်သူမမြသက်၏မျက်နှာက ပြုံးနေလေ၏။

"ဒေါ်ဂွက်ထော်နဲ့သမီးမမြသက်တို့လည်း စားကြပါဦး"

"ဟုတ်. . . ဟုတ်ကဲ့. . . ဦးအောင်ချမ်း"

မမြသက်က တစ်စုံတစ်ယောက်ကို လိုက်လံရှာဖွေနေသည့် အသွင်ဖြင့် ဟိုသည်ကြည့်နေသည်။ ဦးအောင်ချမ်းက အခြေအနေကို သဘောပေါက်သွားလေ၏။ ထို့ကြောင့် သူ၏တပည့်ဖြစ်သူကို ခေါ်ကာ. . .

"ဟေ့. . . သံချောင်း"

"ဗျာ. . . ဆရာ၊ ကျွန်တော်ရှိပါတယ်"

"ငါ့သားတိုးကျော်ရော"

"ရှိပါတယ်ဆရာ၊ အိမ်နောက်က စိုက်ခင်းထဲမှာ ပေါင်းမြက်





တွေ ရှင်းနေတယ်"

"ခပ်မြန်မြန်သွားခေါ်စမ်းကွာ။ ဒီမှာ ဦးနီတာတို့မိသားစု ရောက်လာကြပြီလို့ ပြောပြ၊ ကြားလား"

"ဟုတ်ကဲ့ဆရာ"

သံချောင်းက အိမ်ပေါ်မှပြေးဆင်းသွားသည်။

"ဦးနီတာ အားမနာနဲ့နော်၊ မုန့်ကုလားမဲကစားလို့ကောင်း တယ်။ စားရခဲတယ်။ သူ့ဒေသကိုရောက်လို့ ဝယ်လာမှစားရတာ"

ဦးအောင်ချမ်းက ပြုံးရွှင်စွာဖြင့် လောကဝတ်ပြုနေသည်။ ဦးနီတာမှာ ထောင့်ကြီးရွာတစ်ဖက်ကမ်းရှိ ငါးသိုင်းချောင်းမြို့မှဖြစ်၍ ချမ်းသာ ကြွယ်ဝသော ကုန်သည်တစ်ဦးဖြစ်လေသည်။ သားသမီး ရတနာများများ စားစားမထွန်းကားဘဲ သမီးလေးတစ်ဦးသာ ထွန်းကားခဲ့သည်။

ဦးအောင်ချမ်းမှာလည်း ထောင့်ကြီးရွာတွင်နေထိုင်သူဖြစ်သော်လည်း လုပ်ငန်းပေါင်းစုံကိုလုပ်ကိုင်သည့်တောသူဌေးလည်းဖြစ်၊ ကုန်သည်တစ်ဦး လည်းဖြစ်လေသည်။

ဦးအောင်ချမ်းနှင့်ဦးနီတာတို့သည် ကုန်ရောင်းကုန်ဝယ်ရင်း ခင်မင် ရင်းနှီးခဲ့ကြလေသည်။ ဦးအောင်ချမ်း၏ပြောပြချက်အရ သားနှစ်ဦးရှိသည့် အနက် တစ်ဦးမှာတောတွင်းထဲတွင် ဆင်နင်းသတ်ခံရသဖြင့် သေဆုံးခဲ့ရ ကြောင်း၊ သားငယ်တစ်ဦးသာရှိတော့ပေမယ့် ဖခင်၏စီးပွားရေးလုပ်ငန်း အားလုံးကို ကူညီလုပ်ကိုင်ပေးနေသူတစ်ဦးဖြစ်ကြောင်း၊ တိုးကျော်မှာ အသောက်အစား၊ လောင်းကစား၊ အပျော် အပါးကင်းသူဖြစ်ကြောင်း သိရသော ဦးနီတာက အမြော်အမြင်ကြီးစွာဖြင့် သမီးဖြစ်သူကို တိုးကျော်နှင့် အိမ်ထောင်ချပေးရန် လာရောက်ကြောင်းလမ်းခြင်းဖြစ်သည်။ ဦးနီတာက တိုးကျော်ကိုမြင်တွေ့ဖူးသည်ဖြစ်ရာ တိုးကျော်၏နေထိုင်ပုံ၊ ပြောဆိုပုံမှအစ လေ့လာထားပြီး သဘောကျလွန်းသဖြင့် သူ့ဇနီးနှင့်တိုင်ပင်ကာ ယခုတဲ့သို့ သားရေးသမီးရေး ဆောင်ရွက်ရန်လာခဲ့ကြခြင်းဖြစ်သည်။

မကြာမီတွင် တိုးကျော်နှင့်သံချောင်းတို့သည် အိမ်ခန်းအတွင်းသို့ ဝင်ရောက်လာကြပြီး တိုးကျော်က သူ့ဖခင်၏ဘေးမှထိုင်ခုံတွင် ဝင်ထိုင်လိုက်သလေ၏။

"ဦးနီတာက သားကိုမြင်တွေ့ဖူးနေတော့ ဒေါ်ဂွက်ထော်နဲ့ သမီးမမြသက်တို့နဲ့ပဲ မိတ်ဆက်ပေးရဦးမယ်။ ဒါ ကျွန်တော့်သား တိုးကျော်ပါ။ သား ဒါက ဦးနီတာရဲ့ဇနီးဒေါ်ဂွက်ထော်၊ သူက ဦးနီတာရဲ့ သမီးမမြသက်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့. . . တွေ့ရတာဝမ်းသာပါတယ်"

တိုးကျော်က ဒေါ်ဂွက်ထော်နဲ့မမြသက်ကို ပြုံးပြရင်းပြောသည်။ မမြသက်က ရှက်နေသောအသွင်ကိုဆောင်နေသည်။ ဒေါ်ဂွက်ထော်က သဘောကျစွာပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ ဦးနီတာက သမီးဖြစ်သူ၏မျက်နှာကို အကဲခတ်နေသည်ကို ဦးအောင်ချမ်းက ကြည့်နေသည်။

"မောင်တိုးကျော်၊ မင်းနေကောင်းတယ်နော်"

ဦးနီတာကမေးသည်။

"ဟုတ်. . . ဟုတ်ကဲ့ နေကောင်းပါတယ်"

"မင်းကတောထဲကပြန်လာတာဆိုတော့ ငှက်ဖျားဖြစ်မယ် သတိထားဦး"

"ဟုတ်. . . ဟုတ်ကဲ့ပါဦးကြီး"

ထိုစဉ် ဦးအောင်ချမ်းက. . .

"သံချောင်းရေ ဦးနီတာတို့မိသားစုကို နေ့လည်စာကျွေးမွေးဖို့ သန်းလွင်ကိုသွားပြင်ဆင်ခိုင်းလိုက်ဦး"

ဟုခိုင်းလေ၏။

"ဟုတ်ကဲ့ပါဆရာ"

"နေပါစေဦးအောင်ချမ်း၊ အပိုဒုက္ခတွေမရှာပါနဲ့။ စားရေးသောက်ရေးက အရေးမကြီးပါဘူး။ သားရေးသမီးရေးကိစ္စပြီးပြတ်အောင်သာ စကားပြောကြရအောင်"

ဦးနီတာကပြောသည်။

"ပြောတာလည်းပြောတာပေါ့ ဦးနီတာရယ်၊ ရောက်တုန်းရောက်ခိုက် ဒီမှာပဲစားသွားကြပါ"

သံချောင်းက မီးဖိုထဲသို့ထွက်သွားသည်။ မမြသက်က ခေါင်းကိုအောက်သို့ငုံ့ထားသည်။ တိုးကျော်က မမြသက်၏မျက်နှာလေးကို မသိမသာလှမ်းကြည့်နေသည်။

"မစားတော့ပါဘူးဦးအောင်ချမ်း၊ သားရေးသမီးကိစ္စပြောပြီးတာနဲ့ ပြန်မှဖြစ်မယ်။ အိမ်မှာကုန်သည်တစ်ဦးနဲ့ ကုန်ရောင်းကုန်ဝယ်ကိစ္စ စကားပြောဖို့ ချိန်းထားခဲ့လို့ပါ"

"ဟုတ်ပါတယ်ရှင်၊ နောင်ခမည်းခမက်တွေဖြစ်ကြတော့မှာပဲ ထမင်းလက်ဆုံစားကြတာပေါ့။ ကုန်သည်နဲ့ချိန်းဆိုထားတဲ့ကိစ္စလေး ပျက်သွားမှာစိုးလို့"





ဦးနီတာ၏ဇနီးဒေါ်ဂွက်ထော်က ဝင်ရောက်ပြောဆိုသည်။ ဦးအောင်ချမ်းကခေါင်းညိတ်ပြရင်း သူ့ဘေးတွင်ထိုင်နေသောသား ဖြစ်သူ၏ မျက်နှာကို ကြည့်သည်။

"ကျွန်တော့်သားကတော့ ကျွန်တော့်သဘောဆန္ဒအတိုင်းပါပဲ။ ဦးနီတာတို့ဘက်က သမီးမမြသက်ရဲ့သဘောဆန္ဒကို သိပါရစေလား"

ဦးအောင်ချမ်းကပြောသည်။

"သမီးမမြသက်ရဲ့ဆန္ဒကလည်း ကျွန်တော်တို့လင်မယားရဲ့ သဘောဆန္ဒအတိုင်းပါပဲ"

ဦးနီတာ၏စကားကြောင့် ဦးအောင်ချမ်း၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

"ဟာ. . . ဒါဆိုရင် ဝမ်းသာစရာပဲပေါ့။ သားတိုးကျော်နဲ့ သမီးမမြသက်တို့က နှစ်ဖက်မိဘတွေရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ပေးမှာတို့ သတ်ခံကြမယ်ပေါ့ဟုတ်လား"

တိုးကျော်နှင့်မမြသက်တို့က ခေါင်းညိတ်ပြီးအဖြေပေးကြလေ၏။ နှစ်ဖက်မိဘများက သဘောကျစွာဖြင့် ပီတိဖြစ်နေကြသည်။

"ကျွန်တော့်ဘက်က ဘယ်လောက်ကုန်ကုန် အဆင်သင့်ပါပဲ ဦးနီတာ။ ဦးနီတာတို့ကြိုက်သလိုသာစီစဉ်ပါ။ နေ့ကောင်းရက်မြတ် ရွေးပြီး သားတို့သမီးတို့အတွက် မင်္ဂလာပွဲဆင်နွှဲချင်တဲ့ရက်ကို လှလှတ်ပြီး အကြောင်းကြားပါ"

"ဟုတ်ကဲ့. . . ကျွန်တော်တို့ဘက်က ပညာရှင်တွေဆီမှာ တွက်ချက်ပြီး မင်္ဂလာဆောင်မယ့်ရက်ကို ကြိုတင်အကြောင်းကြား ပေးပါမယ်"

မမြသက်က ရှက်စိတ်ဖြင့် မျက်လွှာကိုချထားသည်။

တိုးကျော်က ဦးနီတာ၊ ဒေါ်ဂွက်ထော်နှင့်မမြသက်တို့၏မျက်နှာတို့ ကိုတ်ကြည့်ရင်း ကြောင်အမ်းအမ်းဖြစ်နေသည်။ သံချောင်းက တိုးကျော် အနားတွင်လာထိုင်ပြီး တိုးကျော်ကိုလက်မထောင်ပြသည်။ တိုးကျော်က သံချောင်းကိုခေါင်းခါပြသည်။

"ကဲ. . . ကျွန်တော်တို့မိသားစုကို ပြန်ခွင့်ပြုပါဦး. . . ဦးအောင်ချမ်း၊ အိမ်မှာစီးပွားရေးကိစ္စလေးတွေက ရှိနေသေးလို့ပါ"

"ကောင်းပါပြီဦးနီတာ"

တိုးကျော်က မမြသက်ကိုလှမ်းကြည့်ရာ အကြည့်ချင်းဆုံသွားသဖြင့် မမြသက်က ခေါင်းငုံ့သွားသည်။ ဒါကို ဦးအောင်ချမ်းနှင့် ဦးနီတာတို့ ပြုံးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"သံချောင်းရေ"

"ဗျာ ဆရာ"

"မင်းပဲ လှေဆိပ်ရောက်အောင်လှည်းမောင်းပြီး ဦးနီတာတို့ မိသားစုတို လိုက်ပို့ပေးလိုက်ပါ"

"စိတ်ချပါဆရာ"

"မောင်တိုးကျော်ရေ ပြန်ဦးမယ်ကွယ်"

"ဟုတ်. . . ဟုတ်ကဲ့ဦးကြီး"

ဦးနီတာတို့မိသားစုမှာ ဦးအောင်ချမ်းတို့နှင့်အတူ အိမ်ထဲမှ ထွက်လာလေသည်။ သံချောင်းက နွားနှစ်ကောင်ကိုယူလာပြီး လှည်းတွင် တပ်ဆင်သည်။ ဦးနီတာတို့မိသားစုက လှည်းပေါ်တွင် တက်ထိုင်သည်။

"ဟဲ့. . . နွား"

သံချောင်းမောင်းသောနွားလှည်းက ဦးအောင်ချမ်း၏ခြံထဲမှ ထွက်သွားလေ၏။ ဦးအောင်ချမ်းတို့သားအဖမှာ ဦးနီတာတို့မိသားစုကို လက်ပြနှုတ်ဆက်ရင်း အိမ်ရှေ့တွင် ကျန်ခဲ့လေ၏။

"ငါ့သားက အဖေ့သဘောဆန္ဒကို လက်ခံပါ့မလားဆိုပြီး စိတ်ပူလိုက်ရတာ။ အခုမှ စိတ်ချမ်းသာသွားတယ်"

ဦးအောင်ချမ်းက သူ့သားတိုးကျော်၏ပခုံးကို ဖက်ထားရင်းမှ ပြောသည်။

"အဖေက ချွေးမလိုချင်နေမှန်းသိလို့ သားကခေါင်းညိတ်လိုက်တာ"

"မင်းကမြေသက်ကို သဘောမကျဘူးလား"

"အဲဒါက မင်္ဂလာဆောင်ပြီးမှသိမှ အဖေရ"

"ဟာ. . . ဒီကောင်. . . အဟင်းဟင်း"

ဦးအောင်ချမ်းက တိုးကျော်၏စကားကိုသဘောကျပြီး ရယ်မောနေလေ၏။

♦♦♦

အခန်း (၁၂)

ဒေါင်းပျံကြောက်ရွံ့နေပြီ

တစ်နေ့ညမိုးချုပ်စအချိန်တွင် ဦးအောင်ချမ်းအိမ်သို့ သူ့တပည့် ဒေါင်းပျံက အပြေးကလေးရောက်ရှိလာသည်။ ဒေါင်းပျံက သူ့ဆရာဦးအောင်ချမ်းအား တီးတိုးပြောပြနေသည်။ ဦးအောင်ချမ်း၏ မျက်နှာမှာ သွေးမရှိတော့သည့်ပမာ ဖြူလျော်လျော်ဖြစ်သွားလေသည်။

"မင်း. . . မင်းပြောတာဟုတ်မှဟုတ်ရဲ့လားဒေါင်းပျံရယ်"

ဦးအောင်ချမ်းက အမှောင်လွှမ်းနေသောအိမ်အပြင်ဘက်နှင့် အိမ်အတွင်းကို ဝေ့ဝဲကြည့်နေရင်းမှမေးသည်။ ဒေါင်းပျံ၏မျက်နှာမှာ ထိတ်လန့်နေသောအသွင်ကိုဆောင်နေသည်။

"အ. . . အဟုတ်ပြောတာပါဆရာရယ်။ ကျွန်တော်လည်း ရွာမှာမနေရဲတော့တာနဲ့ ချက်ချင်းထွက်လာဖို့ပဲ။ လှည်းကြုံမရှိလို့ မိုးချုပ်သွားတာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ရွာမှာမနေရဲတော့ဘူး ဆရာ၊ အိပ်မက်ဆိုဝေမယ့် သိပ်ထင်ရှားလွန်းနေတယ်"

ဒေါင်းပျံ၏အသံတွေက တုန်ရီနေသည်။ သူ့အနားမှာ ဦးအောင်ချမ်းတစ်ယောက်လုံးရှိနေတာတောင် ဒေါင်းပျံကကြောက်ရွံ့နေသည်ပင်။

"အင်း. . . တိုက်ဆိုင်တာပဲလား။ ငါလည်းမကြာခဏအိပ်မက်တွေ မက်တယ်၊ စိမ်းနွယ်က ငါတို့နှစ်ယောက်ကို ဒုက္ခပေးနေပြီလား ဒေါင်းပျံ"

ဦးအောင်ချမ်းမှာလည်း ထိတ်ထိတ်ပျာပျာဖြစ်နေသလိုပင်၊

"မင်းလိုပဲ စိမ်းနွယ်က အိပ်မက်ထဲမှာ ငါ့ဆီရောက်လာတယ်"


www.burmeseclassic.com

www.burmeseclassic.com

သွေးဆုတ်နေသောလူနာတစ်ဦးတဲ့သို့ ကြောက်ရွံ့နေသော မျက်နှာဖြင့် ဦးအောင်ချမ်းကပြောသည်။

"ဒီ. . . ဒီလိုဆိုရင် ဒါတိုက်ဆိုင်တာမဖြစ်နိုင်ဘူး။ ကျွန်တော် ကြားဖူးသလို အစိမ်းသေ သေသွားတဲ့စိမ်းနွယ်က သူမကျေနပ်တဲ့ ကျွန်တော်တို့ကို နှောင့်ယှက်နေတာဖြစ်လိမ့်မယ်ဆရာ။ ဟိုးတစ်ညကတော့. . ."

◆◆◆

ဒေါင်းပျံ့က အရက်မူးအောင်သောက်ပြီးအိပ်သည်။ ညစဉ် ညတိုင်း အိပ်မက်ဆိုးတွေမက်နေသဖြင့် အရက်ကိုအရင်ကထက် ဒေါင်းပျံ့ပိုသောက်နေမိသည်။ အထူးသဖြင့် ညဘက်ရောက်မည်ကို ဒေါင်းပျံ့စိုးရိမ်နေမိသည်။

သဘာဝအရ နေ့နှင့်ညဆိုတာကလည်း ရှိနေသည်။ ညကို မရောက်လို့မရ။ သည်တော့ ညနေစောင်းသည်နှင့် အရက်ကိုအလွန်အကျွံ သောက်ပြီးအိပ်သည်။ သူနေထိုင်သောတဲအိမ်လေးကို လုံခြုံအောင် ပိတ်ရသေးသည်။ အရက်မူးပြီးအိပ်ပျော်သွားပေမယ့် ညဉ့်နက်ချိန်တွင် အိပ်ရာထနိုးလာသည်။ တဲအပြင်မှလမ်းလျှောက်သံ ကြားမိသလိုလို၊ တဲအတွင်းက လမ်းလျှောက်သံကြားမိသလိုလိုနှင့် တော်တော်နှင့်အိပ်မရတော့။

ပြန်လည်အိပ်ပျော်သွားတော့ စိမ်းနွယ်က သူ့တဲသို့ရောက်လာသည်။ သူ့ကိုသင်္ချိုင်းထဲသို့လိုက်ခဲ့ရန်ခေါ်နေသည်။

ထိုညကတော့ စိမ်းနွယ်က သူ့ကိုဖက်ထားသည်။ စိမ်းနွယ် တစ်ကိုယ်လုံးကအေးစက်နေသည်။ စိမ်းနွယ်က သူ့ကိုကြင်နာယုယမှုပေးရန် ပြောနေသည်။ သည်မျှအသားအရေကအေးစက်ပြီး အပုပ်ရည်တွေ စိုရွှဲနေသော စိမ်းနွယ်ကို သူကကြင်နာယုယမှုပေးဖို့ဝေးစွ၊ မသတိ၍အော့အန် နေရသည်။

စိမ်းနွယ်ကအတင်းဖက်ထားတော့ ဒေါင်းပျံ့က အတင်းရုန်းကန် သည်။ စိမ်းနွယ်နှင့်လွတ်ရာသို့ပြေးသည်။ စိမ်းနွယ်က သူ့နောက်သို့ ပြေးလိုက်သည်။ ဒေါင်းပျံ့ကပြေးလွှားရင်း မတ်စောက်သောတောင် အောက်သို့ကျသွားသည်။

ဒေါင်းပျံ့ကကြောက်လန့်ပြီးအော်လိုက်တော့ အိပ်ပျော်နေရာမှ လန့်နိုး သွားသည်။

◆◆◆



"မထူးပါဘူးကွာ၊ မင်းလဲပျဉ်းကိုးပင်ရွာမှာမနေနဲ့တော့၊ ငါ့ဆီမှာပဲ အရင်လိုဟန်မပျက်နေတော့ ဒေါင်းပျံ့"

ဦးအောင်ချမ်းကပြောသည်။

"တိုးကျော်က ကျွန်တော်ဒီမှာနေတာကို ကျေနပ်ပါ့မလား"

"ဘာဖြစ်လို့မကျေနပ်ရမှာလဲ။ ဒီရက်ထဲမှာ ငါ့သိုင်းခေါင်းထဲ ဦးနီတာသမီးနဲ့ငါ့သားတိုးကျော် စေ့စပ်ကြောင်းလမ်းပွဲလုပ်တော့မှာ။ ငါ့သားက ငါပြီးရင်ပြီးတာပဲ။ ပြီးတော့ တိုးကျော်က သဘောထားပြည့်ဝပြီး နှင့်လွှတ်တတ်ပါတယ်ကွာ။

အိပ်မက်ထဲမှာ စိမ်းနွယ်လာပြီးကတည်းက ငါတစ်ယောက်တည်း အိပ်ရဲလို့ သန်းလွင်နဲ့သံချောင်းကို အပေါ်ထပ်က ငါ့အခန်းထဲမှာ အိပ်ခိုင်းနေရတယ်။ မင်းရှိတော့ ငါလည်းအားရှိတာပေါ့ ဒေါင်းပျံ့ရာ"

"အဲဒါဆိုပြီးတာပါပဲ ဆရာရယ်"

ဒေါင်းပျံ့က အောက်ထပ်မှအခန်းလွတ်တစ်ခုတွင် နေထိုင်သည်။

"အဖေကလည်း အဲ့ဒီအရက်သမားကို ဘာလို့အိမ်မှာခေါ်ထားရတာလဲ။ အရက်ကို လူမှန်းသူမှန်းမသိအောင် သောက်တတ်တာ အဖေသိသားနဲ့။ ရွာထဲကလူတွေနဲ့ ပြဿနာဖြစ်ရင် အဖေ မကောင်းဘူး ဖြစ်နေမယ်"

တိုးကျော်က ဒေါင်းပျံ့ကိုသဘောမကျသဖြင့် သူ့အဖေကိုပြောသည်။

"ဒေါင်းပျံ့ကို အရက်လျှော့သောက်ဖို့ အဖေပြောပါ့မယ်ကွာ။ အရင်က သူအဖေတို့အိမ်မှာနေသွားခဲ့ဖူးတာပဲ။ မကြာခင်မှာ သားရဲ့ စေ့စပ်ကြောင်းလမ်းပွဲရှိတယ် မဟုတ်လား။ အဲဒါကြောင့် သူ့ကို ခိုင်းဖို့ခေါ်ထားတာ။ ဒီကောင်က အလုပ်ကိုပင်ပင်ပန်းပန်း လုပ်နိုင်တယ်၊ အဓေ


www.burmeseclassic.com

www.burmeseclassic.com


လယ်ယာလုပ်ငန်းတွေကို ဖိဖိစီးစီးလုပ်ပေးခဲ့တဲ့ကျေးဇူးရှိတယ်ကွ။ အဖေ့စကားနားမထောင်ရင်တော့ သူ့ကို ပြန်ခိုင်းလိုက်မယ်"

"ဟိုစေ့စပ်ပွဲနေ့ကျရင်တော့ သူ့ကိုအရက်လုံးဝမသောက်ခိုင်းပါနဲ့။ မမြသက်တို့ရွာကလူတွေပါလာမှာမဟုတ်လား။ သူ့ကြောင့် အဖေပါ သိက္ခာကျနေမယ်"

"အေးပါကွာ၊ သူ့မှာအလုပ်အကိုင်မရှိဖြစ်နေလို့ အဖေတပြန်ခေါ်ထားတာ"

"ဒီလောက်မူးရူးနေတဲ့သူ့ကို ဘယ်သူကသဘောကျမှာလဲ၊ ဘယ်သူက အလုပ်ခိုင်းမှာလဲ"

♦♦♦

ဦးနီတာ၊ ဒေါ်ဂွက်ထော်၊ သမီးမမြသက်နှင့် ရပ်မိရပ်ဖများက ထောင့်ကြီးရွာမှ ဦးအောင်ချမ်းနှင့်ရွာလူကြီးများကို စောင့်ကြိုနေကြသည်။ ဦးအောင်ချမ်းတို့ရောက်လာကြသည်။

ဦးနီတာ၊ ဒေါ်ဂွက်ထော်တို့၏မျက်နှာများမှာအပြုံးရိပ်များ ဖုံးလွှမ်းနေသလို ဦးအောင်ချမ်း၏မျက်နှာမှာလည်း ပြုံးရွှင်နေလေသည်။

ဦးအောင်ချမ်း၏သားတိုးကျော်နှင့် ဦးနီတာ၊ ဒေါ်ဂွက်ထော်တို့၏ သမီးဖြစ်သူမမြသက်တို့ကို နှစ်ဖက်မိဘများ၊ ရပ်မိရပ်ဖများ၏ရှေ့တွင် စေ့စပ်ကြောင်းလမ်းပွဲကို ဦးစွာကျင်းပခြင်းဖြစ်လေသည်။

နှစ်ဖက်မိဘများမှာ ဂုဏ်ခြပ်နှင့်ပြည့်စုံသူများဖြစ်၍ စေ့စပ်ကြောင်းလမ်းပွဲမှာ မင်္ဂလာပွဲတစ်ပွဲကဲ့သို့ပင် စည်ကားခဲ့လေသည်။

အချိန်တွေက တရွေ့ရွေ့နှင့်ကုန်ဆုံးသွားခဲ့သည်နှင့်အမျှ စေ့စပ်ပွဲသို့ လာရောက်သည့် ပရိသတ်များမှာ ကျဲပါးသွားခဲ့သည်။ နေသည်ပင် အနောက် အရပ်သို့လှမ်းစပြုနေပေပြီ။

"စားသောက်ပြီးမှပဲပြန်ကြပေါ့ ဦးအောင်ချမ်းရယ်"

ဦးနီတာကပြောသည်။

"အိမ်မှာလည်း သန်းလွင်တို့၊ သံချောင်းတို့ကိုချက်ပြုတ်ခိုင်းထားပါတယ် ဦးနီတာ။ မမှောင်ခင်ပြန်မှ၊ သိပ်မှောင်သွားရင် သွားလာရေး မကောင်းလို့ပါ။ တစ်မျိုးတော့မထင်နဲ့နော် ဦးနီတာ"

ဦးအောင်ချမ်းကပြောသည်။

"ဟုတ်ပါတယ်လေ၊ မမှောင်ခင်ရွာပြန်တော့ သွားရေးလာရေး ခက်ဘူးပေါ့"

ရပ်မိရပ်ဖတစ်ဦးကဝင်ပြောသည်။

"ဦးအောင်ချမ်းတို့ပြန်ဖို့လှေကို ကျွန်တော်စီစဉ်ထားပါတယ်၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ထိုအချိန်တွင် တိုးကျော်က မမြသက်နှင့်စကားပြောနေသဖြင့်

"မောင်တိုးကျော်ရေ၊ လူလေးအဖေက နေမဝင်ခင်ရွာပြန်မယ်လို့ ပြောနေတယ်ဟေ့"

ဟုဦးနီတာကလှမ်းပြောသည်။

"ဟုတ်ကဲ့ ဦးကြီး၊ လာပြီဗျို့"

တိုးကျော်ကလှမ်း၍အသံပြုသည်။

"ကဲ. . . မမြသက်၊ ကျုပ်ပြန်ဦးမယ်နော်၊ နောက်လည်း မကြာမကြာလာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ ကိုတိုးကျော်၊ ကောင်းပါပြီရှင်"

ဦးအောင်ချမ်းနှင့်ဒေါင်းဖျံနှင့် ဦးနီတာတို့သည် အိမ်ထဲမှ ထွက်၍ သူဆိပ်သို့လျှောက်လာခဲ့ကြသည်။ ဦးနီတာ၏အိမ်မှာ ငါးသိုင်းချောင်းမြို့ ခမ်းနားပိုင်းတွင်တည်ရှိပြီး မြစ်ကမ်းနားနှင့် သိပ်မဝေးလှချေ။ မကြာမီ သူဆိပ်သို့ရောက်လာကြသည်။ မြစ်ကမ်းနားမှ လှေတစ်စီးပေါ်တွင် လူငယ်တစ်ဦးထိုင်၍စောင့်နေသည်ကို ဦးအောင်ချမ်းတို့တွေ့လိုက်ရသည်၊

"မောင်တက်ပုရေ၊ ဦးလေးဧည့်သည်တွေကို လှေကိုဒပ်သွတ်သွတ်လေးလှော်ခတ်ပြီး ပို့ပေးလိုက်ပါကွယ်"

ဦးနီတာက လှေပေါ်မှလူငယ်ကိုပြောသည်။ လှေပေါ်သို့ ဦးအောင်ချမ်းတို့လူစုတက်လိုက်ကြသည်။

"ကဲ. . . သွားကြတော့ဦးအောင်ချမ်းတို့ရေ၊ ကျွန်တော်အိမ်ကို မကြာခဏလာလည်ဦးနော်"

"စိတ်ချပါဦးနီတာ၊ ခမည်းခမက်ဖြစ်ကြတော့မယ့်သူတွေပဲ၊ သွားရေးလာရေးကိစ္စတွေလည်းလာပြီး တိုင်ပင်ရဦးမယ်"

"တိုင်ပင်ပါဗျာ၊ တိုင်ပင်ပါ. . ."

"သွားပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီကိုအောင်ချမ်း"

လှေကမြစ်ကမ်းနားမှ ခွာလာလေသည်။ လှေပေါ်တွင်ပါလာသူများမှာ မြစ်နီးချောင်းနီးမွေးဖွားလာကြသူများဖြစ်၍ အားလုံးပင် ရေကို ကျွမ်းကျင်စွာ ကူးခတ်တတ်ကြလေသည်။ တိုးကျော်မှာ တောထဲမှပြန်ရောက်လာပြီး ကတည်းက ဘာသာရေးကို အထူးကိုင်းရှိုင်းလာသူဖြစ်ရာ ဘုရားကို အာရုံပြုကာလက်အုပ်ချီလာခဲ့သည်။

ထိုစဉ်ပြင်းထန်သောလေကြောင့် လှေမှာရုတ်တရက်တိမ်း စောင်းသွားပြီး ဦးအောင်ချမ်းနှင့်ဒေါင်းပျံတို့မှာ ရေထဲသို့လွင့်စင် ကျသွားလေသည်။

"ဝုန်း"

"အား"

"အောင်မလေးဗျ"

တိုးကျော်က လှေပေါ်မှခုန်ဆင်း၍ မြစ်ထဲတွင်ကူးခတ်နေသော ဖခင်ဦးအောင်ချမ်းရှိရာသို့ ကူးခတ်သွားလေသည်။

"အဖေရေ"

"သား"

ဦးအောင်ချမ်းမှာ မြစ်ရေထဲတွင် ကြိုးစားကူးခတ်နေသော်လည်း ကူးခတ်၍မရနိုင်ဘဲ ရေထဲတွင် နစ်တစ်ခါ ပေါ်တစ်လှည့် ဖြစ်နေလေသည်။

"ဘယ်. . . ဘယ်လိုဖြစ်တာလဲ။ ငါ့လက်တွေလှုပ်လို့မရတော့ပါလား။ တစ်ယောက်ယောက်က ငါ့ကိုရေထဲဆွဲနှစ်သလိုပဲ။ ဒုက္ခပါပဲ"

ဟုဦးအောင်ချမ်းက ရေထဲတွင်လှုပ်ရှားနေရင်းမှ တွေးမိလေသည်။

ထို့အတူ ဦးအောင်ချမ်း၏ဇနီးဒေါင်းပျံမှာလည်း ရေကူး ကျွမ်းကျင်သူဖြစ်သော်လည်း မြစ်အတွင်းတွင် ကူးခတ်၍မရနိုင်ဘဲ ဖြစ်နေသည်။

"ဒုက္ခပါပဲ။ ငါ. . . ငါ ရေကူးလို့မရပါလား။ ငါ့ကိုတစ်ယောက် တစ်ယောက်က ရေထဲဆွဲနှစ်နေတာပဲ"

ဒေါင်းပျံမှာ ရေထဲတွင်လှုပ်ရှားရင်းမှ ကြောက်ရွံ့လာသည်။ သူ့ဆရာ ဦးအောင်ချမ်းနှင့်တိုးကျော်တို့ကိုရှာဖွေသည်။ ဦးအောင်ချမ်းမှာ ရေထဲတွင် လှုပ်ရှားနေသည်။

"ကယ်မယ့်သူမလာခင် ငါကိုယ်ဖော့ထားမှဖြစ်မယ်"

ဒေါင်းပျံမှာကြောက်စိတ်နှင့်တွေးနေမိသည်။ ဒေါင်းပျံသည် ကိုယ်ဖော့ ထားရင်း ရေထဲတွင်မျောပါနေသည်။

"ငါကြာရှည်ကိုယ်ဖော့မထားနိုင်ပါလား။ ဘုရား. . . ဘုရား"





တစ်သက်နှစ်တစ်ကိုယ်ဘုရားမ,တဖူးသောဒေါင်းပျံမှာ သေရမည်ကို ကြောက်၍ ဘုရားတလိုက်မိသည်။

ထိုအချိန်မှာပင်ရေထဲတွင်ကူးခတ်မရနိုင်ဘဲ တစ်စုံတစ်ဦး ဆွဲနှစ်ထား သကဲ့သို့ဖြစ်နေသောဒေါင်းပျံမှာ အံ့ဩစရာကောင်းအောင်ပင် တစ်ကိုယ်လုံး ပေါ့ပါးသွားလေသည်။

"ဟော. . . ငါ့လက်တွေလှုပ်လို့ရသွားပြီ။ ငါလှေဆီရောက် အောင် ကူးသွားမှပဲ"

တက်ပုလော်ခတ်နေသောလှေရှိရာသို့ ဒေါင်းပျံကကူးခတ်သွားသည်။ တက်ပုက ဒေါင်းပျံကိုလက်တစ်ဖက်ကမ်းပေးသည်။ ဒေါင်းပျံက တက်ပု၏တက်ကိုကိုင်ဆွဲပြီး လှေပေါ်သို့တက်လိုက်သည်။

"ဟို. . .ဟိုမှာ ကျွန်တော့်ဆရာဦးအောင်ချမ်းနဲ့ သူ့သားတို့ ရှိပါဦး။ ကြာရင်ရေထဲနစ်သွားလိမ့်မယ်"

ထိုစဉ်မှာပင် နစ်မြုပ်လုဆဲဆဲဖြစ်နေသောဦးအောင်ချမ်း၏ လက်ကို တိုးကျော်ကလှမ်းဆွဲနိုင်ခဲ့သည်။

"အဖေ"

"တော်ပါသေးရဲ့၊ ငါ့သားလေးရောက်လာလို့"

ဦးအောင်ချမ်းက တိုးကျော်ကူးခတ်ရာနောက်သို့ ကိုယ်ဖော့ပြီး လိုက်လာလေသည်။

တက်ပုက လှေကိုဦးအောင်ချမ်းတို့ရှိရာသို့ လှော်ခတ်လာသည်။ ထို့နောက် ဒေါင်းပျံနှင့်တက်ပုတို့က ဦးအောင်ချမ်းနှင့် တိုးကျော်တို့ကို လှေပေါ်သို့ဆွဲတင်သည်။ မကြာမီ တက်ပုလှော်ခတ်လာသောလှေမှာ ချောင်းကြီးရွာလှေဆိပ်သို့ ရောက်ရှိသွားခဲ့လေသည်။

အမှောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို သိသာစွာစိုးမိုးနေခဲ့ပြီ ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် မောင်တက်ပုရယ်၊ မင်းပြန်တော့ မှောင်နေပြီ။ ဦးလေးတို့ဖြစ်ပုံကို ဦးနီတာကိုပြောပြလိုက်ပါဦး"

ဦးအောင်ချမ်းကပြောသည်။

"ဟုတ်ကဲ့ပါဦးလေး၊ သွားပြီနော်"

"အေးကွယ်"

ဦးအောင်ချမ်း၊ တိုးကျော်နှင့် ဒေါင်းပျံတို့သည် စိုရွှဲနေသော အဝတ် အစားများဖြင့် လှေဆိပ်မှတက်လာခဲ့သည်။

"တော်ပါသေးရဲ့သားရယ်၊ သားသာအချိန်မီမရောက်လာ


www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရင် အဖေတော့သေပြီ"

"သားကိုလူဖြစ်လာအောင်ကျွေးမွေးစောင့်ရှောက်ခဲ့တာနဲ့ စာရင် မပြောလောက်ပါဘူးအဖေရယ်"

"အဖေက အသက်အေးနဲ့ကြုံခဲ့တာမဟုတ်လား။ ငါ့သားကို အဖေက ကျေးဇူးတင်ရမှာပေါ့"

ဦးအောင်ချမ်းက သူ့သားတိုးကျော်၏ပခုံးကိုဖက်ပြီး ချော့လာသည်၊ တိုးကျော်၏မျက်နှာကပြုံးနေသည်။

"ငါ့သားက မမြသက်နဲ့အခန်းထဲမှာ ဘာစကားတွေပြော နေတာလဲ၊ အဖေ့ကိုပြောပြစမ်းပါဦး"

ဦးအောင်ချမ်းက တိုးကျော်၏မျက်နှာကို အကဲခတ်ရင်းမေးရာ တိုးကျော်က. . .

"ကိုယ်ယူရမယ့်မိန်းကလေးနဲ့ အခုမှခင်မင်ရတာဆိုတော့ အင်း. . . မိဘကသဘောတူလို့ ကျွန်တော့်ကိုလက်ခံတာလား၊ ဘာလား မေးရတာပေါ့။ ယူပြီးတော့မှ တစ်ဦးနဲ့တစ်ဦးအဆင်မပြေကြရင် မကောင်းဘူးလေ"

"ငါ့သားက ကိုယ်ယူမယ့်မိန်းကလေးကို ရည်းစားစကားတော့ ပြောလိုက်သေးလား"

"ဟာ. . . အဖေကလဲ၊ ပြောစရာမှမလိုတော့တာ"

"ဩော်. . . ဒါတော့ ငါ့သားကသိသားပဲ၊ အဟင်းဟင်း"

ကမ်းပါးပေါ်သို့ရောက်လျှင် အသင့်စောင့်နေသောသန်းလွင်က နွားလှည်းပေါ်မှပြေးဆင်းလာပြီး-

"ဦးလေးတို့ မိုးချုပ်လိုက်တာ။ ကျွန်တော်က ဟိုမှာပဲအိပ်ရ မယ်လို့တောင်ထင်နေတာ။ ဟင်. . . ဦးလေးတို့တစ်ကိုယ်လုံးစိုရွှဲနေပါလား ဘယ်လိုဖြစ်တာလဲ"

ဟုမေးသည်။

"လှေမှောက်တာလို့ဖြေရတော့မှာပဲ သန်းလွင်ရေ၊ မသေမို့ တွေ့ရတာပဲဟေ့"

"ဟာ. . . ဒါဆိုလှည်းပေါ်မြန်မြန်တက်ကြ၊ တော်ကြာအအေး ပတ်ပြီး နေထိုင်မကောင်းဖြစ်နေဦးမယ်"

ဦးအောင်ချမ်းတို့လူစု လှည်းပေါ်တက်ပြီးသည်နှင့် လှည်းအ လှေဆိပ်မှ ထွက်ခွာလာခဲ့သည်။

◆◆◆



## အခန်း (၁၃)
## အတိတ်ကကျူးလွန်ခဲ့သောမကောင်းမှု

တစ်နေ့နေ့လည်တွင် ဦးအောင်ချမ်းနှင့်ဒေါင်းပျံတို့က ရေနွေးကြမ်း သောက်ရင်းစကားပြောနေကြသည်၊ တိုးကျော်က တစ်ဖက်ကမ်းမှ မမြသက် ရှိရာသို့အလည်သွားနေသည်၊ သန်းလွင်ကို ဦးအောင်ချမ်းက တစ်ဖက်ရွာသို့ လွှတ်ပြီး ကြွေးတောင်းခိုင်းလိုက်သည်။

"စိမ်း. . . စိမ်းနွယ်က ငါတို့ကို တမလွန်ဘဝကနေပြီး အလဲစားချေနေတာများလားမသိဘူး ဒေါင်းပျံရာ။ ရေပေါ်မှာလှော်နေတဲ့ လှေတလေကြမ်းလေးတစ်ချက်တိုက်လိုက်တာနဲ့ ငါတို့နှစ်ယောက်ထဲ ခြစ်ပြင်ထဲကျသွားတာကြည့်၊ ရေထဲမှာကြိုးစားပမ်းစားကူးခတ်တော့လည်း ရဘူး၊ တစ်ယောက်ယောက်က ရေမကူးနိုင်အောင်ဖိထားသလို ခံစားရ တယ်"

ဦးအောင်ချမ်းကပြောပြီး သက်ပြင်းချသည်။

"ဆရာ့လိုပဲ ကျွန်တော့်ကိုရေထဲမှာလှုပ်မရအောင် တစ်ယောက် ယောက်က ချုပ်ထားသလိုပဲ၊ ဆရာထင်တာဖြစ်နိုင်တယ်"

ဒေါင်းပျံကမျက်စိပျက်မျက်နှာပျက်ဖြင့်ပြောသည်။

"အေး. . . ဟုတ်တာမဟုတ်တာ အသာထား၊ တွေးမိတိုင်း ကြက်သီးတွေထပြီးကြောက်လာမိတာတော့အမှန်ပဲ"

"ညဘက်အိမ်ပြင်တောင် မထွက်ရဲပါဘူးဆရာရယ်၊ အရာ ဘာ ဘဝင်မကျမှာစိုးလို့အရက်လျှော့သောက်နေရတော့ ပိုဒုက္ခ"

"အိမ်မှာဝယ်ထားပြီး ငါ့သားအိပ်တော့မှသောက်ပေါ့၊ ညဦး


www.burmeseclassic.com

ပိုင်းမှာ မင်းမသောက်ထားနဲ့၊ မင်းအရက်သိပ်မသောက်ဘူးထင်ရင် တိုးကျော်က သဘောကျနေမှာပဲ"

"အခု ဆရာ့အခန်းထဲမှာသုံးယောက်အိပ်တာမို့ တော်သေး တယ်။ ကျွန်တော်တစ်ယောက်တည်းအိပ်ရတုန်းကဆိုရင် နေစရာမရှိအောင် ကြောက်တာ။ ဆရာ ကျွန်တော့်ကိုဘာခိုင်းစရာရှိသေးသလဲ"

"ဘာမှခိုင်းစရာမရှိပါဘူး။ ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ ဟိုတစ်နေ့ကအအေးမိပြီး ဖျားချင်သလိုလိုဖြစ် နေလို့ ခဏအိပ်လိုက်ဦးမယ်"

"အိပ်လေ"

ဒေါင်းပျံက သူ့ဆရာဘေးတွင်လဲလျောင်းကာအိပ်နေသည်။ ကိုယ် ကျူးလွန်ထားသောပြစ်မှုကို ကိုယ်သာသိထားသောဦးအောင်ချမ်းမှာ စိမ်းနွယ် အပေါ် ဒေါင်းပျံနှင့်ပူးပေါင်းပြီး ကြံစည်ခဲ့သော အဖြစ်အပျက်တို့ကို ပြန်လည် သတိရသွားသည်။

"စိမ်းနွယ်. . . စိမ်းနွယ်"

ဦးအောင်ချမ်း၏နှုတ်မှတီးတိုးရေရွတ်လိုက်မိသည်။ ဪ . . . အဲ့သည့်အချိန်တုန်းကတော့. . .

◆◆◆

"တောက်. . . ကြိုက်စရာရှားလို့ သူရင်းငှားသမီးနဲ့မှ ကြိုက်ရ သလားသားရယ်။ ဒီကောင်မလေးကလည်း ကိုယ်နဲ့မတန်ရာကိုမှ မှန်းရ တယ်လို့"

ဦးအောင်ချမ်းကမကျေနပ်သောလေသံဖြင့် ပြောနေသည်။ ဒေါင်းပျံက သူ့ဆရာဦးအောင်ချမ်းနားတွင်ရပ်နေသည်။ ဦးအောင်ချမ်း၏သား တိုးကျော်နှင့် သူရင်းငှားဦးအေးမောင်၏သမီးစိမ်းနွယ်တို့ ချစ်ကြိုက်နေသည့် သတင်းကို ဒေါင်းပျံကရွာထဲမှ ကြားသိလာသည်။ သည်တော့ ဒေါင်းပျံက သူ့ဆရာဦးအောင်ချမ်းကိုပြောပြသည်။ ထိုအခါ ဦးအောင်ချမ်းက ဒေါသ ဖြစ်သွားသည်။ သူ့သားတိုးကျော်ကို တော်ရုံတန်ရုံမိန်းကလေးနှင့် ဘယ်နည်း နှင့်မျှ မပေးစားနိုင်သော ဦးအောင်ချမ်းမှာဆောက်တည်ရာမရ ဖြစ်သွား





သည်။ ဒေါင်းပျံက သူ့ဆရာ၏မျက်နှာကို အကဲခတ်ရင်း. . .

"ဆရာမကျေနပ်ရင် သူ့အဖေဦးအေးမောင်ဆီသွားပြီး ထား လိုက်ပါလား။ သူ့အဖေကပြောရင် သူ့သမီးကနောက်ဆုတ်သွားမှာပေါ့"

"ဒီလိုလုပ်လို့မရဘူးဒေါင်းပျံရ၊ မင်းပြောသလိုဆိုရင် စိမ်းနွယ်နဲ့ တိုးကျော်က ဘယ်အတိုင်းအတာအထိချစ်နေကြသလဲမှမသိတာ၊ သူ့အဖေ ပြောတာထက်သမီးကိုပြောရမှာ၊ ပြောရင်တောင် ဒီအတိုင်းပြောလို့မရဘူး၊ ငွေနဲ့ပေါက်ပြီးခွဲမှရမယ့် အခြေအနေဖြစ်နေပြီ"

ဦးအောင်ချမ်းက သူ့စိတ်ကူးအတိုင်းပြောပြသည်။

"ငွေဒဏ်ကိုတော်ရုံလူမခံနိုင်ပါဘူး ဒေါင်းပျံရာ၊ အဟင်း ဟင်း. . . ဟင်း"

ဦးအောင်ချမ်းက သူ့စကားသူသဘောကျပြီး ရယ်မောနေလေသည်။

"ဒေါင်းပျံ"

"ဗျာ. . . ဆရာ"

"မင်းကောင်မလေးအိမ်ကိုသွား။ ငါ့သားကမျဉ်းကိုးပင်ရွာတ င်းအိမ်မှာချိန်းခိုင်းလို့ လာခေါ်တာဆိုပြီးခေါ်သွား၊ အခုအချိန်ဆိုရင် သူ့အဖေအေးမောင်က လယ်ထဲမှာပဲရှိနေမှာပဲ"

"ကောင်မလေးက ကျွန်တော်ပြောတာကို ယုံပါ့မလားဆရာရယ်"

ဒေါင်းပျံကတွေဝေစွာစဉ်းစားနေရင်းမှပြောသည်။

"ဘာဖြစ်လို့မယုံရမှာလဲ။ မိန်းမဆိုတာ အချစ်နဲ့ပတ်သတ် ရင် ဖြစ်နိုင်မဖြစ်နိုင်တာကို စဉ်းစားတတ်ကြတာမဟုတ်လား၊ နောက်ပြီး တာ ငါ့တပည့်လူရင်းဆိုတာ ကောင်မလေးကသိနေတာပဲ။ မင်းရအောင် ပြီးခေါ်သွား၊ ငါနောက်က အမြန်ဆုံးလိုက်ခဲ့မယ်ကြားလား"

"ဟုတ်ကဲ့ပါဆရာ"

ဒေါင်းပျံက သူ့ဆရာဦးအောင်ချမ်းစေခိုင်းသည့်အတိုင်း စိမ်းနွယ်၏ အိမ်သို့သွားသည်။ သူ့ဆရာပြောခိုင်းသည့်အတိုင်းစိမ်းနွယ်ကို ပြောသည်။ စိမ်းနွယ်က ဒေါင်းပျံ၏မျက်နှာကိုကြည့်ရင်း စဉ်းစားနေသည်။

"ငါတကယ်ပြောတာပါစိမ်းနွယ်ရယ်။ သူ့အဖေသိမှာစိုးလို့ တ်အစောကြီးငါ့ကိုနှိုးပြီး အိမ်အပြင်မှာခေါ်ပြောတာ၊ သူကရွာထဲကို သွားနှင့်ပြီ"

စိမ်းနွယ်က တွေဝေနေဆဲဖြစ်ရာ ဒေါင်းပျံကစိတ်ပျက်သွားသော အမူအရာဟန်ဆောင်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ၊ နင်မလိုက်ချင်လည်းမလိုက်နဲ့ပေါ့။ ငါတိုးကျော် နောက်လိုက်သွားပြီး အကျိုးအကြောင်းပြောပြလိုက်ပါ့မယ်"

အညာတိုင်သောစကားကိုဆိုလိုက်သည်။

"ဘယ်. . . ဘယ်သူကမလိုက်ဘူးပြောလို့လဲကိုဒေါင်းပျံရယ်၊ ကျွန်မ စဉ်းစားနေတာက အဖေသိသွားမှာကိုစိုးရိမ်နေတာပါ။ ထောင့်ကြီးရွာနဲ့ ဖျဉ်းကိုးပင်ရွာတဝေးတယ်မဟုတ်လား"

"အမြန်လျှောက်ရင်သိပ်မဝေးပါဘူး။ တိုးကျော်က နင်နဲ့ လက်ထပ်ဖို့ကိစ္စတိုင်ပင်မလို့ထင်တာပဲ၊ တိုးကျော်က နင့်ကိုသိပ်စွဲလန်း နေတာ၊ နင့်ကိုချစ်တဲ့အကြောင်းတွေကို သူ့အဖေအလစ်မှာ ငါ့ကိုပြောပြ ရတာအမော၊ အဲဒါကြောင့်ငါသိနေတာဟ"

"ကျွန်မစဉ်းစားနေတာက အိမ်အပြန်မိုးချုပ်သွားရင် မကောင်း ဘူးလေ ကိုဒေါင်းပျံရဲ့၊ ကျွန်မကမိန်းမသားမဟုတ်လား၊ အရှက်နဲ့ လူလုပ် နေရတာ၊ ရွာထဲကလူတွေသိသွားရင်လည်း ကျွန်မသိက္ခာကျမယ်လေ"

"အချိန်မီအောင်သူပြန်ပို့ပေးမှာပေါ့ဟာ၊ လိုက်မယ်ဆိုရင် လည်း လှည်းပေါ်တက်၊ အချိန်မရှိဘူး"

စိမ်းနွယ်က အဝတ်အစားပင်မလဲတော့ဘဲ ဒေါင်းပျံ၏လှည်းနှင့် ဖျဉ်းကိုးပင်ရွာသို့ လိုက်ပါလာခဲ့သည်။ နွားခလောက်သံတို့နှင့်အတူ ဖုံမှုန့် များက အလိပ်လိပ်ထကာ နောက်တွင်ကျန်ရစ်ခဲ့ကြလေသည်။

နေလုံးက တဖြည်းဖြည်းနှင့်တောက်ပမှုကင်းမဲ့ကာ အနောက်ဘက်သို့ ရောက်လာခဲ့သည်၊ စိမ်းနွယ်တို့သည် ဖျဉ်းကိုးပင်ရွာသို့ ရောက်လာကြ သည်၊ ဒေါင်းပျံက ရွာစွန်တွင်ရှိသောသူ့အိမ်ရှိရာသို့ စိမ်းနွယ်ကို ခေါ်လာ ခဲ့သည်၊

"ကိုဒေါင်းပျံ. . . ရှင်ပြောတော့ ကိုတိုးကျော်က ရှင့်အိမ်ထို သွားနှင့်ပြီဆို၊ အခုဘယ်မှာလဲ"

"ငါ့ကိုသွားနှင့်မယ်လို့ပြောတာ၊ သူလမ်းမှာဘယ်သူ့ဆီဝင် နေသလဲမှမသိတာ။ သူလာမှာပါဟာ"

"သူကလည်းကြာလိုက်တာနော်၊ အိမ်အပြန်နောက်ကျရင် အဖေ့ကို ပြောရခက်တော့မှာပဲ"

စိမ်းနွယ်ကစိုးရိမ်မကင်းသည့်လေသံဖြင့်ပြောနေသည်၊

"လာမှာပေါ့စိမ်းနွယ်ရယ်၊ နင်ကလည်း"

"ဟင်း"





စိမ်းနွယ်ကစိတ်ပျက်စွာဖြင့် သက်ပြင်းချနေသံကိုဒေါင်းပျံက ကြားလိုက်သည်၊

"ဘာဖြစ်လို့လဲစိမ်းနွယ်"

ဒေါင်းပျံကမေးသည်၊ စိမ်းနွယ်ကဒေါင်းပျံကို လက်ညှိုးထိုး ပြသည်၊

"ကိုထိုးရဲ့အဖေဦးအောင်ချမ်းလိုက်လာတယ်၊ ဘယ်လိုလုပ် ကြမလဲ"

စိမ်းနွယ်အသံက တုန်ခါနေသည်၊

"သွား. . . သွား. . . အခန်းထဲမှာသွားပုန်းနေလိုက်"

စိမ်းနွယ်ကအခန်းတွင်းသို့ ကပျာကယာပြေးဝင်သွားသည်၊

"ဟော့ကောင်ဒေါင်းပျံ၊ ဘယ်မလဲကောင်မလေး၊ မင်းတဝါ ငါ့သားတိုးကျော်ကို မြှောက်ပေးတယ်ပေါ့ဟုတ်လား"

ဦးအောင်ချမ်းက ဒေါင်းပျံကိုမျက်စိတစ်ဖက်မှိတ်ပြရင်း ပြောသည်၊ ဒေါင်းပျံက သူ့ဆရာ၏သဘောထားကိုသိနေသဖြင့်

"ဟို. . . ဟို. . . ကျွန်တော့်ကို ဆရာ့သားတိုးကျော်ကခိုင်းလို့ ကြောက်ပြီးလုပ်ပေးရတာပါ၊ စိမ်းနွယ်အခန်းထဲမှာရှိပါတယ်ဆရာ"

ဦးအောင်ချမ်းက စိမ်းနွယ်ရှိနေသောအခန်းထဲသို့ဝင်သွားသည်၊ စိမ်းနွယ်က အခန်းထောင့်တွင်မျက်နှာငယ်လေးနှင့်ထိုင်နေသည်၊ ဦးအောင် ချမ်းက စိမ်းနွယ်ကိုကြည့်လိုက်သည်၊

"ငါ့သားကသဘောကျမယ်ဆိုရင်လည်းကျစရာပဲ၊ ကောင်မ လေးက ငယ်ငယ်တုန်းကနဲ့မတူဘဲ တစ်သွေးတစ်မွေးနဲ့အတော့်ကိုလှတာပဲ၊ ချစ်စရာလေး၊ ဘာပဲဖြစ်ဖြစ် ငါ့သားကိုအသိုင်းအဝိုင်း အဆင့်အတန်းချင်း တူညီတဲ့ဒီကောင်မလေးနဲ့ ပေးစားလို့မဖြစ်ဘူး။ မဖြစ်ဖြစ်အောင်ခွဲပစ်ရမယ်"

ဦးအောင်ချမ်းက သူ့အတွေးဆုံးသည်နှင့် စိမ်းနွယ်ရှိရာသို့ လျှောက် လှမ်းလာသည်၊

"ကောင်မလေး၊ မင်း ငါ့ကိုသိပ်ကြောက်နေသလား"

စိမ်းနွယ်က ခေါင်းညိတ်၍ပြသည်၊ စိမ်းနွယ်မှာ ဦးအောင်ချမ်းတို့ ကြောက်ရွံလွန်း၍ တစ်ကိုယ်လုံးတဆတ်ဆတ်နှင့်တုန်နေသည်၊

"စိမ်းနွယ်ဟာ ကြွေရုပ်လေးတစ်ရုပ်ပမာချောမောလှပတဲ့ ကောင်မလေးပဲ၊ ဒီအချိန်မှာကောင်မလေးနဲ့ပျော်လိုက်ရရင် ဘယ်သူမှသိမှာ မဟုတ်ဘူး၊ ဒေါင်းပျံက ငါ့တပည့်၊ စိတ်ချရတဲ့လူရင်းပဲ"

ဦးအောင်ချမ်းက စိမ်းနွယ်ကိုကြည့်နေရင်း မရိုးမသားစိတ်များ



www.burmeseclassic.com

 www.burmeseclassic.com

ခွဲစ်ပေါ်လာကာ တွေးနေမိသည်။ ဦးအောင်ချမ်းမှာလာရင်းကိစ္စကို မေ့သွားပြီး စိတ်တွေပြောင်းလဲစပြုလာသည်။ စိမ်းနွယ်၏ကိုယ်လုံးလေးကို အတင်းပွေ့ဖက်ထားလိုက်သည်။

"လွှတ် . . . လွှတ်ပါ။ မသင့်တော်ပါဘူးဦးလေးရယ်။ မသင့်တော်ပါဘူး"

စိမ်းနွယ်က မည်သို့ပင်တောင်းပန်ခဲ့သော်လည်း ရာဂစိတ် ရိုင်းပူးဘပ်နေသောဦးအောင်ချမ်းက စိမ်းနွယ်၏ဘဝကိုအနိုင်ယူလိုက်သည်။ သူ့ဝစ္စာ ပျံသန်းနေသောလိပ်ပြာလေးတစ်ကောင်သည် အိမ်မြှောင်၏ စားသောက်ခြင်းကို ခံရဆည့်ပမာဖြစ်သွားသည်။ စိမ်းနွယ်က ဝမ်းနည်းပြီး ငိုရှိုက်နေသည်။ ဦးအောင်ချမ်းက အောင်မြင်သူ၏အပြုံးမျိုးဖြင့် စိမ်းနွယ်ကို ကြည့်နေသည်။ ဦးအောင်ချမ်းက အခန်းအပြင်သို့ထွက်လာသည်။

"ဒေါင်းပျံ၊ ဒီကိစ္စကိုဘယ်သူ့မှမသိစေနဲ့။ မင်း ငါ့အပေါ် သစ္စာရှိပါ၊ မင်းနဲ့ကောင်မလေးတို့ရဲ့စားဝတ်နေရေးကို ငါလုံးဝ တာဝန်ယူတယ်"

"ဟုတ် . . . ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်ကိုစိတ်ချစမ်းပါ"

"ရွာထဲမှာ စိမ်းနွယ်ကိုမင်းခိုးသွားတယ်လို့ ငါသတင်းလွှင့်လိုက်မယ်။ ဒီနေ့ကစပြီး စိမ်းနွယ်ကို ပေါင်းသင်းပေတော့ဒေါင်းပျံ"

ဦးအောင်ချမ်းက ဒေါင်းပျံကိုငွေစက္ကူတစ်ထပ်ထုတ်ပေးပြီး

"ဒါမင်းတို့ကို ငါလက်ဖွဲ့တာ"

"ဗျာ"

ဒေါင်းပျံက ငွေစက္ကူများကိုလှမ်းယူသည်။ သူ့လက်နှစ်ဖက် ကတုန်ရီနေသည်။

"ကဲ . . . ငါသွားတော့မယ်။ ဒီရက်ထဲမှာကောင်မလေးကို ဂရုတ်ခြေမပြတ်စောင့်ကြည့်ထား။ အလွှတ်မပေးနဲ့။ ထွက်ပြေးသွားရင် မင်းရောငါရော ဒုက္ခရောက်လိမ့်မယ်"

"ဟုတ်ကဲ့ဆရာ"

ဦးအောင်ချမ်းက တဲအတွင်းမှထွက်သွားသည်။ ဒေါင်းပျံက ငွေစက္ကူများကိုကြည့်ပြီး တစ်စုံတစ်ရာကိုတွေးမိကာ ပြုံးနေလေ၏။

ဦးအောင်ချမ်းက အိမ်သို့ပြန်ရောက်လာသည်။ တိုးကျော်က မြို့ဝစွာ စောင့်နေသည်။

"အဖေက ဘယ်သွားနေတာလဲ။ မိုးချုပ်မှပြန်လာတယ်"





"ဒေါင်းပျံဆိုတဲ့ကောင်ကို မနက်ကတည်းက ရွာမကျေ့ ဘိုယ့်ဘာသာလှည်းမောင်းပြီး တစ်ဖက်ရွာမှာ စပါးကြွေးသွားတောင်းတာ အခုရွာကိုပြန်လာတော့ ဒေါင်းပျံသတင်းကိုကြားရတော့တာပဲ"

"ကိုဒေါင်းပျံဘာဖြစ်လို့လဲအဖေ"

"ဘာဖြစ်ရမှာလဲသားရယ်။ ရွာထဲကသူရင်းငှားအေးမောင်ရဲ့ သမီးစိမ်းနွယ်ကို အတင်းခိုးပြေးသွားတယ်လေ"

"ဗျာ"

တိုးကျော်အံ့ဩသွားသည်။

"ငါ့သားနဲ့စိမ်းနွယ်တို့လူငယ်သဘာဝ ချစ်ကြိုက်နေကြတာကို အဖေသိတယ်။ အဖေက ကိုယ်ခိုင်းစေဖူးတဲ့သူရင်းငှားဖြစ်ပေမယ့် သူတသမီးရှင်ဖြစ်နေတော့ အေးမောင်ဆီမှာ လူကြီးမိဘစုံရာနဲ့ တောင်းရမ်းပြီး သားနဲ့ပေးစားဖို့ စိတ်ကူးထားတာ အခုတော့"

"တောက်"

တိုးကျော်က ဒေါသဖြစ်နေသည်။

"သားလေးရယ်၊ ကိုယ့်အပေါ် သစ္စာမဲ့တဲ့မိန်းကလေးမျိုးကို စွန့်ပစ်လိုက်စမ်းပါကွယ်။ မေ့ပစ်လိုက်စမ်းပါ။ ဒေါင်းပျံအနေနဲ့တတော့ မိန်းကလေးကစရင် ယောကျ်ားပဲ ဘယ်ခံနိုင်မှာလဲ"

ဖခင်ဖြစ်သူပြောသမျှကို ခေါင်းငိုက်စိုက်ချကာ နားထောင်နေသော တိုးကျော်၏ရင်ထဲ၌ မချိသာအောင်ခံစားနေရရှာသည်။

"အောက်တန်းစားအခြေအမြစ်မရှိတဲ့သူတွေဟာ အချိန်ကျရင် ဘယ်လိုပဲဖြစ်ဖြစ် အောက်တန်းစားစိတ်ဓာတ်မွေးတာပဲ။ အဲဒါ ငါ့သား အစ်သက်လုံးမှတ်ထားပေတော့။ သားနဲ့မိန်းကလေးတို့ ချစ်ကြိုက်နေတဲ့ အကြောင်းကြားစတုန်းက အဖေသဘောမတူဖြစ်ပြီး အေးမောင်ကို သူ့သမီးနဲ့ ငါ့သားမပေးစားနိုင်ဘူးလို့ အဖေသွားပြောဦးမလို့ပဲ။ ဒါပေမယ့် ငါ့သားလေး မိတ်ဆင်းရဲနေတာကို အဖေမကြည့်ရက်လို့ မျိုသိပ်ထားခဲ့တယ်"

ဦးအောင်ချမ်းက သားဖြစ်သူကို တကယ်ချစ်သည့်ဖခင်တစ်ဦးဝဓာ ဟန်ဆောင်ပြောနေသည်ကို တိုးကျော်ကလုံးဝမသိရှာပေ။

"ဒေါင်းပျံက အဖေရဲ့တပည့်သားမြေးဆိုတော့လည်း အဖေ့မှာ တာဝန်ကရှိပြန်ရော။ ဘယ်လိုပဲဖြစ်ဖြစ် တင့်တယ်အောင်တော့ လုပ်ပေးရမှာမယ်။ ဒါကိုတော့ သားနားလည်ပေးပါ။ ဘာမှတွေးမနေနဲ့တော့သား မိန်းကလေးထက် အစစအရာရာသာတဲ့မိန်းကလေးကိုရှာပေးပြီး ငါ့သားနဲ့



www.burmeseclassic.com

ပေးစားမယ်။ ဥစ္စာပေါရုပ်ချောဖြစ်စေရမယ်။ သူကြင်မှကိုယ်ကြင်သဘောထားလိုက်စမ်းပါသားရယ်။ ရင်ထဲမှာ ဘာမှခံစားမနေနဲ့။ သူမွဲချင်လို့ပြာပုံတိုးတာဝဲလို့ အောက်မေ့လိုက်။ အဖေက လူကြီးမိဘဆိုတော့ မကောင်းသေးဘူး။ အေးမောင် ဆီသွားလိုက်ဦးမယ်"

ဦးအောင်ချမ်းအိမ်ပေါ်မှဆင်းသွားသည်။ တပည့်အပေါ် တာဝန်ကျေလွန်းသည်ဟု ဦးအောင်ချမ်းအား ထောင့်ကြီးရွာတစ်ရွာလုံးက ချီးမွမ်းကြပေဦးတော့မည်မှာအမှန်ပင်။ ထို့အတူ ပြစ်မျိုးမဲ့ မထင်လှပသော စိမ်းနွယ်ကို ဦးအောင်ချမ်း၏တပည့်ဒေါင်းပျံက ခိုးယူသွားသည်ဟူသော သတင်းမှာလည်း ထောင့်ကြီးရွာတွင်သာမက အခြားရွာများသို့တိုင် ပျံ့နှံ့သွားမည်မှာအသေအချာပင်။

ဦးအောင်ချမ်း၏သားတိုးကျော်မှာမူကား စိမ်းနွယ်အားသစ္စာမရှိသောချစ်သူအဖြစ်သတ်မှတ်ကာ နာကြည်းသွားလေတော့၏။

ဒေါင်းပျံက ထမင်းပန်းကန်ထဲတွင်ဟင်းကိုပုံပြီး စိမ်းနွယ်ထံသို့ယူလာသည်။ စိမ်းနွယ်က အခန်းထဲမှမထွက်။ နေ့မအိပ်ညမအိပ်ဘဲထိုင်၍သာငိုနေသည်။

အခန်းထဲသို့ ဒေါင်းပျံဝင်လာမှန်းသိတော့ စိမ်းနွယ်ကအံကိုတင်းတင်းကြိတ်လိုက်သည်။ ပါးပြင်ပေါ်မှမျက်ရည်များကိုသုတ်ရင်း မျက်နှာကို တင်းမာထားသည်။ ဒေါင်းပျံက စိမ်းနွယ်၏ဘေးနားတွင် လာ၍ထိုင်သည်။

"စိမ်းနွယ် . . . ရော့၊ စားလိုက်ဦး၊ နင် ဒီလိုထမင်းမစားဟင်းမစားနဲ့ မအိပ်ဘဲနေရင် နင်သေသွားလိမ့်မယ်"

ဒေါင်းပျံကစိမ်းနွယ်မျက်နှာကိုကြည့်ရင်းပြောသည်။

"ကျွန်မဘာသာကျွန်မသေသွားရင် သေသွားပါစေ၊ ရှင့်အပူမပါပါဘူး"

စိမ်းနွယ်က ဒေါသသံဖြင့်ပြောသည်။ ဒေါင်းပျံနှင့်ပို၍ဝေးအောင်နေရာရွှေ့၍ထိုင်သည်။

"ငါမပူလို့လို့ရမလားဟ၊ နင်က ငါ့မိန်းမဖြစ်နေပြီပဲ"

ဒေါင်းပျံက ထမင်းပန်းကန်ကို ဝါးကြမ်းခင်းပေါ်သို့ချပြီး စိမ်းနွယ်အနားသို့တိုးကပ်လာရင်းပြောသည်။

"ဒီမှာကိုဒေါင်းပျံ၊ တစ်ရှက်ကနှစ်ရှက်အဖြစ်မခံနိုင်လို့ ကျွန်မအောင့်အီးပြီးနေရတာ၊ တစ်ရက်မှစိတ်မချမ်းသာဘူးသိလား"





"ငါ့ခါရာကြောင့် နင့်ဘဝညှိုးနွမ်းခဲ့ရတာကိုငါသိပါတယ်၊ နင့်ကို ငါသနားတယ်၊ အဲဒါကြောင့် မယားမှတ်မှတ်သားမှတ်ခဲ့တော် ပေါင်းသင်းဖို့ငါစိတ်ကူးထားပါတယ်။ ငါ့ကြောင့် နင်စိတ်မဆင်းရဲစေရပါဘူး။ နင့်ကို ငါသနားစိတ်နဲ့ချစ်လာမိတယ်။ သိလား စိမ်းနွယ်"

ဒေါင်းပျံကစိမ်းနွယ်၏လက်မောင်းကိုဆုပ်ကိုင်ထားရင်းမှ ပြောသည်။ စိမ်းနွယ်က အတင်းရုန်းကန်ရာလွတ်သွားသည်။

"ကျုပ်သေချင်တာပဲသိတယ်၊ ရှင်နဲ့ရှင့်ဆရာဦးအောင်ချမ်း ဘို့တို့ ကျွန်မတစ်သက်မပြောနဲ့။ ဆယ်သက်မကျေဘူး။ ဆယ်သက် မကျေဘူး သိရဲ့လား"

"နင်ကလည်းဟာ"

"ကိုဒေါင်းပျံ၊ ကျွန်မတစ်ယောက်တည်း အခန်းထဲမှာနေပါရစေ၊ ရှင်သွားတော့၊ သွားပါတော့"

စိမ်းနွယ်က ဒေါသသံဖြင့်ပြောသည်။ ထို့နောက် . . .

"ဝှမ်း"

ဝါးကြမ်းခင်းပေါ်မှထမင်းပန်းကန်ကိုယူ၍ အခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။ ဒေါင်းပျံမှာ အခန်းထဲမှထွက်လာခဲ့သည်။

ထို့နောက်ပိုင်းတွင် ဒေါင်းပျံနှင့်စိမ်းနွယ်တို့မှာ သုံးလမျှ ပေါင်းသင်းခဲ့ပြီး မှောင်ရိပ်ဖုံးစတစ်နေ့တွင် စိမ်းနွယ်သည် သူ့ကိုယ်သူသတ်သေသွားခဲ့လေသည်။

"ဖြစ်ရလေစိမ်းနွယ်ရယ်"

ဒေါင်းပျံက စိမ်းနွယ်အပေါ် သံယောဇဉ်တွယ်လာခဲ့သည်ဖြစ်ရာ အလွန်စိတ်မကောင်းဖြစ်သွားလေသည်။ သေဆုံးသွားသောစိမ်းနွယ်အား ဦးအောင်ချမ်းကတာဝန်ယူ၍ ပျဉ်းကိုးပင်သင်္ချိုင်း၌မြှုပ်နှံ သင်္ဂြိုဟ်ပေးခဲ့လေသည်။

ထိုစဉ်အချိန်ကာလက ဦးအောင်ချမ်းမှာ ပုလိပ်သားမှအစ ရာဇဝတ်ဝန်ထောက်အထိ ပေါက်ရောက်သူဖြစ်ရာ စိမ်းနွယ်၏အဖြစ်မှာ ကိုလိုနီခေတ်၌ မထင်မရှားနှင့်ပြီးဆုံးသွားခဲ့လေသည်။

ဒေါင်းပျံမှာ မထင်မှတ်ဘဲဇနီးမယားဖြစ်ခဲ့ရသော စိမ်းနွယ်အပေါ် နွဲလန်းစိတ်ဖြင့် အရက်ကိုသာသောက်နေမိလေသည်။ ဦးအောင်ချမ်းကလည်း ဒေါင်းပျံကသစ္စာဖောက်မည်ကိုစိုးရိမ်သဖြင့် လစဉ်ထောက်ပံ့ငွေ ပေးခဲ့သည်။ အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုသေဆုံးသွားသောစိမ်းနွယ်က ဦးအောင်ချမ်းနှင့်ဒေါင်းပျံတို့ထိုး ချောက်လှန့်နေသဖြင့် သူတို့နှစ်ဦးစလုံးသွေးပျက်နေကြလေသည်။

ဦးအောင်ချမ်းက သူ့ဘေးတွင် နှစ်ခြိုက်စွာအိပ်ပျော်နေသော ဒေါင်းပျံကိုကြည့်ပြီး သက်ပြင်းချသည်။ သူတို့နှစ်ဦးကို စိမ်းနွယ်က ရှေ့ဆက် ပြီးမည်သို့ ချောက်လှန့်နေဦးမည်ကိုတွေးပြီး ကြောက်လန့်နေမိလေသည်။ အထူးသဖြင့် ဒေါင်းပျံကဲ့သို့ပင် ညအမှောင်သို့ရောက်မည်ကို ဦးအောင်ချမ်း ပိုးရိမ်နေမိသည်။ သူတို့နှစ်ယောက်တွေ့ကြုံနေရသည်များကို သားဖြစ်သူ တိုးကျော်ကိုလည်း မသိစေချင်သဖြင့် အိန္ဒြေမပျက်အောင်နေရသော သူ့ဘဝကို ဦးအောင်ချမ်း စိတ်ပျက်လာမိသည်။

♦♦♦



## အခန်း (၁၄)
## ဒေါင်းပျံ၏ဘဝနိဂုံး

တစ်ညတွင် ဦးအောင်ချမ်းထံသို့ စိမ်းနွယ်ရောက်လာ၏။ စိမ်းနွယ်တ ခံဝင်ကိုဖားလျားချထားသည်။ ဦးအောင်ချမ်းက စိမ်းနွယ်ကိုမြင်လိုက်ရ သည်နှင့် မျက်လုံးပြူးကျယ်သွားသည်။

"စိမ်း. . . စိမ်းနွယ်၊ နင် ငါ့ဆီကိုဘာလာလုပ်ပြန်တာလဲ။ သွား. . . အခုငါ့အခန်းထဲကထွက်သွား"

ဦးအောင်ချမ်းက ကြောက်လန့်တကြားနှင့် မောင်းထုတ်နေသည်။

"မသွားဘူး. . . မသွားဘူး၊ ရှင့်လိုလူယုတ်မာကြီးကို သတိ ပေးရအောင်လာတာ၊ ကိုတိုးကျော်ရဲ့မင်္ဂလာပွဲမတိုင်ခင် ရှင်နဲ့ရှင့် တစည် ဒေါင်းပျံကို သတ်ပစ်မယ်ကြားလား၊ လူယုတ်မာကြီးတွေ သတိထား နေကြပေတော့"

"ငါ့ကိုချမ်းသာပေးပါ။ ငါ့ကိုချမ်းသာပေးပါ စိမ်းနွယ်ရယ်။ ငါ့ကို မသတ်ပါနဲ့၊ ငါ့ကိုမသတ်ပါနဲ့"

ဦးအောင်ချမ်းက ခြေကားရားလက်ကားရားဖြင့် စိမ်းနွယ်တို့ တောင်းပန်နေသည်။ ဦးအောင်ချမ်း၏ အော်ဟစ်နေသံက ညအမှောင်တွင် ပဲ့လွင့်သွားသည်။

"ငါ့. . . ငါ့ကိုမသတ်ပါနဲ့၊ ချမ်းသာပေးပါ"

အခန်းထဲသို့ ဒေါင်းပျံ၊ သန်းလွင်နှင့်တိုးကျော်တို့အပြေးအလွှား ရောက်လာကြသည်။ ဦးအောင်ချမ်းက အိပ်ရာထဲတွင် ခွေပဲ့အားရှင်း အော်ဟစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

"အဖေ. . . ဘာဖြစ်လို့လဲအဖေ"

"ဆရာ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

တိုးကျော်က လှုပ်နိုးသဖြင့် ဦးအောင်ချမ်းလန့်နိုးသွားသည်။ မျက်နှာတွင် ချွေးသီးချွေးပေါက်များထွက်နေသည်။

"အဖေဘာဖြစ်တာလဲ"

"ဟို. . . ဟို. . . ငါအိပ်မက်မက်နေတာပါ။ အိပ်မက်က တကယ်ကြောက်စရာကောင်းလိုက်တာ။ ငါဒီည မအိပ်တော့ဘူး။ မအိပ်ရဲတော့ဘူး"

ဦးအောင်ချမ်းမှာ တုန်လှုပ်ချောက်ချားနေသည်။

"အဖေကလည်း အိပ်မက်ပဲ ဘာကြောက်စရာရှိလို့လဲ။ အိပ်မက်က ဘယ်လိုမက်လို့လဲအဖေ"

တိုးကျော်ကမေးသည်။ ဦးအောင်ချမ်းမြင်မက်သောအိပ်မက်တို့ ဒေါင်းပျံကရိပ်စားမိသွားသည်မို့ မျက်နှာမထားတတ်အောင် ဖြစ်နေသည်။

"မင်းကို ငါဘယ်လိုဖြေရမလဲ။ အိပ်မက်မက်ပါတယ်ဆိုမှ ခက်တာပဲ။ ကြောက်စရာကောင်းတဲ့အိပ်မက်ပေါ့။ အိပ်မက်ထဲမှာ မကောင်းဆိုးဝါးတွေနဲ့တွေ့တာ၊ ငါမအိပ်တော့ဘူး၊ အိပ်ရင်အဲဒီ မကောင်းဆိုးဝါးတ ငါ့ဆီကိုလာဦးမှာပဲ"

"ဘယ်လိုမကောင်းဆိုးဝါးလဲအဖေရဲ့၊ သားတို့နားလည်အောင် ပြောပြဦးမှပေါ့"

တိုးကျော်ကသိချင်၍မေးနေသည်။

"ဟာ. . . သားကလည်း ကြောက်စရာကောင်းကြီးတွေက အဖေ့ကိုလိုက်သတ်နေတာ။ အားပါးပါး ပြောရင်းတောင်ကြက်သီးထွေ ထလာမိတယ်။ သန်းလွင် မင်းသံချောင်းကိုနှိုးပြီး အရက်နဲ့အမြည်းလုပ်လာခဲ့ မကြာစေနဲ့"

"ဟုတ်ကဲ့"

တိုးကျော်က ခေါင်းကိုဘယ်ညာခါရမ်းရင်း သက်ပြင်းကိုချ နေသည်။ သန်းလွင်က အခန်းထဲမှထွက်သွားသည်။ တိုးကျော်သည် အကြောက်ကြီး ကြောက်နေသော ဖခင်ဖြစ်သူကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေ လေသည်။

ဒေါင်းပျံက ဦးအောင်ချမ်း၏အဖြစ်ကို သဘောပေါက်နေသူ ဖြစ်ရကား အခန်းထဲသို့မလုံမလဲကြည့်နေရင်း ရေနံဆီမီးအိမ်ရှိရာသို့





သွားကာ မီးစာကိုမြှင့်လိုက်သည်။

မီးရောင်ကအခန်းတွင်ဝယ် လင်းထိန်သွားခဲ့သော်လည်း အိမ် အပြင်ဘက်တွင် အမှောင်ထုကသိပ်သည်းနေလေသည်။

သံချောင်းနှင့်သန်းလွင်က အရက်ပုလင်းနှင့်အမြည်းများကို ယူလာ သည်။

"အဖေ အရက်လျှော့သောက်ဦးနော်၊ ကိုယ့်အသက်အရွယ်ကို သတိထား။ သူတို့နဲ့ပြိုင်ပြီးသောက်မနေနဲ့"

တိုးကျော်ကပြောပြီးအောက်ထပ်သို့ဆင်းသွားသည်။ သန်းလွင် တလည်း အောက်ထပ်တွင်လုပ်စရာများရှိသေး၍ တိုးကျော်၏ နောက်မှ လိုက်သွားသည်။ ဦးအောင်ချမ်း၊ ဒေါင်းပျံ၊ သံချောင်းတို့က အရက် သောက်ရင်းတိုးတိုးပြောနေကြသည်။

"ငါတော့ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး သံချောင်း ရယ်၊ ငါသတ္တိမနည်းပါဘူး။ ဒါပေမယ့် အိပ်မက်ထဲကအတိုင်း စိမ်းနွယ်တ ငါတို့နှစ်ယောက်ကို လက်စားချေမလားမသိဘူး"

ဦးအောင်ချမ်းက အမြည်းစားနေရင်းမှပြောသည်။

"စိမ်းနွယ်ကို ဆရာ့စိတ်ထဲကမမေ့ပစ်လိုက်ပါ။ စိတ်အစွဲအလန်း ကြီးလို့လည်း အိပ်မက်ဆိုးတွေမက်နေတာဖြစ်လိမ့်မယ်ဆရာ"

"စိမ်းနွယ်ကိုအမြဲသတိရနေမိတာတော့အမှန်ပဲ"

"တကယ်လို့အိပ်မက်ထဲကအတိုင်းအမှန်ဖြစ်လာရင်တော့ တိုးကျော်မင်္ဂလာပွဲပြီးရင် ကျွန်တော်ကြားဖူးတဲ့အတိုင်းတစ်ခုခုလုပ်ကြတာ ပေါ့"

"မင်းကောင်းသလိုလုပ်ကွာသံချောင်း၊ မင်းပြောတာဟုတ်တော့ ငါ့သားမင်္ဂလာပွဲပြီးရင်လုပ်ကြည့်ကြတာပေါ့"

မကြာမီ တိုးကျော်နှင့်မမြသက်တို့၏မင်္ဂလာပွဲကိုကျင်းပခဲ့သည်။ ဧည့်ဝက်မိဘများမှာ မျက်နှာကြီးပိုင်း ချမ်းသာကြွယ်ဝသူများဖြစ်၍ တိုးကျော်နှင့်မမြသက်တို့၏မင်္ဂလာပွဲမှာ အထူးစည်ကားခဲ့လေသည်။ သတို့ဖွဲ့ကြေးနှင့် မင်္ဂလာလက်ဆောင်ပစ္စည်းများရလိုက်သည်မှာ မနည်း လှပေ။

မိတဆိုးသားလေး၏ မင်္ဂလာပွဲထမြောက်အောင်မြင်သွားသဖြင့် ဦးအောင်ချမ်းမှာပျော်ရွှင်ပြီး ပီတိဖြစ်နေရှာသည်။

အချိန်တို့က တရွေ့ရွေ့ကုန်ဆုံးသွားသည်နှင့်အမျှ မင်္ဂလာဆောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မဏ္ဍပ်အတွင်းတွင် ပရိသတ်များကျဲပါးသွားခဲ့သည်။ ကိုးကျော်နှင့် မမြသက်တို့၏ မင်္ဂလာပွဲကို သတို့သမီး၏မိဘများအိမ်ရှေ့တွင် ကျင်းပခြင်းဖြစ်သည်။ ညနေစောင်းသည်နှင့် ဦးအောင်ချမ်းက သူ့အိမ်သို့ပြန်ချင်နေသည်။ ဟိုး အရင်တစ်ခါရွာသို့ပြန်စဉ်က မြစ်ထဲတွင် လှေမှောက်ခဲ့သည်ကို ဦးအောင်ချမ်းတာ သတိရနေသည်။

"ဒေါ်ငုံးပုံရေ . . . တို့လည်းမိုးမချုပ်ခင်စားသောက်ပြီး ရွာပြန်ကြရအောင်"

"ဟုတ်ကဲ့ဆရာ"

ထိုအချိန်တွင်

"ကျွဲ . . . ကျွဲလွတ်သွားလို့သတိထားကြပါဗျို့၊ ကျွဲက ကျွဲဆိုးဖြစ်နေလို့"

ရွာသားတစ်ဦး၏အော်ဟစ်ပြောဆိုသံကို ဦးအောင်ချမ်း၊ ဒေါ်ငုံးပုံနှင့် မင်္ဂလာပွဲမဏ္ဍပ်ထဲတွင် ထိုင်နေသူအချို့တို့ကြားလိုက်ရသည်။ အော်ဟစ်သံနှင့်မရှေးမနှောင်းမှာပင် မင်္ဂလာဆောင်မဏ္ဍပ်အတွင်းသို့ ကျွဲကြီးတစ်ကောင်ဝင်ရောက်လာပြီး ရပ်နေသောဒေါ်ငုံးပုံအား ဦးချိုဖြင့် ခတ်လိုက်လေသည်။

ရုတ်တရက်ဖြစ်၍ ဒေါ်ငုံးပုံမှာ ရှောင်တိမ်းခွင့်မရတော့ချေ။ ကျွဲဆိုးကြီးသည် ဒေါ်ငုံးပုံကိုခတ်ပြီးသည်နှင့် မဏ္ဍပ်အတွင်းမှတွေ့သမျှ ပစ္စည်းများကို သိမ်းကြုံးခတ်နေလေသည်။

စိတ်ထင်တိုင်းခတ်ပြီးနောက် ကျွဲဆိုးကြီးမှ မဏ္ဍပ်အတွင်းမှ ပြေးလွှားထွက်ခွာသွားလေသည်။

သွေးအိုင်ထဲတွင်မရှုမလှ သေဆုံးနေသောတပည့်ဖြစ်သူ ဒေါ်ငုံးပုံကိုကြည့်ပြီး ဦးအောင်ချမ်းမှာ ကြောက်ရွံ့တုန်လှုပ်နေသည်။ မင်္ဂလာပွဲ ကျင်းပခဲ့သည့် မဏ္ဍပ်အတွင်းမှာ မင်္ဂလာမဲ့စွာ အနဌာရုံအဖြစ် လွှမ်းမိုးသွားခဲ့သည်။

"ဖြစ်ရလေ ဒေါ်ငုံးပုံရယ်၊ အဖြစ်ဆိုးလိုက်တာ"

ဦးအောင်ချမ်းက ဒေါ်ငုံးပုံ၏အလောင်းကို ရွာသို့ပြန်သယ်လာခဲ့ပြီး သူ့အိမ်မှာပင်အသုဘကိစ္စများကို ဆောင်ရွက်သည်။ ရွာအပြင်သုသာန်တွင် ဒေါ်ငုံးပုံ၏အလောင်းကို ကောင်းမွန်စွာသဂြိုဟ်ပေးခဲ့သည်။ (၇)ရက်ပြည့်သော နေ့တွင် ဒေါ်ငုံးပုံအားရည်စူးပြီး ဆွမ်းကျွေးကာ သပိတ်သွတ်ပေးခဲ့သည်။

◆◆◆



## အခန်း (၁၅)
## သေသူနှစ်ယောက်ကိုအမျှပေးဝေခြင်း

BURMESE CLASSIC

သီတင်းတစ်ပတ်ခန့်ကြာသောအခါ ဦးအောင်ချမ်းက ပျဉ်းကိုးပင်ရွာမှဘုန်းတော်ကြီးထံသို့သွားရောက်၍ တပည့်ဖြစ်သူဒေါ်ငုံးပုံနှင့် သူ့ဇနီး စိမ်းနွယ်တို့ ဇနီးမောင်နှံအတွက် အလှူဒါနပြုကာရေစက်ချ အမျှပေးဝေလိုကြောင်း လျှောက်ထားခဲ့သည်။

"ကောင်းတာပေါ့ကွယ်၊ ကိုယ့်တပည့်သားမြေးအတွက် ဒကာကြီးက အကုန်အကျခံပြီး ဆွမ်းကျွေးအမျှဝေတယ်ဆိုတာ ကောင်းမြတ်တဲ့ အစီအစဉ်ပါပဲ"

ထိုသို့လျှောက်တင်ခဲ့ပြီးမကြာမီမှာပင် ပျဉ်းကိုးပင်ရွာစွန်ရှိ ဒေါ်ငုံးပုံ၏တဲအတွင်း၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကြွရောက်လာသော ဧည့်ပရိသတ်များအား တရားနာယူစေခဲ့သည်။ တရားနာ၍အပြီးတွင် ဦးအောင်ချမ်းကရေစက်ချကာ

"ဤသို့ပြုရသောကုသိုလ်ကောင်းမှုကို သုံးဆယ့်တစ်ဘုံတွင် ရှိသည့်ကြကုန်သောသတ္တဝါများနှင့်ဒေါ်ငုံးပုံ၊ စိမ်းနွယ်တို့ အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်သော်"

"သာဓု . . . သာဓု . . . သာဓု"

ဧည့်ပရိသတ်များ၏သာဓုခေါ်သံက တဲအပြင်သို့ပျံ့လွင့် ထွက်သွားသည်။

ထိုသို့ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ဦးအောင်ချမ်းထံသို့ အဘြောက်များအိပ်မက်ဆိုးများရောက်ရှိလာခြင်းမရှိတော့ချေ။

www.burmeseclassic.com

"သံချောင်း၊ ဒီအဖြစ်အပျက်အားလုံးကို မင်းလည်းမေ့လိုက်ပါတော့ကွာ။ အခုမှပဲ ငါလည်းစိတ်အေးလက်အေးနေနိုင်တော့တယ်။ တကယ်ဆိုရင် ငါ့ရဲ့လူမဆန်တဲ့လုပ်ရပ်အတွက် ငါကိုယ်ငါလည်း နောင်တရမိပါရဲ့ကွာ"

သို့သော် သူကျူးလွန်ခဲ့ပြီးသောအဖြစ်နှင့် နောက်မှရခဲ့သော နောင်တတရားက ကျူးလွန်ခဲ့သောအပြစ်တို့ကို ပြန်လည်ပြုပြင်မရနိုင်တော့သည်ကိုမူ ဦးအောင်ချမ်းမေ့လျော့နေခဲ့ဟန်တူခဲ့လေသည်။

အချိန်ရာသီတို့က တရွေ့ရွေ့နှင့်ကုန်ဆုံးသွားခဲ့လေသည်။

ဇရာက ဦးအောင်ချမ်းအားထုထောင်းနှိပ်စက်ခဲ့၍ ဦးအောင်ချမ်းမှာ အိုမင်းရင့်ရော်ချိန်သို့ရောက်လာခဲ့ပေပြီ။

ဦးအောင်ချမ်းက ၎င်းပိုင်ဆိုင်သော အမွေပစ္စည်းအားလုံးကို သားဖြစ်သူအားပေးအပ်ခဲ့သည်၊ သားဖြစ်သူတိုးကျော်နှင့်ချွေးမ မမြသက်တို့က မွေးဖွားခဲ့သည့်အရွယ်ရောက်နေပြီဖြစ်သော မြေးဖြစ်သူ မောင်စန်းလွင်ကိုအိမ်ထောင်ချပေးစေလိုခဲ့သည်။

ဦးအောင်ချမ်း၏ဆန္ဒအတိုင်းပင် သားဖြစ်သူတိုးကျော်နှင့် ချွေးမ မမြသက်တို့ကလည်း ပျဉ်းကိုးပင်ရွာမှ သူတို့သားမောင်စန်းလွင်၏ချစ်သူကို မမြင်တွေ့ရသေးသော်လည်း လက်ထပ်ထိမ်းမြားပေးရန် သဘောတူခဲ့လေသည်။

နဝိုကပင် အနေအထိုင်အေးဆေးသောတိုးကျော်တို့ဇနီးမောင်နှံက သားဖြစ်သူအား ပျဉ်းကိုးပင်ရွာမှ မိန်းကလေးနှင့်စေ့စပ် ကြောင်းလမ်းခွင့်ပြုလိုက်သည်။

မောင်စန်းလွင်၏အဘိုးဦးအောင်ချမ်းမှာ အရွယ်လွန်ဇရာထောင်းနေသည့်အချိန်ဖြစ်သည့်အပြင် အဆင့်အတန်းခွဲခြားလိုစိတ်များလည်း လျော့ပါးသွားပြီဖြစ်သည်။

"ငါ့မြေးရဲ့ကောင်မလေးကို ဘိုးဘိုးတွေ့ချင်နေတာကြာပြီကွဲ့ ငါ့မြေးရဲ့။ ငါ့မြေးကလူချောဆိုတော့ ငါ့မြေးကိုကြိုက်တဲ့မိန်းကလေးကလည်း ချောချောလှလှလေးပဲနေမှာပါကွယ်"

ဦးအောင်ချမ်းကပြောရင်းရယ်နေသည်။

"ဘိုးဘိုးခန့်မှန်းတာသိပ်တော်တာပဲ၊ ဘိုးဘိုးတို့အံ့ဩသွားစေချင်လို့ ရွာကိုခေါ်မလာသေးတာ"

မောင်စန်းလွင်ကပြောသည်။





"အမေတို့အဖေတို့ကတော့ ဘယ်သူ့ကိုမှ အဆင့်အတန်းခွဲခြားပါဘူးကွယ်။ ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာ အစဉ်အမြဲမှ မဟုတ်နိုင်တာဘဲ။ သားသဘောကျတယ်ဆိုရင် အမေတို့က နှုတ်ခဲ့သဘောကျပြီးသားပါ"

"ဟုတ်တယ်သား၊ အဖေတို့မှာလယ်ယာအလုပ်၊ တုန်သည်အလုပ်တွေနဲ့ မအားလပ်တဲ့အတွက် သားချစ်သူမိန်းကလေးကို လိုက်ကြည့်ဖို့အခွင့်အရေးမပေးဘူး။ သားတို့ချင်းပေါင်းသင်းရမှာမို့ သားကြည့်ဖြို့ဝဲ အရေးကြီးတာပါ"

"ငါ့မြေးရဲ့မိန်းကလေးကို ဘိုးဘိုးနဲ့မင်းအဖေအမေတို့ မြင်တွေ့ဖူးအောင် ထမင်းစားဖိတ်ပြီး အိမ်ကိုခေါ်လာခဲ့ပါဦး"

"အင်း. . . ဘိုးဘိုးနဲ့ဖေဖေမေမေတို့က ဒီလောက်တောင်းဆိုနေမှတော့ သားမကြာခင်ခေါ်လာခဲ့ပါ့မယ်"

"အဲ့ဒီနေ့ကျရင် မင်းအမေကို ဟင်းကောင်းကောင်းတွေအများကြီးချက်ခိုင်းထား ငါ့မြေးရဲ့"

"ချွေးမလောင်းကို ချက်ကျွေးပါ့မယ်အဖေရယ်"

◆◆◆


www.burmeseclassic.com